www.dhammadownload.com




# ဒီအလုပ်နှင့်နေရစ်ကြပါ

ဟောကြားသည့်နေ့
(၁၄-၇-၆၂)

၉၃

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ် (၂) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့ တွင် ရနိုင်ပါသည်။
ဖုန်း – ၅၄၁၈၆၀

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့တွင် နောက်ဆုံးဟောကြားသော
တရားတော်

# ဒီအလုပ်နှင့်နေရစ်ကြပါ

(၁၄-၇-၆၂)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား အမှတ်စဉ် (၂) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

www.dhammadownload.com

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ဟောကြားဆုံးမ–တော်မူသော

ကပ်ကျော်တရားတော်

# ဇော (၇) ကြိမ်အကျိုးပေးပုံ

# အလုပ်စဉ်တရား

ဒေသနာတော်

အမှတ်စဉ် (၁)

ဒုတိယအကြိမ်

www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရား၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။
မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

အကြိမ် – တတိယအကြိမ်
အုပ်ရေ – ၃၀၀၀
ခုနှစ် – ၁၉၉၇ ခု၊ မေလ
တန်ဖိုး –

ထုတ်ဝေသူ– ဦးအောင်ချို (မြ–၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ်–၈၂၊ ဖုတ်မောက်လမ်း၊
ရန်ကုန်မြို့။

အတွင်းစာသားနှင့် အဖုံးပုံနှိပ်ခြင်း ဦးဝင်းအောင် (မြ–၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄၊ လမ်း (၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
က တာဝန်ခံ ပုံနှိပ်သည်။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ်
( ၄၄ / ၉၇ (၄) )
စာအုပ်မျက်နှာဖုံး ခွင့်ပြုချက် အမှတ်
( ၃၉ / ၉၇ (၄) )

www.dhammadownload.com

# နိဒါန်း

## (နမော ဗုဒ္ဓါယ သိဒ္ဓံ)

သဗ္ဗညု ရွှေဉာဏ်တော် အရှင်၏ အရာသာ ဖြစ်သောကံနှင့် အကျိုးပေးပုံကို မြတ်စွာဘုရား၏ သားတော်စစ်စစ် ကေန်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးက ကပ်ကျော် ဥပနိဿယပျို ညွှန်ပြ ထားခဲ့ပါသည်။

ဤဥပနိဿယပျို အတိုင်းကျင့်ကြံပွားများ အားထုတ်ပါကယခုဘဝ(၇)ရက်၊(၇)လ၊(၇)နှစ် အတွင်း စီးပွားဥစ္စာ ရတနာတို့ဖွံ့ဖြိုး တိုးတက်စေခြင်း၊ ကပ်သုံးပါးမှ ကျော်လွှားနိုင်စေခြင်းစသည့် ပစ္စုပ္ပန် ကောင်းကျိုးများပြင် သံသရာဝဋ်ဒုက္ခများမှလည်းလုံးဝ ဆိတ်သုဉ်းစေမည် ဖြစ်ပါသည်။

၂၅–၁၀–၆၀ နေ့တွင် အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၌ဟောကြားတော်မူခဲ့သည့် အသံသွင်းတရားတော်မှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ ဖတ်ရှုမှတ်သား ပွားများ အားထုတ်နိုင်ကြစေရန် ရည်သန်အပ်ပါသတည်း။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ၄၅–ဝါ တိုင်တိုင်လှည့်လည်ပြီ သတ္တဝါ ဝေနေယျများကို တရားရေအေးအကြိုက်ဆေး တိုက်ကျွေးတော် မူခဲ့ပေရာ သတ္တဝါ ဝေနေယျများအပေါ် 'မဟာ' မေတ္တာ ကရုဏာဖြင့် ဟောညွှန် ဆုံးမတော်မူလေသည်။ ဘုရားရှင်၏ မေတ္တာ ကရုဏာ ကြီးမားပုံကို ဘုရားရှင်မှာကြားသွားသည့် စကားတော်များက ဒထောက်ပြလျှက်

www.dhammadownload.com



ရှိသည်ဆိုပါမူ လွဲမည်မထင်ပါပေ။ (ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် 'သတိ၊ ပညာ' ဖြင့် နေရစ်ကြလော့)ဟု အကြိမ်ကြိမ် မှာကြားတော်မူခဲ့ပေသည်။ တစ်နည်းဆိုရသော်၊ သတိကြီးစွာဖြင့် အစဉ်အမြဲ ဝိပဿနာ တရားကျင့်ကြံအားထုတ် နေရစ်ကြဟု မှာတော်မူရှာခဲ့ပေသည်။

တစ်ခွန်းသောစကား အမှန်ကိုသာ မိန့်ကြားတော်မူလေ့ရှိသည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အကြိမ်ကြိမ် မှာကြားတော် မူခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် အလွန်အရေးကြီးသည့် သဘော၊ မေတ္တာ ကရုဏာ ကြီးမားလှသည့် သဘော ဆိုသည်ကို တွေးဆလျှင် သိနိုင်လောက်ပါသည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် 'သတိပညာ'ဖြင့် နေရစ်ကြဟု မှာကြားသွားတော်မူသည့် စကားအနက်အဓိပ္ပာယ်မှာ အလွန်မှပင် ကျယ်ဝန်းလှပေသော ပါဠိတော် အဋ္ဌကထာတို့မှ အနက်အဓိပ္ပာယ်ကို မိုးကုတ်ဆရာတော်ကြီးက ဝေနေယျသတ္တဝါများတို့ အတွက် ပါဠိမဖက် မြန်မာစကားပြေသက်သက်ဖြင့် ဝိပဿနာ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားတော် မူခဲ့လေသည်။

ဤတရားများ ကျင့်ကြံအားထုတ်ပွားများသူတိုင်းမှာ ဒိဘဝ ဒိခဏာ၌ပင် နိဗ္ဗာန်မျက်မှောက် ပြုနိုင်ကြသလို ၄င်းအပြင် ဤတရားများကို ကျင့်ကြံအားထုတ် သူတို့မှာ ဖြစ်ပျက်မြင်ပြီ

www.dhammadownload.com



ဆိုမှဖြင့် လက်တွေ့ဝိပဿနာ တရား၏ အကျိုးများလှပုံကို ဝိပဿနာတရားစာတတ်ခံရှိသူများအတွက် 'ကပ်ကျော်တရား' ဟု ကင်ပွန်းတပ်လျှက် ၂၅-၁၀-၆၁ ခုနေ့တွင် ဟောကြားတော်မူခဲ့ပေသည်။

'တစ်ချက်ခုတ် နှစ်ချက်ပြတ်' တရားဟူပင်၊ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူအုံးမည်ဆိုလျှင် မမှားနိုင်ပါ။

ဤတရားကို ဖတ်ရှုခြင်းအားဖြင့် ဝိပဿနာတရားသည် လူတိုင်းအတွက် 'အားကိုးရာ အစစ်' အမှန်ပင် ဖြစ်ပေသည်။

ဘုရားရှင် ဆုံးမစကား အစိပ္ပယ်ကို ကွင်းကွင်းကွက်ကွက် ထင်လွယ်၊ မြင်လွယ်အောင် ဟောကြား ဆုံးမသွားသည့် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ဦးထိပ်ပန်ဆင်လျှက် ဤတရားစာအုပ်ကို လက်မလွှတ်စတမ်း ဖတ်ရှုကြပါဟု တိုက်တွန်း လိုက်ရပေသတည်း။

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး
အဖွဲ့ အမှတ် ၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ ။

www.dhammadownload.com

www.dhammadownload.com

၂၅-၁၀-၆၁ ရက်နေ့

အမရပူရမြို့ မဂ်လာ တိုက်ဟောင်း

ကျေးရူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ဟောကြား ဆုံးမတော်မူသော

# ကပ်ကျော်တရားတော်

# ဇော (၇) ကြိမ်အကျိုးပေးပုံ

# အလုပ်စဉ်တရားဒေသနာတော်

❖ ❖ ❖

အားလုံး ဒကာဒကာမတွေ မိမိတို့၏ ဝိပဿနာအလုပ် လုပ်ဖို့ရာ ဘုန်းကြီးများကလည်း တိုက်တွန်းတယ်။

ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးကို များစေနိုင်တယ်လို့ မှတ်ရမယ်၊ အဲတော့ကို ဝိပဿနာတစ်ခါရှုလျှင် ဒီဘက်ကနေပြီး ဒကာဒကာမတွေက ကိုယ့်စိတ်ကလေးတစ်ခု ထားတာပေါ့၊ လောဘစိတ်ဖြစ်ဖြစ်၊ ဒေါသစိတ်ဖြစ်ဖြစ်၊ မောဟစိတ်ဖြစ်ဖြစ်၊ ဝိစိကိစ္ဆာစိတ်ဖြစ်ဖြစ်၊ ပြန့်လွင့်တဲ့စိတ်ဖြစ်ဖြစ် ထားတာပေါ့ ဦးလှဘူးတို့၊ ဒကာသိုက်တို့ရနော်..... (မှန်လှပါဘုရား)။

ဒါကလေးဟာ ဖြစ်ပြီးပျက်တာပဲလို့ ဆိုတာသည် မဂ္ဂင်က သိတာပဲ၊ မဂ္ဂင်ကသိတော့ ဘယ်နှစ်ခါ သိသတုံး ဆိုတာ ဒကာသိုက်တို့ ဦးလှဘူးတို့က မေးဖို့လိုတယ်၊ မဂင်က ဘယ်နှစ် ါ

www.dhammadownload.com



သိတုံးလို့ မေးလို့ရှိရင်ဖြင့် ပထမ တစ်နံပါတ် တစ်ခါသိတယ်၊ သိပြီး၊ တစ်နံပါတ်စိတ်ကလေး ချုပ်တာပဲ ..... (မှန်လှပါဘုရား) နောက် နှစ်နံပါတ်နဲ့ သိပြန်တယ် ..... (မှန်လှပါဘုရား) ကောင်းပြီ၊ ဒါဖြင့် နောက် ခုနစ်နံပါတ်နှင့် သိပြန်တယ်၊ ဒါဖြင့် ခုနစ်ခါသိတာပေါ့၊ ခုနစ်ခါ သိတယ်လို့ မှတ်ကြရမယ်၊ အဲဒီတော့ကို ဒကာဒကာမတွေ ဖြစ်ပျက်ကို တစ်ခါရှုလိုက်လို့ ရှိရင် သိတဲ့စိတ် ခုနစ်ကြိမ်ဖြစ်တယ်လို့ မှတ်ပါ၊ သိတဲ့စိတ် ဘယ်နှစ်ကြိမ်ပါလိမ့် ..... (ခုနစ်ကြိမ်ပါဘုရား) ခုနစ်ကြိမ် ဖြစ်တယ်လို့ မှတ်ထားရမယ်၊ ဒါဖြင့် ကျုပ်တို့ ဘယ်စိတ်ရှုရှု ဇောခုနစ်ကြိမ် ဖြစ်တယ်လို့ ဦးလှဘူးတို့၊ ဒကာသိုက်တို့က မှတ်ရလိမ့်မယ် ..... (မှန်လှပါဘုရား)။

ဘယ်အခါရှုရှု ဘယ်နှစ်ကြိမ်ဖြစ်ပါလိမ့် ..... (ခုနစ်ကြိမ် ဖြစ်ပါတယ်ဘုရား) ခုနစ်ကြိမ် ဖြစ်တယ်ဆိုတာ မှတ်ထားပါ၊ ဒီဉာဏ်ဇောတစ်ခုတည်း မဂ္ဂင်ရှစ်ပါးကိုက ဒကာဒကာမတို့ မဂ္ဂင်ငါးပါးနဲ့ ရှုလဲ ဒီထဲလဲမဂ္ဂင်ငါးပါးနဲ့ တစ်ကြိမ်၊ ဒါလဲ မဂ္ဂင်ငါးပါး နဲ့ ..... (တစ်ကြိမ်ပါဘုရား) ဘယ်နှစ်ကြိမ်ပါလိမ့်၊ အားလုံး ခုနစ်ကြိမ်ဖြစ်တယ်လို့မှတ်ထားရမယ်၊ မဂ္ဂင်ငါးပါးနဲ့ ရှုလဲခုနစ်ခါ ဖြစ်တယ်လို့ မှတ်ရမယ် ..... (မှန်လှပါဘုရား)။

သဘောကျပလား ..... (ကျပါတယ်ဘုရား) ကောင်းပြီ၊ ဒါဖြင့် ဩော် .....ဒို့ဝိပဿနာရှုတဲ့အခါကျတော့ ဝိပဿနာ မဂ်ဇောဟာ ခုနစ်ခါတောင် ဖြစ်ပါကလားလို့ ကိုယ့်စိတ်ထဲက

www.dhammadownload.com



မှတ်ထားရမယ် ..... (မှန်လှပါဘုရား) တစ်ခါရှုရင် ဘယ်နှစ်ခါ ဖြစ်သတုံး ..... (ခုနစ်ခါဖြစ်ပါတယ်ဘုရား) ဖြစ်ပျက်ကလေးကို မြင်တယ်ဆိုလို့ ရှိရင်ဖြင့် ခုနစ်ခါဖြစ်တယ်၊ အဲဒီတော့ ခုနစ်ခါဖြစ်တာကို ဒကာဒကာမတွေက သိထားတော့မှ ဩော် ..... တို့တစ်ခါ အဖြစ်အပျက်ကလေး တစ်ခါရှုလိုက်ရင် ဇောခုနစ်ကြိမ်တောင် ဖြစ်တယ် ဆိုတဲ့ဥစ္စာကို ဒကာဒကာမ တွေက မှတ်ထားရမယ် ..... (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့်ဇောခုနစ်ကြိမ်ဖြစ်တော့ကိုတပည့်တော် တပည့်တော်မတို့ ခုနစ်ခါသိတာပေါ့ဘုရား၊ ဖြစ်ပျက်ကို ခုနစ်ခါသိတာပေါ့လို့ဆိုတာ ဒကာဒကာမတွေက မှတ်ထား..... (မှန်လှပါဘုရား)။

အဲဒါတွေ ဦးလှဘူးတို့၊ ဒကာသိုက်တို့က အကျိုးပေးကို ရှင်းပြမယ် ....., (မှန်လှပါဘုရား) အကျိုးပေး ရှင်းပြဦးမယ်တဲ့၊ ဒကာဒကာမတို့ အခုနောက်ရှင်းမှာ ဘာပါလိမ့် ..... (အကျိုးပေးပုံကို ရှင်းပြမှာပါဘုရား) အကျိုးပေးရှင်းဖြဦးမယ် ဆိုတာ မှတ်ပါ ..... (မှန်လှပါဘုရား)။

ပထမ ဒီစိတ်ကလေး ဒီထဲမှာလဲ မဂ္ဂင်ငါးပါး ပါတာပဲ ..... (မှန်လှပါဘုရား) စေတနာလဲပါတာပဲ ..... (မှန်လှပါဘုရား) မဂ္ဂင်ငါးပါးလဲပါတယ်၊ စေတနာတွေလဲ ပါတယ်၊ ဒီထဲမှာပါတဲ့ စေတနာက ဒီဘဝ အကျိုးပေးရမယ်လို့ မှတ်ပါ ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါပြီဘုရား)။

www.dhammadownload.com



ဒီဘဝအကျိုးပေးရမယ်လို့ ဒကာဒကာမတွေ မှတ်ထားစမ်းပါ၊ ဒီဘဝ ဘယ်အချိန်က စ,အကျိုးပေးမှာ တုံးလို့မေးလို့ရှိရင်ဖြင့် ခုချိန်ကစပြီး ခုနစ်ရက်အတွင်း သို့မဟုတ်ရင် ခုနစ်လအတွင်း သို့မဟုတ်လို့ရှိရင် ခုနစ်နှစ်အတွင်း ..... (မှန်လှပါဘုရား) ဒီထဲပါတဲ့မဂ္ဂင်က အကျိုးပေးမယ်၊ မဂ္ဂင်ဆိုသောကြောင့် ကောင်းကျိုးသာ ပေးလိမ့်မယ်လို့ ဒကာဒကာမတွေက မှတ်ထားပါ .....(မှန်လှပါဘုရား)။

ဒါဖြင့် ဒီအလုပ်သည် လျှင်လျှင်မြန်မြန် အကျိုးပေးတဲ့ အလုပ်ပေါ့ဗျာ ..... (မှန်လှပါဘုရား) ရှင်းကြပလား။ ဒါဖြင့် ဒိဋ္ဌဓမ္မ အကျိုးပေးတာ ပထမဇောပဲ၊ ဝိပဿနာရှုတဲ့ ပထမဇောဟာ ဒိဋ္ဌဓမ္မအကျိုးပေးတယ်လို့ ဒကာဒကာမတွေက မှတ်ထားပါ၊ အဲ ..... ဒိဋ္ဌဓမ္မဆိုတာ ဘယ်လိုပါလိမ့်မတုံး ဆိုတော့ ယခုရှုတဲ့ အချိန်ကစပြီး ခုနစ်ရက်အတွင်း ဒီအကျိုးမပေးသေးလျှင် ခုနစ်လအတွင်း ဟာ..... ဒီခုနစ်လမှ အကျိုးမပေးသေးလျှင် ..... (ခုနစ်နှစ်အတွင်းပါ ဘုရား)။

အဲဒါ သူ့စွမ်းရည်သတ္တိ ရှိတယ် ..... (မှန်လှပါဘုရား) ပထမဇောထဲပါတဲ့ မဂ္ဂင်၏ အကျိုးပေးပုံကို ကန့်သတ်လိုက်တဲ့ရက် သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ ဖြစ်ပျက် ရှုပါရှုပါ ဆိုတဲ့ဥစ္စာ ဒီပထမဇော များများပေါ်အောင်လို့ခိုင်းတာ ..... (မှန်လှပါဘုရား)

www.dhammadownload.com



ဒီ ပထမဈာ မျှားမျှား ပေါ်အောင်လို့ ခိုင်းနေတယ်လို့ ဦးလှဘူး မှတ်ရမယ် ..... (မှန်လှပါဘုရား)။

ဒါဖြင့် ဒီ ပထမဈာကို ဆရာဘုန်းကြီးက ဘယ့်နှယ် ကြောင့် ပေါ်စေချင်ပါ လိမ့်မလဲလို့ မေးတော့ ဒီပထမဈာက ဝိပဿနာ ပထမဈာလဲဖြစ် ကုသိုလ်တကာ ကုသိုလ်ထဲမှာ လည်း အမြတ်ဆုံး ပထမဈာလဲဖြစ်တယ်၊ ဒါနကုသိုလ် ပထမဈာထက်လဲ သူကမြတ်တယ်၊ သီလကုသိုလ် ပထမဈာထက်ကော (သူကမြတ်ပါတယ်ဘုရား) သမထ ပထမဈာထက်ကော (သူကမြတ်ပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာ ပထမဈာက မြတ်တယ်လို့ ဆိုတာသိတော့ အကျိုးပေးသူ အသာဆုံးပေါ့ဗျာ ..... (မှန်လှပါဘုရား)၊ သဘောပါကြလား ..... ဒါဖြင့် ဝိပဿနာ ကြပ်ကြပ်ရှုကြ၊ ကြပ်ကြပ်ရှုကြဆိုတော့ ဒီဈာဟာ အရင်ဆုံး ပေါ်တဲ့ဈာပဲ ဖြစ်ပျက်အရင်ဆုံး မြင်တဲ့ဈာပဲ ..... သဘောကျပလား (ကျပါတယ်ဘုရား)။

ဖြစ်ပျက်အရင်ဆုံး မြင်တဲ့ ဈာဖြစ်လေသောကြောင့် ဒကာဒကာမတို့ သူချုပ်ပြီးမှ ဒုတိယဈာက မြင်တာကိုး ..... (မှန်လှပါဘုရား)၊ ရှင်းပြီလား ဒုတိယဈာချုပ်ပြီးမှ ဖြစ်ပျက်ကို (တတိယဈာက မြင်ပါတယ်ဘုရား)၊ တတိယဈာချုပ်ပြီးမှ စတုတ္ထဈာက မြင်တာ ..... (မှန်လှပါဘုရား)။ သဘောကျပြီ လား။ အင်း ..... စတုတ္ထဈာချုပ်ပြီးမှ ပဉ္စမဈာက မြင်တာကိုး

www.dhammadownload.com



(မြင်ပါတယ်ဘုရား)။ ပဥ္စမဇောချုပ်ပြီးတော့မှ ..... (ဆဋ္ဌမဇောက မြင်ပါတယ်ဘုရား)၊ ဆဋ္ဌမဇောကဖြစ်ပျက်မြင်တာ ဆဋ္ဌမဇောချုပ်ပြီးမှ ..... (သတ္တမဇောက မြင်ပါတယ်ဘုရား)၊ သတ္တမဇောက မြင်တယ်ဆိုတော့ ကျုပ်တို့မှာ ဝိပဿနာရှုတဲ့ စိတ်ကုန်သွားတယ် သဘောကျပလား။

အဲဒီတော့ကို အကျိုးပေးရာ ကာလဆိုတော့ ပထမဇောက ဒကာဒကာမတွေကို အကြောင်းတိုက်ဆိုင်လို့ ကပ်တွေ၊ အန္တရာယ်တွေ၊ တွေ့မယ်ကျွန်အုံးတော့ သူက အကျိုးပေးပြစ်လိုက်တယ် ..... (မှန်လှပါဘုရား)။ သူက ပထမဇောက အကျိုးပေးနေတော့ ကောင်းကျိုးပေးနေတော့ ဟိုဟာတွေက မလာနိုင်တော့ဘူး ..... (မှန်လှပါဘုရား)။ သဘောကျပြီလား .....(ကျပါပြီဘုရား)။

ဒါဖြင့် ပထမဇောသည် ဒကာဒကာမတွေအား ပစ္စုပ္ပန်အကြောင်းခြင်း တိုက်ဆိုင်လို့ ပေါ်လာမဲ့ ကပ်မျိုးကိုလဲ ပထမဇောက အကျိုးပေးလိုက်တဲ့အတွက် ကာကွယ်ရေးရတယ် .....(မှန်လှပါဘုရား) သဘောကျပြီလား..... (ကျပါပြီဘုရား)။

ဒါဖြင့် ပထမဇော လုပ်ထိုက်၊ မလုပ်ထိုက် ..... (လုပ်ထိုက်ပါတယ်ဘုရား)။ ပထမဇောကိုဖြင့် ကြိုးစားပြီး ဂရုစိုက်ပါ။ ပထမဇော လာလို့ရှိရင်လဲ အလယ်ဇော ငါးခုကော ..... (လာမှာပါဘုရား) လာမှာပဲ မလာပါနဲ့ဆိုလို့ ရရဲ့လား ..... (မရပ့ါဘုရား)။

www.dhammadownload.com



သို့သော်လဲ အလယ်ဇော ငါးခုကတော့ နောက်မှ အကျိုးပေးမယ်၊ ဒီ သတ္တမဇောကတော့ ကံထိုက်တဲ့အတွက် ဒုတိယဘဝ အကျိုးပေးမယ်၊ အလယ်ဇော ငါးချက်ကတော့ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် သူအကျိုး ပေးမယ် ..... (မှန်လှပါဘုရား)။

ကိုင်း ..... ပဌမဇောကလဲ အခုဘဝ ဟောဒီ သတ္တမဇောက ဒုတိယဘဝ၊ ဒုတိယဘဝ အကျိုးပေးတယ်၊ အလယ်ဇောက တတိယကစ၍ နိဗ္ဗာန်မရမချင်း လူ့သွားရာ အရိပ်ပါသလို လိုက်နေတယ်လို့ မှတ်ပါ ..... (မှန်လှပါဘုရား)။

ဒါဖြင့် ဝိပဿနာ တစ်ခါရှုလိုက်တယ်ဆိုရင် ခုနစ်ကြိမ် ဖြစ်တော့ ကျေးဇူးမများတာရယ်လို့ ပါသေးလား (မပါပါဘုရား)။

ဒီဘဝအတွက်က ပဌမဇော ..... (မှန်လှပါဘုရား)။ နောက်ဘဝ အတွက်က ဒီသတ္တမဇော နောက် ဘဝအတွက်က (သတ္တမဇောပါဘုရား)၊ ရှင်းပြီလား ..... နောက်ဒုတိယ ဘဝအတွက်၊ အလယ်ဇော ငါးချက်က တတိယဘဝကစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သူတို့အကျိုးပေးမယ် ရှင်းပြီလား။

ပဌမဇောက ဒီဘဝအတွက် ရှင်းပြီနော် သတ္တမဇောက (နောက်ဘဝအတွက်ပါဘုရား)။ ဒုတိယဘဝ ဒုတိယ ထည့်ပေး နောက်တွေက အရှည်ကြီးကို သတ္တမဇောက ဘယ်ဘဝအကျိုးပေးမယ် ..... (ဒုတိယဘဝပါဘုရား)။

www.dhammadownload.com



အလယ်ဇောငါးချက်က တတိယ ဘဝစ၍ နိဗ္ဗာန်မရမချင်း အကျိုးပေးမယ် သဘောကျပလား။

ဒါဖြင့် ယခုဘဝ အကျိုးပေးမယ့် ဇောက ဘယ်ဇောပါလိမ့် ..... (ပထမ ဇောပါဘုရား)။ ဒါဖြင့် ယခု ဒကာဒကာမတွေ အမျိုးမျိုးအဖုံဖုံ တုပ်ကွေးရောဂါတွေ ဖြစ်တယ် အစရှိသည်ပေါ့ဗျာ၊ ကပ်တွေက အမျိုးမျိုး၊ စစ်ဘေး စစ်အန္တရာယ်၊ သူခိုး၊ ဓားမြ ဘေးအမျိုးမျိုး အဖုံဖုံ မရှိကြဘူးလား ...,. (ရှိပါတယ်ဘုရား)။

အဲဒါတွေကို အခုဘဝ ဇောခုနစ်ကြိမ်ထဲမှာ ဘယ်သူက ကာကွယ်ပေးလိမ့်မယ်ဆိုတာ ယနေ့ ရှင်းပြမယ် ..... (မှန်လှပါဘုရား)။

ရှင်းပြတော့ ဘာတွေပါလိမ့် ..... (ပထမ ဇောပါဘုရား) ဒကာသိုက်ရှင်းပြီလား.....(ရှင်းပါတယ်ဘုရား)။ ဒါဖြင့် ကျုပ်တို့ အခုလက်ငင်း ကျေးဇူးရှိမှာက ဘယ်သူပါလိမ့် ..... (ပထမဇောပါဘုရား) ပထမဇောဘဲဆိုတာ ဒကာဒကာမတွေက မှတ်ထားပါ၊ ဒါဖြင့် ပထမ ဇောလာရင်လဲ အလယ်ဇော ငါးခုကတော့ လာမှာပဲ.....(လာမှာပါဘုရား)။ သတ္တမ ဇောကလဲ ..... (လာမှာပါဘုရား)။ လာမှာပဲဆိုသဖြင့် ဝိပဿနာ ရှုရင်လဲ၊ ဒီ ခုနစ်ကြိမ် မပေါ်ဘဲနဲ့ မနေပါဘူး သဘောကျပြီလား .....(ကျပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် ပုထုမဇောသည် မနေ့ကလဲ ပြောခဲ့တယ်၊ ဒီနေ့ထပ်ပြီး ပုံစံချပြီး ဝေဖန်ပေးပါတယ်၊ ပုံစံချပြီး ဝေဖန်ပေး လိုက်တဲ့အတွက် ဒီဒကာဒကာမတွေမှာ အင်း ..... ဒီဝိပဿနာ ပထမဇော မပေါ် ပေါ်အောင် တို့ ကြိုးစားမှုပဲရယ်လို့၊ ဖြစ်ပျက် မြင်ရင်လဲ သူကပေါ်တော့တာပဲ ..... (မှန်လှပါဘုရား) မပေါ်ဘူးလား၊ ပေါ်လို့ရှိရင်လဲ သူ့ထဲမှာပါတဲ့ မဂ်တွေက အကျိုးပေးရင်ဘယ်တော့အကျိုးပေးမလဲ.....(ယခုဘဝကစ၍ နိဗ္ဗာန်မရမခြင်းပါဘုရား) အဲ ..... ယခုနေ့ကစ၍ ခုနစ်ရက် အတွင်း၊ ခုနစ်လအတွင်း၊ ခုနစ်နှစ်အတွင်း ဒါ ..... သူ့ သတ္တိဆိုတာ ပေါ်ပြီလား ..... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ အမျိုးမျိုး အဖုံဖုံသော အန္တရာယ်တွေ ဘာတွေကို ယခုဘဝ ကာကွယ်ပေးမှာဖြင့် သူပဲ .....(မှန်လှပါဘုရား) သဘောကျပလား၊ အမျိုးမျိုးသော ကပ်တွေ အန္တရာယ်တွေ၊ ကြောက်စရာလန့်စရာတွေ လာခဲ့လို့ ဒကာဒကာမတွေမှာ ကြုံလို့ရှိရင် ဒကာဒကာမတွေ ဆရာ ဘုန်းကြီးက လက်နက်ကောင်း ပေးထားတယ် ..... (မှန်လှပါဘုရား) လက်နက်ကောင်း ပေးထားတော့ .....။

ဟေး ..... ဒီပထမဇောဟာ သာမညမဟုတ်ဘူးနော်၊ ဟုတ်လား၊ အလွန်ကို အကျိုးပေးထက်တယ်ဆိုတာ သဘောကျပလား (ကျပါတယ်ဘုရား) ဒါကြောင့် သူ့ကို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ခေါ်တယ်၊ ဘာကံလဲ .....

www.dhammadownload.com



(ဒိဋ္ဌဓမ္မဝေဒနိယကံပါဘုရား) ဒိဋ္ဌဓမ္မအကျိုးပေးတဲ့ ကံပဲဆိုတာ ပထမဇောကိုဆိုတာပဲ၊ ရှင်းကြပလား..... (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ..... ဒါဖြင့် ပထမဇောသည် ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်တယ်ဆိုတာ သဘောကျကြပလား ..... (ကျပါတယ်ဘုရား) ဒါဖြင့် ဝိပဿနာ ရှုတိုင်းရှုတိုင်း၊ ပထမ ဇောပါရဲ့လား၊ မပါဘူးလား ..... (ပါ–ပါတယ်ဘုရား) ပါတိုင်း ပါတိုင်း ကျုပ်တို့သည် ခုနစ်ရက်အတွင်း၊ ခုနစ်လအတွင်း၊ ခုနစ်နှစ်အတွင်း သူ့အကျိုးပေးကိုကျုပ်တို့ကိုယ်ပိုင်ရလိမ့်မယ်ဆိုတာကတော့ဖြင့် အမှန်ပဲ ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ဒါဖြင့် သူသည်၊ ကျုပ်တို့ ဝိပဿနာ၏ အန္တရာယ်တွေကိုလဲ ကာကွယ်ပေးမယ် ..... (မှန်လှပါဘုရား) ဟုတ်ပြီလား၊ ကြောက်စရာ၊ လန့်စရာတွေ ပြောသံကြား၊ ဆိုသံကြား အမျိုးမျိုး အဖုံဖုံတွေပေါ့ဗျာ ..... (မှန်လှပါဘုရား) အဲဒါ တွေကိုလည်း ပထမဇော မရှိတဲ့ပုဂ္ဂိုလ်မှာ ကုသိုလ်ဝိပဿနာ ပထမဇောမရှိတဲ့ပုဂ္ဂိုလ်မှာမကာကွယ်နိုင်ဘူး.....(မကာကွယ်နိုင်ပါဘုရား) ဝင်လာမှာပဲ ..... (မှန်လှပါဘုရား) ဝိပဿနာ ပထမဇောရှိနေတဲ့ပုဂ္ဂိုလ်ကျတော့ ..... (မဝင်လာနိုင်ပါဘုရား) ရှင်းပြီလား။

ဒါဖြင့် ဒီအလုပ်ကို ဒကာဒကာမတွေသည် ကြိုးစားလုပ်ရလိမ့်မယ် ဆိုတာကို မနေ့ကလဲ သတိပေးခဲ့တယ်၊ ဒီနေ့လဲ

www.dhammadownload.com



သတိပေးပြန်ပါတယ်ဆိုတာသည် ဒကာဒကာမတို့ အရင်ထက် ဝီရိယပိုပေးပါလို့ တိုက်တွန်းတာပါပဲ၊ မပေးသင့် ဘူးလား ..... (ပေးသင့်ပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီပထမဈာေသည် ဒကာဒကာမတွေ၏ ကုသိုလ် ပထမဈာေလဲ ဖြစ်နေသောကြောင့် ကိုးစားရာ၊ အားထားရာ အစစ် ဆိုတာ ပေါ်ပြီလား ..... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကိုးစားရာ၊ အားထားရာ အစစ်သည် ကုသိုလ် ပထမဈာေပဲ ဆိုတာ မှတ်ထားကြပါ ..... (မှန်လှပါ ဘုရား) ဒီပြင် သတ္တမဈာေတွေက ဒုတိယဘဝမှာ ကိုးစားရာ အားထားရာရမှာ အလယ်ဈာေတွေက တတိယဘဝကစပြီးမှ သူကအကျိုးပေးမှာဖြစ်နေတော့ သူ့ကိုးစားလဲတတိယဘဝကျမှ သူက အကူအညီ ပေးမှာကိုး ..... (မှန်လှပါဘုရား)။

ဒါဖြင့် ကျုပ်တို့ အကူအညီ တကယ်တန်း လျှင်လျှင် မြန်မြန်ပေးနိုင်တဲ့ ဥစ္စာကို ကျုပ်တို့သည် အရေးမကြီးဘူးလား ..... (ကြီးပါတယ်ဘုရား) အရေးကြီးတော့ ဒကာသိုက် ဘယ်ဈာေပါလိမ့် ..... (ပထမဈာေပါဘုရား) ပေါ်ပြီလား၊ ဒါဖြင့် ဒကာဒကာမတို့ ပထမဈာေ အရေးကြီးတယ်ဆိုတာ ပေါ်လာပြီ လား ..... (ပေါ်ပါတယ်ဘုရား)။

ကိုင်း ..... ဒီပထမဈာေက ဘယ့်နှယ်ကြောင့် သူက ကပ်တွေ ဘာတွေ ကျော်အောင် ကျေးဇူးပြုနိုင်ပါလိမ့်မလဲ၊ မေးဖို့မလိုဘူးလား ..... (လိုပါတယ်ဘုရား) လိုတယ်ဆိုတော့ ကို၊ အင်း ..... သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သတ္တိထက်လို့ပဲ

www.dhammadownload.com



အဖြေအကြမ်း ပေးရမယ် ..... (မှန်လှပါဘုရား) သတ္တိထက် လို့ပဲလို့ အဖြေအကြမ်း ပေးပါတယ် ဒကာဒကာမတို့ ..... (မှန်လှပါဘုရား)။

အဲဒီတော့ ဒီဒကာဒကာမတွေမှာ နောက်ဘဝတုန်းက ဒီလိုလဲသာသနာတွင်းကလည်းကြုံခဲ့ပုံကမရ.....(မရပါဘုရား) မရတော့ကို ကိုယ်ပြုထားတဲ့ အကုသိုလ်ကံတွေက ဒီအလယ် ဇောင်းချက်၊ အကုသိုလ်ဇောင်းချက် နောက်ဘဝများစွာက ပေါ့ဗျာ၊ ဒါတွေ နောက်ကလိုက်မနေဘူးလား ..... (လိုက် နေပါတယ်ဘုရား) လိုက်နေသောကြောင့် ဒကာဒကာမတွေမှာ အပရာပရိယ ဆိုတဲ့ အလယ်ဇောင်းချက် ကံတွေက နောက်က လိုက်နေတယ် ..... (မှန်လှပါဘုရား) အကုသိုလ်ကံတွေ လိုက်နေတယ် ..... (လိုက်နေပါတယ်ဘုရား)။

လိုက်နေတဲ့အတွက် အခုအခါမှာ ဥပမာ– သူပုန်ထတာ တွေလဲ၊ အင်း ..... တို့ ကြောက်ရတာပဲ၊ ဘာဖြစ်လို့ ဒကာဒကာမတွေ ကြောက်စိတ်တွေ ခဏခဏ ပေါ်နေရပါလိမ့် မလဲဆိုရှတော့၊ အို..... သူ့ အကုသိုလ်ကံ၊ အပရာပရိယကံတွေက နောက်တုန်းကပြုထားတဲ့အကုသိုလ်အလယ်ဇောင်းချက်တွေက နောက်က လိုက်နေတယ် ..... (မှန်လှပါဘုရား) အဲဒါ အကုသိုလ်လိုက် နေတယ် ..... (လိုက်နေပါတယ်ဘုရား) ရှင်းပြီလား။

www.dhammadownload.com



ဘာတွေများ လိုက်နေပါလိမ့် ..... (အကုသိုလ်လိုက်နေပါတယ်ဘုရား) အဲဒီ အကုသိုလ်တွေက လိုက်နေတော့ သူတို့က အကျိုးပေးမလို့ လိုက်နေတယ် ..... (မှန်လှပါဘုရား)။

မင်းတို့ စီးပွားပျက်အောင်၊ လူသေအောင်၊ ရောဂါထူအောင်၊ ဘဝများစွာက ပြုထားတဲ့ အပရာပရိယတွေက လိုက်မနေပေဘူးလား၊ အဲဒါ ကျုပ်တို့ ဘာနဲ့ တားရမှာတုံးဆိုတဲ့ မေးခွန်းလိုလာတယ် ..... (လိုလာပါတယ်ဘုရား) လိုက်လာတယ် မလိုက်ဘူးလားဆိုတာမမေးနဲ့တော့ ..... (မှန်လှပါဘုရား) လိုက်တာ သေချာတယ်၊ လိုက်တာသေချာတော့ ..... ။

ဘယ်လိုလိုက်တာ သေချာသတုံးလို့ မေးတဲ့အခါ ကျတော့ ခင်ဗျားတို့၊ ကျုပ်တို့ အခု လေးငါးဆယ်နှစ် ဆယ့်ငါးနှစ် နေလာခဲ့ရတယ်၊ ဘယ်အခါ ကာလမှ ဒီ, ကောင်းသတင်းရယ်လို့ ဟုတ်ဘူးလား ..... မကြားခဲ့ရဘူး။

သတ်သံတွေ၊ ဖြတ်သံတွေ၊ ခိုးသံတွေ၊ ဝှက်သံတွေ၊ တိုက်သံတွေ ဟုတ်လား၊ သေသံတွေဘဲ အမျိုးမျိုးအဖုံဖုံ ကပ်ကြီးက ဝိုင်းနေတယ်ဆိုတာ စစ်အတွင်းကလဲ ကပ်ကြီးဝိုင်းနေလို့ သဘောကျပြီလား .....၊ စစ်ပြီးတော့လဲ ကပ်အမျိုးမျိုး ဆိုက်နေလို့ မဆိုနိုင်ဘူးလား ..... (ဆိုနိုင်ပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါ ဘယ်ကံတွေက လိုက်လာလို့ ဒီ တို့မှာ ကြောက်ခြင်း၊ လန့်ခြင်းအလုပ်တွေ ဖြစ်နေရပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား ..... (လိုပါတယ်ဘုရား) ဟောဒီ ..... အလယ်ဇောငါးချက် လိုက်နေတာ၊ နောက်ဘဝက၊ ဘဝပေါင်း များစွာက ပြုထားတဲ့ အလယ်စိတ် အကုသိုလ် အလယ်ဇောငါးချက်က နောက်က လိုက်နေတယ် ..... (မှန်လှပါဘုရား)။

အဲဒီတော့ တတိယဘဝက စ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် လိုက်တတ်သည့် တရား ..... (မှန်လှပါဘုရား) ဒါဖြင့် ..... တို့မှာ ကြောက်လန့်ပြီး ဘယ်အခါ ကာလမှ အရောင်းဖျင်း၊ အဝယ်ဖျင်းနဲ့၊ အင်း ..... နေရတာ။

စိတ်၊ လက် ကောင်းကောင်းမွန်မွန်ချပြီး နေရတယ်မရှိဘူး၊ ဘယ့်နှယ်များ အကျိုးပေးပါလိမ့်မတုံးလို့ မမေးနဲ့၊ ဒါတွေ လိုက်နေတာ ..... (မှန်လှပါဘုရား)။

ဘယ်တုံးကဟာတွေလိုက်နေပါလိမ့် ..... (နောက်ဘဝများစွာကပါဘုရား) နောက်ဘဝများစွာက ဟာတွေက လိုက်နေတာ၊ အဲဒီတော့ ကျုပ်တို့ဒီလိုကံတွေ နောက်က လိုက်နေတယ် ဆိုတာ သဘောကျပြီလား ..... (ကျပါပြီဘုရား)။

ဒါဖြင့် ကံလိုက်နေလို့ ရှိရင်ဖြင့် ကံနဲ့တားမှ ရမယ် ..... (မှန်လှပါဘုရား) ရှင်းပြီလား၊ ဘာလိုက်နေရင် ..... (ကံလိုက်နေ

www.dhammadownload.com



ပါတယ်ဘုရား) ကံလိုက်နေရင် ကံနဲ့တားမှ ရမယ်၊ ရှင်းပြီလား၊ ကံနဲ့လာတာကို ကံနဲ့တားမှ ရမယ်ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ခုနတုံးက ဝိပဿနာရှုတဲ့အခါမှာ ဖြစ်ပျက်မြင်ရင် မဂ္ဂင်ငါးပါး မပါဘူးလား ..... (ပါ ပါတယ်ဘုရား)။

ရှုချင်တဲ့ စေတနာကော မပါဘူးလား ..... (ပါ ပါတယ်ဘုရား) ဒါဖြင့် ဒီထဲမှာ ကံလဲပါတယ်၊ ဉာဏ်လဲပါပါတယ်

(မှန်လှပါဘုရား) ပထမဇောထဲ ကံလဲပါတယ်၊ ဉာဏ်လဲပါတယ်၊ ကံက သဟဇာတအဖြစ်နဲ့ ပါတယ်၊ ဉာဏ်ကတော့ ဖြစ်ပျက်မြင်သောကြောင့် သူ့သတ္တိပဲ ..... (မှန်လှပါဘုရား) ရှင်းပြီလား .....။

အဲ ..... ဒကာသိုက် ပထမဇောထဲ ဘာများပါပါလိမ့် ..... (ကံလဲပါတယ်၊ ဉာဏ်လဲ ပါပါတယ်ဘုရား) ဒါဖြင့် ဒီကံ ဉာဏ်နဲ့ နောက်က ခင်ဗျားတို့ နောက်ကကံတွေကို တားရမယ်၊ ဦးလှဘူး ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘာနဲ့တားရမယ်၊ ဒီကဉာဏ်နဲ့ နောက်က လိုက်လာတဲ့အလယ်ဇောငါးချက်ကံတွေပေါ့ဗျာ၊ အဲဒါတွေ ဒါနဲ့မှ မတားလို့ရှိရင် ဖြစ်ကိုမဖြစ်ဘူး။

အဲဒီတော့ ဘုန်းကြီး ခု ရှင်းလင်းပြီး ပြောနေတာက ဒကာဒကာမတို့က အေးအေးစက်စက် နေမှာစိုးလို့၊ ဒီလိုလိုက်နေတာမရှိလို့ရှိရင်လည်း ခပ်အေးအေးနေကြပေါ့ ..... (မှန်လှပါဘုရား) အခုတော့ လိုက်နေတယ် ဆိုတာကလဲ ခင်ဗျားတို့

www.dhammadownload.com



နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင် နေလာခဲ့ပြီ။ အထိတ်အလန့် နဲ့ပဲ နေပြီးခဲ့ရတာပဲ၊ မပြီးခဲ့ရဘူးလား ..... (ပြီးခဲ့ပါတယ်ဘုရား) ပြီးခဲ့ရတယ်။

ဟို ..... ဗုံးတွေ ဘာတွေကျတုန်းကဆိုရင် ကိုယ့်အိမ် ကိုယ့်ယာပစ်ပြီး ပြေးခဲ့ရတယ်၊ မပြေးရဘူးလား ..... (ပြေးရပါတယ်ဘုရား) ဒီကံတွေ လိုက်တယ်ဆိုတာက သေချာပြီလား ..... (သေချာပါတယ်ဘုရား)။

အဲဒီတော့ ဩော် ..... တို့နောက်က အတိတ်ကံတွေ၊ ဘာကံတွေ ဘာလိမ့်မတုံးလို့ မေးလို့ရှိရင် အကုသိုလ်ကံတွေ လိုက်နေတာ ..... (မှန်လှပါဘုရား) သဘောကျပြီလား။

ဒါဖြင့် ဒီအကုသိုလ်ကံတွေကို ဘာနဲ့ တားမတုံး ဆိုလို့ရှိရင် ယခုဘဝ ဝိပဿနာ အားထုတ်တဲ့ ပထမဈောတည်း ဟူသော ကံနဲ့ ဉာဏ်နဲ့ တားပါ ..... (မှန်လှပါဘုရား) ဘာနဲ့တားကြမယ် ..... (ပထမဈောတည်း ဟူသော ကံနဲ့ဉာဏ်နဲ့ တားရမှာပါဘုရား) ရှင်းပြီလား။

ဒကာသိုက် ..... ဒီဥစ္စာ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး အရေးတကြီး ပြောနေတယ် ဆိုတာကိုလဲ သိရောပေါ့ဗျာ ..... (သိပါတယ်ဘုရား) အသံပလံတွေ အမျိုးမျိုး အဖုံဖုံ ခင်ဗျားတို့ ကြားတန်သလောက်ကြား၊ သိတန်သလောက် သိတယ်၊ လုံးဝနေရာ မကျဘူးဆိုတာ သိတန်သလောက်သိနေတော့.....။

www.dhammadownload.com



ဩော် ..... တို့ အကုသိုလ်ကံ လိုက်နေတယ် ဆိုတာ ပါလာတယ်၊ ပါလာတော့ ဒီဇောကို ကျုပ်တို့ အားကိုးရမယ် ..... (မှန်လှပါဘုရား)။

ဒါဖြင့် အတ္တာဟိ အတ္တနော နာထော ဆိုတဲ့အတိုင်း မိမိပြုထားတဲ့ ဒီဝိပဿနာကုသိုလ်ပဲ အားကိုးရမယ်၊ ကုသိုလ်ထဲမှာလဲ ဒီပထမဇောပဲ ..... (မှန်လှပါဘုရား) အခု အရေးတကြီး ကာကွယ်ပေးမှာကဖြင့် သူပဲ၊ ရှင်းပြီလား။

ဒါဖြင့် ဒီဥစ္စာမလုပ်ဘဲ နေလို့ရှိရင် ခင်ဗျားတို့ နောက်ကံတွေက ထင်သလိုအကျိုးပေးပြစ်မယ်။ သူ့ပဲ အားထုတ်နေလို့ ရှိရင်ဖြင့် သူက တားလိမ့်မယ် ..... (မှန်လှပါဘုရား) သူက ကုသိုလ်ကို၊ ကုသိုလ်ဆိုတာက ဘာလုပ်တတ်သတုံး ဆိုတော့ အကုသိုလ်ကိုဖြတ်တတ်တယ်၊ ကုသိုလ် ဆိုတာ ဘာလုပ်တတ်သတုံး ..... (အကုသိုလ်ကို ဖြတ်တတ်ပါတယ်ဘုရား) အကုသိုလ်ကို ဖြတ်တယ် ဆိုတော့ ဒကာသိုက် ရိပ်မိရောပေါ့။

အင်း.....ဒီကုသိုလ်မရှိရင် သူက အစဉ်အတိုင်းအကျိုးပေးမယ် ..... (မှန်လှပါဘုရား) ဒီကုသိုလ် ရှိနေရင်ဖြင့် သူက ဖြတ်ပစ်လိုက်တယ်၊ မင်းမလာခဲ့နဲ့ဆိုပြီး ဖြတ်မပေးဘူးလား..... (ဖြတ်ပေးပါတယ်ဘုရား)။

အဲတော့ သူကဖြတ်ပေးမှာ ကေန် သိရဲ့သားနဲ့မှ ကျုပ်တို့က

www.dhammadownload.com



လက်နက်ကောင်း ကိုယ့်လက်ထဲ ကိုယ့်ဉာဏ်ထဲ ကိုယ့်ဝမ်းထဲ မထားဘူး ဆိုလို့ရှိရင် မင်းတို့ နောက်ကလိုက်လာတဲ့ ကံတွေ ထင်သလို စီမံမယ် ..... (မှန်လှပါဘုရား) ရှင်းပြီလား၊ နောက်က လိုက်လာတဲ့ ကံတွေက ဘာတဲ့ ..... (ထင်သလိုစီမံမှာပါဘုရား) ထင်သလိုစီမံလိမ့်မယ်။

ဘယ့်နှယ်ကြောင့် ထင်သလို စီမံနေမတုံးဆိုတော့ အတား မရှိလို့၊ အဆီးမရှိလို့ ..... (မှန်လှပါဘုရား) သူတို့ ဝင်ချင်သလို ဝင်တယ်၊ ဦးလှဘူး ကျေနပ်ပြီလား ..... (ကျေနပ်ပါပြီဘုရား)။ ဒါဖြင့် ခင်ဗျားတို့ကြားဖူးတဲ့အတိုင်း ပဌမဈောက ဒိဋ္ဌဓမ္မ အကျိုး ပေးတယ်ကွ၊ သဘောကျပြီလား ..... (ကျပါပြီဘုရား)။

အဲဒီတော့ အကုသိုလ် ပဌမဈောကလဲ ဒိဋ္ဌဓမ္မ အကျိုးပေး တာပဲ၊ အခု ဝိပဿနာ ပဌမဈောကကော ..... (အကျိုးပေးတာ ပါပဲဘုရား)။

အဲ ..... ဒီဟာကို ကိုးစားအားထား ပြုကြလို့ ဆိုတာ ခင်ဗျားတို့ လုပ်မှ ရမယ့်အလုပ် (မှန်လှပါဘုရား) မလုပ်လို့ ရှိရင်တော့ (မရပါဘုရား) မလုပ်လို့ရှိရင်ဒီဈော ပေါ်ကိုမပေါ်ဘူး။

ပေါ်လာလို့ရှိရင်လဲ ဒါနကုသိုလ်ထက် သူထက်တယ်၊ သီလ ကုသိုလ်ထက် (ထက်ပါတယ်ဘုရား) သမထ ကုသိုလ်ထက် ..... (ထက်ပါတယ်ဘုရား) ဒါဖြင့်အထက်ဆုံး ကုသိုလ်လို့ဆိုရင် လွဲမလား ..... (မလွဲပါဘုရား)။

www.dhammadownload.com



အဲဒီတော့ ဒကာဒကာမတွေ ဒီဟာကို များများ ဝမ်းထဲမှာ ပထမဇောပေါင်းခဏခဏပေါ်ဖို့ဒကာသိုက်.....(အရေးကြီးပါတယ် ဘုရား) အရေးကြီးတယ် ဆိုတာ သဘောကျပြီလား ..... (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့သည် ဘယ်လိုနေကြ ဘယ်လိုထိုင်ကြမလဲလို့ မေးခွန်းထုတ်ရင်ဖြင့် ဝိပဿနာ ရှုနေမယ်ပြောလိုက်တာပေါ့.....(မှန်လှပါဘုရား) ရှင်းပြီလား ဘယ်လိုလုပ်နေမလဲ (ဝိပဿနာရှုနေရပါမယ်ဘုရား)။

ဝိပဿနာရှုရင် ဒီဇောကစတာပဲ ..... (စမှာပါဘုရား) သဘောကျပြီလား .... (ကျပါပြီဘုရား) ဒီဇောမပါဘဲနဲ့ ရှုလို့ရမလား ..... (မရပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဉစ္စာ ကျုပ်တို့၏ ကိုးစားရာ အားထားရာ အစစ်၊ အကုသိုလ် နောက်က ပါလာတာတွေကိုလဲ သူဖြတ်တယ် ..... (ဖြတ်မှာပါဘုရား) ဖြတ်ပြီးသူက ကောင်းကျိုးကို သူက ပေးပစ်လိုက်မယ် ..... (ပေးမှာပါဘုရား) သဘောကျပြီလား။

သူက ဒီဘဝမှာ အကျိုးပေးမဲ့တရားဖြစ်လေသောကြောင့် လူကောင်နတ်ကောင်ဖြစ်အောင်တော့ သူမလုပ်ဘူး၊ ကပ်သုံးပါး ကျော်လွှားနိုင်အောင် ..... (လုပ်မှာပါဘုရား) စီးပွားဥစ္စာ

www.dhammadownload.com



ရတနာတို့ ဖွံ့ဖြိုးအောင် ..... (လုပ်မှာပါဘုရား) ဒါပဲတတ်နိုင်တယ်။

ဒါပဲတတ်နိုင်တယ်သူက–(မှန်လှပါဘုရား) ဒုတိယဘဝမှာ မင်းအကျိုးပေးစမ်းပါဆိုတော့ သူက မပေးနိုင်ဘူး..... (မှန်လှပါဘုရား) မစွမ်းနိုင်ဘူးတဲ့ ဒုတိယဘဝ အကျိုးပေးမှာတော့ သူမစွမ်းနိုင်ဘူး။

ဒုတိယဘဝအကျိုးပေးမှာ တွေ့ရှိနေတော့ တတိယဘဝအကျိုးပေးမှာတွေ ဒီငါးခု ရှိနေပေါ့။

အဲဒီတော့ သူ့စခန်းနဲ့သူ သဗ္ဗညုတ ရွှေဉာဏ်တော် နဲ့ ပြောထားတာ ..... (မှန်လှပါဘုရား)။ သူ့အကျိုးပေးကို ဘုရားမှသိတာ ကိုဗျ ..... (မှန်လှပါဘုရား)၊ ကျုပ်တို့က အခုဘုရား၏ တပည့်သားတွေဖြစ်နေလို့သာ ဒကာဒကာမတွေ။

ဒီဟာ အားကိုးကြဆိုတာ သူဟောတဲ့အတိုင်း ဟောရတာ (မှန်လှပါ ဘုရား) သဘောပါပြီလား ..... (ပါ–ပါတယ်ဘုရား)။

အဲ ..... သဘောပါလို့ရှိရင်ဖြင့် တပည့်တော်တို့ ဘာနဲ့ ဒီကပ်ကျော်အောင် လုပ်ရမှာတုံး မေးရင် အဖြေထွက်ပြီလား (ထွက်ပါပြီဘုရား)။

ဝိပဿနာ ပထမဇောပေါ်အောင် များများလုပ်ရမယ်..... (မှန်လှပါဘုရား)။ ဖြစ်ပျက်များများ မြင်အောင် လုပ်ရုံပဲ ..... (မှန်လှ ပါဘုရား)။ ဖြစ်ပျက် ခဏခဏ မြင်အောင် လုပ်ရုံပဲ .....

www.dhammadownload.com



(မှန်လှပါဘုရား)။

ဒကာသိုက် ဘာနဲ့နေမလဲ ..... (ဖြစ်ပျက်မြင်အောင် လုပ်ရမှာပါဘုရား)။ ဖြစ်ပျက် ခဏခဏ မြင်အောင်ဆိုတော့ ပထမဆုံးမြင်တာကပထမဈာနပဲ.....(မှန်လှပါဘုရား)။ ဒုတိယ မြင်တာက (ဒုတိယဈာနပါဘုရား)။ သဘောကျပြီလား။ တတိယမြင်တာက ..... (တတိယဈာနပါဘုရား) တတိယဈာနပဲ ဆိုတာ သေချာပြီလား ..... (သေ ချာပါပြီဘုရား)။

ဒါဖြင့် ပထမ မပါဘဲနဲ့ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ သတ္တမ ..... (မဖြစ်နိုင်ပါဘုရား)။ မဖြစ်နိုင်ဘူးဆိုတာ သဘောကျပြီလား ..... (မှန်လှပါဘုရား)။

ဒါဖြင့် သူသည်ကား ဆိုလို့ရှိရင်ဖြင့် ကံပဲ၊ အကုသိုလ်ကံကို တားတဲ့တရား ..... (မှန်လှပါဘုရား)။ ရှင်းပြီလား ..... (ရှင်းပါ ပြီဘုရား)။

ဘယ့်နှယ်ဆိုပါမယ် ..... (အကုသိုလ်ကံကိုတားတဲ့ တရားတွေပါဘုရား)။ အကုသိုလ်ကံကို တားတဲ့တရားလို့ ဒကာသိုက် ဆိုပေတော့။ ဒါဖြင့် ကုစ္ဆိတေ ပါပကေ သလယန္တိ ဆိန္ဒန္တိ ကမ္မေန္တိ ပိက္ခမ္မေန္တိတိ ကုသလာ။ ကုစ္ဆိတေ = စက် ဆုပ်ဘွယ်ရာ ဖြစ်ကုန်သော၊ ပါပကေ = ယုတ်မာကုန်သော၊ ခမ္မေ=နောက်ကလိုက်လာတဲ့အကုသိုလ်တရားတို့ကို၊ ဆိန္ဒန္တိ= ဒီ ပထမဈာနက ဖြတ်တတ်၏။

www.dhammadownload.com



နောက်ကလိုက်လာတာတွေမလာခဲ့နဲ့ကွ၊ သူကဖြတ်တတ်တယ်။ ရှင်းပြီလား၊ ဒါဖြင့် သူ့ပဲ ကျုပ်တို့သည် ကိုးစားရာ အားထားရာ အစစ်လုပ်ရတော့မယ် ဆိုတာဖြင့် ဒါ ယနေ့ တိတိလင်းလင်း မှတ်ရမှာပဲ .. (မှန်လှပါဘုရား) ..... ရှင်းပြီလား။

ဒါဖြင့် ဘာအားကိုးကြမယ် ..... (ကုသိုလ် ပထမဇော အားကိုးရမှာပါဘုရား) ကုသိုလ် ပထမဇော အားကိုးရမယ် ..... (မှန်လှပါဘုရား)။

၁။ အကုသိုလ်တွေ နောက်ကရှိသလားမရှိသလားလို့မမေးနဲ့၊ လူတိုင်းရှိတယ် .....(ရှိပါတယ်ဘုရား) ရှင်းပြီလား၊ ဘယ်ပုဂ္ဂိုလ် မရှိဘူးလို့ ဆိုလို့ရသလား ..... (မရပါဘုရား)။

အဲ ..... အကုသိုလ် ရှိတယ်၊ မရှိတယ် ဒကာဒကာမတွေ ကိုယ့်ဖြစ်စဉ်သာ ကိုယ်ကြည့် ..... (မှန်လှပါဘုရား)။

ခု နှစ်ပေါင်း နှစ်ဆယ်အတွင်း ဘယ်လို နေခဲ့ရတယ် ဆိုတာကို သာကြည့် – ကြည့်တော့ ဘယ်လိုပြောကြသလဲ ..... (အကုသိုလ် ရှိပါတယ်ဘုရား) အကုသိုလ်တွေရှိတော့ .....။

တပည့်တော်တို့ဘုရား ပြေးရ လွှားရ ကြောက်ရ လန့်ရ ဟုတ်လား၊ ဒါနဲ့ပဲသာ ကြီးလာခဲ့တာပဲဘုရား၊ အဲ ဘယ်နှယ်ကြောင့် ဒါတွေကြုံရပါလိမ့်မလဲဆိုယင် နောက်ကလိုက်လာတဲ့ ကံတွေကို ဒီက မဂ်ဇောနဲ့မှ မတားယင် ခင်ဗျားတို့ သူတို့ ထင်သလို အကျိုးပေးလိမ့်မယ် ..... (မှန်လှပါဘုရား) မပေးပေဘူးလား

www.dhammadownload.com



..... (ပေးပါတယ်ဘုရား)။

ထင်သလို အကျိုးပေးမှာ ဖြစ်နေတော့ ဒကာဒကာမ တွေ ကိုးစားရာဖြင့် သူ့ကိုထားမှ ..... (မှန်လှပါဘုရား) သဘောကျပလား ..... (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အဂ္ဂိလိမာလ ခိုးသူကြီး၊ ဒိဝိပဿနာ ဆောတွေကြောင့် ဒကာဒကာမတွေ နောက်ကလိုက်လာတဲ့ ကံတွေကတော့ မနည်းလှဘူးပေါ့ဗျာ၊ အဲဒီကံတွေကို မဂ်နဲ့တားလိုက်တော့ ဒီပုဂ္ဂိုလ်တွေ ဒီဘဝမှာဘဲ ရဟန္တာဖြစ်တယ် (မှန်လှပါဘုရား) မဂ်ကြောင့်ဖြစ်တယ်။

ဆိုနိုင်ဘူးလား ..... (ဆိုနိုင်ပါတယ်ဘုရား) ဟိုနောက်က လိုက်လာတဲ့ ကံတွေလဲ။

ဘဝကလဲ လူမိုက်တွေ ဖြစ်ခဲ့တယ်၊ အတိတ်ဘဝကလဲ လူမိုက်ချည်းပဲ၊ အဲဒီလူမိုက်ကံတွေလဲ ယခုရတဲ့မဂ်က ဖြတ်ချလိုက်တယ် ..... (မှန်လှပါဘုရား)။

ဒီဘဝ မိုက်ထားတာတွေကိုလဲ ယခုဘဝက မဂ်က ..... (ဖြတ်ချလိုက်ပါတယ်ဘုရား) သဘောပါကြပြီလား၊ နောက်ဆို သံသရာရှည်လို့ မဂ်မရသေးလို့ မိုက်လတ္တံ့တွေကိုလဲ သူကဖြတ်တယ် ..... (မှန်လှပါဘုရား) ဒီမဂ်ဆောကဖြတ်တယ်၊ ရိပ်မိပြီလား ..... ။

ဒါဖြင့် ဒီလိုပုဂ္ဂိုလ်တွေ ထောက်လိုက်လို့ရှိရင်ဖြင့်

www.dhammadownload.com



တို့သည်ကား ဆိုလို့ရှိရင်ဖြင့် ကိုးစားရာ အားထားရာ လက်ကိုင်အစစ် တွေ့ပြီလို့ဆိုတာ ဆုံးဖြတ်ချက်ချ ..... (မှန်လှပါဘုရား) သဘောပါပြီလား ..... (ပါပါပြီဘုရား)။

နို့ ဒါဖြင့်ဘုရား အခုကပ်ကြီးထဲမှာ ကြုံလာပြီး သေခြင်းဆိုးသေ၊ သေနတ်ဖြင့် ပစ်လို့သေ၊ လှံနဲ့ထိုးပြီးလို့ သကာလ သေကြ၊ ပြုကြ အမျိုးမျိုး အဖုံဖုံ၊ ဟ ..... ဒါတွေက ဘယ်သဘောတုံးလို့ မေးတဲ့အခါကျတော့ ..... ။

ဇောခုနစ်ကြိမ်ရှိတဲ့အနက်က သူ့နောက်က အပရာပရိယ ကံတွေက လိုက်မလာဘူးလား ..... (လိုက်လာပါတယ်ဘုရား)

အဲဒီကံတွေကို ဒိဘဝ သူ့စိတ်ကလဲ မကောင်းဘူး ..... (မှန်လှပါဘုရား)၊ မကောင်းတော့ သူ့စိတ်ကလဲ ဇောခုနစ်ကြိမ် မစောပေဘူးလား ..... (စောပါတယ်ဘုရား)။

မကောင်းတဲ့ ဇောပေါ့ဗျာ .....(မှန်လှပါဘုရား) ဒေါသဇောဖြင့် ဒေါသဇော၊ လောဘဇောဖြင့် လောဘဇော၊ အဲဒီ ပထမဇောကနေပြီး ဟိုကံတွေကို တစ်ခါတည်း အားပေး လိုက်တယ် ..... (မှန်လှပါဘုရား)။

ဒါဖြင့် မကောင်း မကောင်းခြင်း အားပေးတဲ့အတွက် သေခြင်းဆိုးသေရတယ်..... (မှန်လှပါဘုရား) သဘောပါပြီလား ..... (သဘောပါပါပြီဘုရား) တချို့ သေခြင်းဆိုးသေ ကြတာသည် ဒိဘဝကံကလည်း ကူညီလိုက်တယ် .....

www.dhammadownload.com



(မှန်လှပါဘုရား) နောက်ကကံလဲ အကျိုးပေးလိုက်တယ်၊ သဘောကျပြီလား ..... (ကျပါပြီဘုရား)။

ဒါဖြင့် နောက်ကံက ဒကာဒကာမတွေ လိုက်လာတာ သေချာတယ် ..... (သေချာပါတယ်ဘုရား) သို့သော် ဒီဘဝမှာ ဒီကံမျိုးပဲ ကူပေးလိုက်မယ်ဆိုတော့ ဒီအချိန်မှာ ဒီနှာရီမှာပဲ တစ်ခါထဲ ဒုက္ခရောက်တဲ့ပွဲတွေ မတွေ့ရဘူးလား ..... (တွေ့ရပါတယ်ဘုရား)။

အဲဒါ အကုသိုလ် အကုသိုလ်ခြင်းကူလိုက်တာ ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါပြီဘုရား) ဒါဖြင့် တားမဲ့ကုသိုလ် မလာလို့ပေါ့ ..... (မှန်လှပါဘုရား) ရှင်းပြီလား။

ဒါဖြင့် ..... အကျိုးပေးတာသည် ဒီဘဝကံက အကူအညီ၊ နောက်ဘဝကံက တကယ်အကျိုးပေးတာ ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါပြီဘုရား) ဒီဘဝကံကတော့ ဘာတဲ့ ..... (အကူအညီပါဘုရား) ပထမဇောကိုးဗျ၊ အကူအညီပေါ့ ..... (မှန်လှပါဘုရား)။

အကျိုးပေးတာကတော့ ..... (နောက်ကံတွေပါဘုရား) နောက်ကံတွေက အကျိုးပေးတယ်ဆိုတာ သဘောကျပြီလား ..... (ကျပါပြီဘုရား)။

အဲ ..... ဒီဘဝ နောက်ကံတွေက အကုသိုလ်ကံလာတယ်၊ ဒီဘဝ အကုသိုလ်ကံ ပထမဇောကလည်း ကူညီလိုက်

www.dhammadownload.com



မယ်ဆိုရင် ဒီ ပုဂ္ဂိုလ်ဟာ မကြာတော့ဘူး..... (မှန်လှပါဘုရား) အကုသိုလ် အကျိုးပဲပေးချလိုက်တာ ..... (မှန်လှပါဘုရား) သဘောကျပြီလား..... (ကျပါပြီဘုရား)၊ ဒါဖြင့် သူ့မှာ အကူအညီကင်းမဲ့နေတဲ့ အခိပ္ပာယ်မရဘူးလား ..... (ရပါတယ်ဘုရား)။

အကုသိုလ် အကုသိုလ်ခြင်းသာ ကူတော့တယ်၊ တားပေးမဲ့ကံလာသေးရဲ့လား ..... (မလာပါဘုရား)။

ဒါဖြင့် ဒီ ဒကာဒကာမတွေကျတော့ ဆရာဘုန်းကြီးတို့က ဘုရားတို့က ဘယ်လိုဟောရသတုန်း၊ မင်းတို့ အကုသိုလ်ကံတွေ ရှိတော့ရှိသပေါ့ ဒါနဲ့ တားကြကွ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

အကုသိုလ်ကံကတော့ မရှိဘူးလို့ သွားယူ လွဲတော့မပေါ့ (မှန်လှပါဘုရား)၊ သဘောကျပလား ..... (ကျပါတယ်ဘုရား) လူတိုင်းရှိတယ် ..... (ရှိပါတယ်ဘုရား)။

လူတိုင်းရှိတာကို ဦးလှဘူးတစ်ယောက် မေးကြည့်မယ် ဟုတ်လား၊ ဦးလှဘူးရေ၊ ဥပမာမယ် အင်း..... စစ်ထဲမှာ ခင်ဗျားသည် ဘယ်နှစ်နှစ် နေခဲ့ရသတုန်း၊ ဟာ ..... ကြာပြီဘုရား၊ ဂျပန်အုပ်ချုပ်သွားတာ သုံးနှစ်မှာလဲ နေခဲ့ရတာပဲ ဆင်းဆင်းရဲရဲနဲ့ (မှန်လှပါဘုရား) မနေရဘူးလား ..... (နေခဲ့ရပါတယ်ဘုရား)။

နောက် အင်္ဂလိပ်ပြန်ဝင်လာပြီး အုပ်ချုပ်ရေးမကောင်း တစ်ကောင်းနဲ့လဲ အတော်ကြာသေးတာပဲ ..... (ကြာပါတယ်

www.dhammadownload.com



ဘုရား)၊ နောက်တစ်ခါ လွတ်လပ်ရေး ရပြီးသည့် နောက်လဲ ထွက်ကြ ပြုကြနဲ့ အင်း ..... မကောင်းတာနဲ့ဘဲ နေရတယ် ဆိုကြပါစို့ ..... (မှန်လှပါဘုရား)၊ ဒါ နှစ်ပေါင်းအတော်ကြာပြီ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါ ဘယ်ကံတွေက အကျိုးပေးတာလဲ ..... (အကုသိုလ်ကံတွေက အကျိုးပေးတာပါဘုရား)၊ နောက်ကံတွေနော် ..... (မှန်လှပါဘုရား) နောက်ကံတွေက အကျိုးပေးနေတယ် ..... (မှန်လှပါဘုရား)။

အင်း ..... ဒါဖြင့် ကျုပ်တို့နောက်က အကုသိုလ်ကံတွေ ရှိလေသလား၊ မရှိလေသလားလို့ တွေးဖို့လိုသေးသလား ..... (မလိုပါဘုရား)၊ ဒါဖြင့် တပည့်တော်တို့ ယခုတိုင်တိုင် အသက်မသေ ရှင်ပြီးသကာလ နေတာ ဘယ့်နှယ်ကြောင့် ပါလိမ့်မလဲဘုရား၊ နောက်ကံတွေကတော့ သေချာပါပြီဘုရား။

ခင်ဗျားတို့ ထိုက်တန်သလောက် ကုသိုလ်လေး ရှိနေတယ် (မှန်လှပါဘုရား) မရှိဘူးလား ..... (ရှိပါတယ်ဘုရား)။

ထိုက်တန်သလောက်ပထမဇော ရှိနေတယ်..... (မှန်လှပါဘုရား) အဲဒါလေးက ကူထားတာ ..... (မှန်လှပါဘုရား)

အခုတော့ အဲသည်ထက်ကြီးတဲ့ ကံကြီးတစ်ခုကို ဆရာဘုန်းကြီးက ပေးမယ်၊ သဘောပါပြီလား ..... (ပါ – ပါပြီဘုရား ) ဒီထက်အကြီးဆုံး ကံကြီးဆိုတဲ့ သူ မဂ်ဇော ပေး

www.dhammadownload.com



တာပဲ – (မှန်လှပါဘုရား)။

မင်္ဂဇောဆိုတော့ ဟိုကံလေးတွေက တော်င်မှ ထိုက်တန်သလောက် တားနိုင် ဆီးနိုင်သေးတာပဲ ဦးလှဘူးရ ….. (မှန်လှပါဘုရား) ဒီကံကြီးဆိုတော့ ဘယ့်နှယ်လဲ ….. (ပိုပြီး အကူအညီရပါတယ်ဘုရား)။

များများ အကူအညီ ရလိမ့်မယ်ဆိုတာ မသေချာဘူးလား …..(သေချာပါတယ်ဘုရား) အဲဒါကြောင့် ဒကာဒကာမတွေ သေသေချာချာ ပြောရမယ် ….. (မှန်လှပါဘုရား)။

အေး ….. ဒီဥစ္စာဖြင့် ကိုးစားရာ အားထားရာ အစစ် အတ္တာဟိ အတ္တနောနာထော ဆိုတဲ့ ဒီကိုယ်ကြီးကို အားထားရတာ မဟုတ်ပါဘူး ….. (မှန်လှပါဘုရား) အတ္တာဟိ အတ္တနောနာထောတိ = မိမိပြုထားတဲ့ ကုသိုလ်ကိုသာ အားကိုးရမယ်လို့ ဘုရားက သေသေချာချာ ဟောတယ် …..(မှန်လှပါဘုရား)။

အဲဒီဇောကို အားကိုး ….. (မှန်လှပါဘုရား) ဒီဇောက အလိုလိုလာမှာလား၊ ရှုမှလာမှာလား…..(ရှုမှလာမှာပါဘုရား) သဘောပါပြီလား ….. (ပါ–ပါပြီဘုရား)။

မရှုရင် ဝင်ကိုမလာဘူး ….. (မှန်လှပါဘုရား) ဒါဖြင့် ဖြစ်ပျက် ရှုတိုင်း ရှုတိုင်း၊ မင်္ဂဇောလာမယ် ….. (မှန်လှပါဘုရား) မင်္ဂဇောလာရင် တစ်ကစတာပဲ …..(မှန်လှပါဘုရား) ထစ်မဖြစ်ဘဲနဲ့ နှစ်က ….. (မဖြစ်ပါဘုရား)။

www.dhammadownload.com



ဒါဖြင့် တစ် ပထမဇောပေါ့ဗျာ ..... (မှန်လှပါဘုရား) သဘောပါပြီလား..... (ပါ–ပါပြီဘုရား)၊ ဒါဖြင့် ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မှာဖြင့် ဘယ်လိုပဲ နောက်က အကြောင်းညီညွတ်တဲ့ ကံတွေ လာစေကာမူ သူက တားတယ်– (မှန်လှပါဘုရား) မတားပေဘူးလား ..... (တားပါတယ်ဘုရား)။

အေး ..... တားမှာ သေချာသိရက်နဲ့ ခင်ဗျားတို့က အကာ အကွယ် မယူဘူးဆိုရင် အားလုံး ဒကာဒကာမတွေ ကိုယ့်ကိုယ်ကို မသနားတဲ့ ပုဂ္ဂိုလ်၏ အပြစ် ..... (မှန်လှပါဘုရား)။

ဒီဝိပဿနာ ခေတ်ကောင်းကြီးကို အလွဲသုံးစား လုပ်တယ်ဆိုတဲ့ အပြစ်လည်းသင့်ရမှာပဲ..... (သင့်ရမှာပါဘုရား) မသင့်ပေဘူးလား..... (သင့်ပါတယ်ဘုရား) ကဲ သဘောပါပြီလား ..... (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ တော်တော် အရေးကြီးလို့ ပြောနေတယ်ဆိုတာ သဘောပါပြီလား ..... (ပါပါပြီဘုရား) ရှင်းပြီနော် ..... (ရှင်းပါတယ်ဘုရား) ကောင်းပြီ။ ဒီဥစ္စာ ခဏရပ်လိုက်ပါ။

ကိုင်း ခင်ဗျားတို့ အရေးကြီးတဲ့အခါကျတော့ ဒကာဒကာမ တွေက ပရိတ်တွေရွတ်ကြတယ် ဒကာသိုက်တို့က ..... (မှန်လှပါ ဘုရား) ရာဇတောဝါ၊ စောရတောဝါ၊ မနုဿတောဝါ၊ အမနုဿတောဝါ၊ အဂ္ဂိတောဝါ၊ ဥဒကတောဝါနဲ့ မရွတ်ကြလား

www.dhammadownload.com



..... (ရွတ်ကြပါတယ်ဘုရား)။

အင်း ..... ဒါတွေ ရွတ်ရုံနဲ့ ဒီဟာတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ၊ အင်း ..... ဒီတောတွေမှ လွတ်ရပါလို၏။ ပြောတယ်မဟုတ်လား.....(ပြောပါတယ်ဘုရား)တောတွေမှ လွတ်ရပါလို၏ ဆိုငြားသော်လည်း ကိုယ့်သန္တာန်မှာ ကိုက ဒီ, တော ရှိနေမယ်ဆို ဘယ်လွတ်မလဲ ..... (မလွတ်ပါဘုရား)။

သဘောကျပြီလား.....(ကျပါပြီဘုရား)ဒီတောတွေမှ လွတ်ရပါလို၏၊ မင်းဘေးမှ လွတ်ရပါလို၏၊ ဟုတ်လား၊ သူခိုးဘေးမှ လွတ်ရပါလို၏ ..... (မှန်လှပါဘုရား) ဆိုထားငြားသော်လည်း မိမိသန္တာန်မှာပဲ ဒီ, တောတွေရှိနေမယ် ဆိုရင်ဖြင့် လွတ်အောင် ဘယ့်နှယ်လုပ်ကြမလဲ ..... (မလုပ် နိုင်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကို ပြောရတယ်၊ ကိုင်း..... ဒကာ ဒကာမတို့ ရာဇတောဝါကို မရတဲ့ပုဂ္ဂိုလ်တော်တော်ရှားတယ်..... (မှန်လှပါဘုရား) အဲဒီတော့ အသဒ္ဓမ္မတောဝါဆိုတာ ပါတယ် မဟုတ်လား၊

မသူတော်တရားဘေးမှလည်းကောင်း–(မှန်လှပါဘုရား) ရှင်းပြီလား၊ အသဒ္ဓမ္မတောဝါဆိုတာ ဘာပါလိမ့်..... (မသူတော် တရား) မသူတော်တရား၊ မသူတော်တရားဆိုတာ ကိုယ့်ဝမ်းထဲမှာ သူတစ်ပါး ပစ္စည်းကို မတရားသဖြင့် လိုချင်၊ ဘယ်သူသေတာ

www.dhammadownload.com



ကြိုက်တယ်၊ ဘယ်သူ့ဘက်က နိုင်တာ ကြိုက်တယ်။

ဘယ်သူနဲ့တော့ ခင်လို့၊ ဘယ်သူတော့ မုန်းလို့၊ ဒါမသူတော် စိတ်တွေ ဝမ်းထဲရှိတယ် ..... (မှန်လှပါဘုရား) ဒီတော့က ဒီဘေးကင်းရပါလို၏ ဆိုပေမယ့် ကိုယ့်စိတ်ထဲ ရောက်နေတယ် ..... (ရောက်နေပါတယ်ဘုရား) မသူတော်စိတ်က ကိုယ့်ဝမ်းထဲ ရောက်နေတော့ ဘေးကင်းရပါလို၏ ဆုတောင်းတာက အမှားဖြစ်နေတယ်..... (မှန်လှပါဘုရား) ကိုယ့်ဘေးသင့်နေတာ က ဝမ်းထဲကို ရောက်နေတယ် ..... (ရောက်နေပါတယ်ဘုရား) မရောက်သေးဘူးလား ..... (ရောက်နေပါတယ်ဘုရား)။

ဒါဖြင့် အသဒ္ဓမ္မတော၀လို့ ဆိုတာ ဒကာဒကာမတွေ ဝမ်းထဲမှာ မရှိမှ ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

အသဒ္ဓမ္မတော၀ါ မသူတော်တရားဘေးမှ လည်းကောင်း (မှန်လှပါဘုရား)။

မသူတော်တရားဘေးမှ လွတ်ရပါလို၏ ဆိုလို့ရှိရင် မသူတော်တရားနော် ..... (မှန်လှပါဘုရား) အဲဒါ ဒီဥစ္စာတွေက ဘယ်သူသေစေလို ဘယ်သူရှင်စေလို အစရှိသည် ဖြစ်နေမယ် ဆိုဒါသူတော်တရားလား၊ မသူတော်တရားလား..... (မသူတော် တရားပါဘုရား) အဲဒါ ဘယ်ရောက်နေသလဲ ..... (ဝမ်းထဲရောက်နေပါတယ်ဘုရား)။

www.dhammadownload.com



ပြီးတော့ သူက ဘေးလွတ်ရပါလို၏လို့ လုပ်လိုက်သေးတယ်..... (မှန်လှပါဘုရား) သူ့ဝမ်းထဲရောက်နေတယ် ..... (ရောက်နေပါတယ်ဘုရား) သဘောကျပလား၊ ဒါဖြင့် အသဒ္ဒမ္မတောဝါ ဆိုတာသည် ဝမ်းထဲရောက် နေလို့ရှိရင် သူလည်း ဆိုးဝါးတဲ့ တရားတစ်မျိုးပဲ ..... (မှန်လှပါဘုရား)။

ရှေ့ဆက်လိုက်ပါဦး၊ အသဒ္ဒမ္မတောဝါ ပြီးတော့ ရှေ့ဘာတုန်း ..... (အသန္နိဋ္ဌိတောဝါပါဘုရား) အသန္နိဋ္ဌိတောဝါ အမြင်မှားတဲ့ ဘေးမှလည်းကောင်း၊ အမြင်မှားတဲ့ ဘေး ..... (မှန်လှပါဘုရား) သဘောကျပြီလား၊ အသန္နိဋ္ဌိတောဝါဆိုတာ ဘာဘေးတဲ့ ..... (အမြင်မှားတဲ့ဘေးပါဘုရား)။

အဲ ..... အမြင်မှားဆိုတာက ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး က အနစ္စကြီး.....(မှန်လှပါဘုရား) ဒုက္ခကြီး.....(မှန်လှပါဘုရား) အနတ္တကြီး.....(မှန်လှပါဘုရား) အသုဘကြီး၊ အဲဒါကို တစ်ခါထဲ မှန်းစရာဖြစ်လာရင် အမြင်မှားပြီ ..... (မှန်လှပါဘုရား) ခင်စရာဖြစ်လာရင် ..... (အမြင်မှားပါပြီဘုရား)။

အဲဒီအမြင်မှားတဲ့ဘေးကလည်း ခင်ဗျားတို့၊ ဝမ်းထဲရောက်နေပြန်လို့ရှိရင်ခက်တယ် ..... (မှန်လှပါဘုရား) ခင်ဗျားတို့ကလည်း ဘေးလွတ်အောင်လို့ ပြောတာပဲ ..... (မှန်လှပါဘုရား) သူတို့က ဝမ်းထဲရောက်နေရင် မလွယ်ဘူး..... (မလွယ်ပါဘုရား)။

လွယ်သေးရဲ့လား..... (မလွယ်ပါဘုရား) ဒါဖြင့် ဒီနှစ်ခုကို မှတ်တည်ပြီး ပြောပါ့မယ်..... (မှန်လှပါဘုရား) အခု ဒကာဒကာမ

www.dhammadownload.com



တွေ ဝမ်းထဲမှာ မကြာမကြာ ရှိနေတာကအသဒ္ဓမ္မ တောဝါဆိုတဲ့ မသူတော်တရား၊ အသန္တိဋ္ဌိတောဝါဆိုတဲ့ လူကောင်၊ နတ်ကောင် ထင်နေတဲ့ အမြင်မှားတဲ့တရား ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

အသဒ္ဓမ္မတောဝါဆိုတာ ဘာတရားတဲ့ ..... (မသူတော်တရားပါဘုရား) မသူတော်တရား ဒုစရိုက်ဆယ်ပါးတွေပေါ့ဗျာ ..... (မှန်လှပါဘုရား) သဘောကျပြီလား ..... (ကျပါတယ်ဘုရား)။

အသန္တိဋ္ဌိတောဝါ အမြင်မှားဆိုတာက ဒကာဒကာမတို့ ဖြစ်ပျက်ရှိရက်နဲ့ ဖြစ်ပျက်ကို မမြင်ဘူး ..... (မှန်လှပါဘုရား)။ ဒါ ..... ဘာဘေးသင့်တာတုန်း ..... (အသန္တိဋ္ဌိ ဘေးသင့်တာပါဘုရား) အသန္တိဋ္ဌိတောဝါဆိုတာ အမြင်မှားတဲ့ ဘေးသင့်တာ (မှန်လှပါဘုရား) ဦးလှဘူးတို့ ကျေနပ်ပြီလား ..... (ကျေနပ်ပါတယ်ဘုရား)။

မသူတော်တရားဘေးနဲ့ အမြင်မှားတဲ့ဘေး၊ ဒီနှစ်ခု ဝမ်းထဲမှာ ခင်ဗျားတို့ ရှိနေမယ် ဆိုလို့ရှိရင် သံလိုက်လို့ ဘုန်းကြီးက ပြောတယ် ..... (မှန်လှပါဘုရား)၊ ဒါ ..... ဝမ်းထဲရောက်နေပြီ ဆိုကြပါစို့ ..... (မှန်လှပါဘုရား)။

ဒုစရိုက်ဆယ်ပါး၊ ပြီးတော့ ရုပ်နာမ်တွေကို ငါထင် သူထင်၊ ဘိုလူ့မှန်း ဒီလူ့ချစ်၊ ဟုတ်လား ..... (မှန်လှပါဘုရား) ဒါတွေ အမြင်မမှားသေးဘူးလား .....(မှားပါတယ်ဘုရား)။

www.dhammadownload.com



အင်း ..... ဖြစ်ပျက်တွေ ဉစ္စာပဲ၊ အနိစ္စတွေ ဉစ္စာပဲ၊ ချစ်စရာလဲမရှိဘူး၊မုန်းစရာလဲမရှိဘူး၊မှန်မှန် နေရမဲ့ဉစ္စာ..... (မှန်လှပါဘုရား)။ ဘယ်သူ့ချစ်တယ် ဘယ်သူ့မုန်းတယ်ဆိုတာ အမြင်မမှား ဘူးလား မှားသလား ..... (မှားပါတယ်ဘုရား) ဒီ, အမြင်မှားတဲ့ တရားလည်း ဝမ်းထဲမရှိဘူးလား ..... (ရှိပါတယ်ဘုရား) ဒါဖြင့် ..... အသဒ္ဓမ္မတောဝါ အသန္တိဋ္ဌိတောဝါရွတ်စမ်း ..... (အသဒ္ဓမ္မတောဝါ အသန္တိဋ္ဌိတောဝါ အ, သပ္ပုရိသတောဝါ) အင်း, ရှေ့ရွတ်လို့မရဘူး၊

အသဒ္ဓမ္မတောဝါ၊ အသန္တိဋ္ဌိတောဝါ သဘောကျပြီလား (ကျပါတယ်ဘုရား)၊ အသဒ္ဓမ္မတောဝါ နဲ့ အသန္တိဋ္ဌိတောဝါ၊ အသဒ္ဓမ္မတောဝါဆိုတာ ဝမ်းထဲမှာ မတရားတဲ့ စိတ်တွေ ..... (မှန်လှပါဘုရား) အသန္တိဋ္ဌိတောဝါဆိုတာက မိမိခန္ဓာကိုယ်ကြီးကို ငါ၊ သူ ထင်နေတာ။

သူတစ်ပါးကို ယောကျ်ားတွေ၊ မိန်းမတွေရယ်လို့ တကယ်ထင်နေတာ၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘတွေပျောက် .....(မှန်လှပါဘုရား) ဒီလို ထင်နေတာက အသန္တိဋ္ဌိတောဝါ ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဝမ်းထဲမှာ ဒီတရား နှစ်ခု ရှိနေလို့ရှိရင် ဒကာဒကာမတို့ သူတို့ သံလိုက် .....(မှန်လှပါဘုရား) ဘာတဲ့ ..... (သံလိုက်ပါဘုရား) သံလိုက်ဆိုတာ ဆွဲတတ်တယ် .....

www.dhammadownload.com



(မှန်လှပါဘုရား)။

သူတို့က ကုသိုလ်တရားတွေလား အကုသိုလ်တရားတွေလား ..... (အကုသိုလ်တရားတွေပါဘုရား)။

တစ်ခါထဲ ဒီဘက်က ဓားတို့၊ လှံတို့၊ သေနတ်တို့ ဆိုတဲ့ မကောင်းတဲ့ အကုသိုလ် အကျိုးပေးတွေဟာ သူတို့ရှိမှ လာတယ် ..... (မှန်လှပါဘုရား) သူတို့က ဆွဲယူတယ် (မှန်လှပါဘုရား) ရိပ်မိပလား၊ သူတို့က ဘာနဲ့တူသတုံး (သံလိုက်နဲ့တူပါတယ်ဘုရား) ဒါက သံရိုင်းတွေက တစ်ခါထဲ ဒီဝင်ကပ်ထားပဲ။

သံရိုင်းတွေက ဒီဝင်ကပ်တယ်၊ အင်း ..... အဖော်ရှိလို့ လာတာ ..... (မှန်လှပါဘုရား) အဖော်မရှိရင် ..... (မလာပါဘုရား) ဒီက သံလိုက်ကပ်ထားတာနဲ့ သံရိုင်းဓာတ်တွေက ဒီကနေ ဝင်ဝင်လာကြတယ်၊ ရှင်းပြီလား ..... (ရှင်းပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီနှစ်ခုဟာ ဒကာဒကာမတို့ ခုစရိုက် ဆယ်ပါးဆိုတဲ့ မသူတော်တရား ..... (မှန်လှပါဘုရား) အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှိရက်နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြင်တဲ့ အသန္တိဋ္ဌိတောဝါ အမြင်မှားတဲ့ဘေး ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

ဘာဘေးတဲ့ဗျာ ..... (အမြင်မှားတဲ့ဘေးပါဘုရား) တစ်နံပါတ်က မသူတော်တရားဘေး ..... (မှန်လှပါဘုရား) နှစ်နံပါတ်က ..... (အမြင်မှားတဲ့ဘေးပါဘုရား) အမြင်မှားတဲ့ဘေး။

www.dhammadownload.com



တစ်နံ့ပါတ်က ..... (မသူတော်တရားဘောပါဘုရား)၊ မသူတော်တရားဘော ..... (မှန်လှပါဘုရား)၊ နှစ်နံ့ပါတ်က (အမြင်မှားတဲ့ဘောပါဘုရား) အမြင်မှားတဲ့ဘော။

တစ်နံ့ပါတ်က ..... (မသူတော်တရားဘောပါဘုရား)၊ မသူတော်တရားဘော ..... (မှန်လှပါဘုရား)၊ နှစ်နံ့ပါတ်က (အမြင်မှားတဲ့ဘောပါဘုရား) ဒီနှစ်ခု ဝမ်းထဲရောက်နေလို့ ရှိရင် သံလိုက် ..... (မှန်လှပါဘုရား)။

ဒါဖြင့် ဒီကပ်တွေ ဓားဘော၊ လှံဘော၊ သေနတ်ဘော၊ မင်းဘော၊ စိုးဘော၊ သူခိုးဘော ဆိုတာတွေ သူတို့က ဆွဲတာ ..... (မှန်လှပါဘုရား) ဒီတရားနှစ်ခုက သံလိုက်မို့ ဒါတွေ ဆွဲယူလိုက်တာ ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘောကဟာ ကြောက်စရာလား၊ ဆွဲဓာတ် ကြောက်စရာလား ..... (ဆွဲဓာတ်က ကြောက်စရာပါဘုရား) ဒကာသိုက် သေသေချာချာမှတ်ပါ (မှန်လှပါဘုရား) ဦးလှဘူးကော ..... (မှတ်ပါတယ်ဘုရား)။

အဆွဲဓာတ်နဲ့ အလာဓာတ် ဘယ်ဟာ ကြောက်စရာကောင်း (ဆွဲဓာတ်က ကြောက်စရာ ကောင်းပါတယ်ဘုရား) အဆွဲဓာတ် ကြောက်စရာကောင်းတယ် ဆိုတာက အတော်ကို သေချာ တယ် ..... (မှန်လှပါဘုရား)။

အဆွဲဓာတ်က ဘယ်သူ့ဘာလိမ့်ဗျာ ..... (အသဒ္ဓမ္မတော၀ါ

www.dhammadownload.com



နဲ့ အသန္နိဋ္ဌိတောဝ ပါဘုရား)၊ ဟုတ်ပြီ အသဒ္ဓမ္မတောဝက စပါ ..... (မှန်လှပါဘုရား) ဘာတဲ့ (အသဒ္ဓမ္မတောဝ နဲ့ အသန္နိဋ္ဌိတောဝပါဘုရား) အသဒ္ဓမ္မတောဝ၊ အသန္နိဋ္ဌိတောဝ ..... (မှန်လှပါဘုရား)။

အသဒ္ဓမ္မတောဝ = မသူတော်တရား (မှန်လှပါဘုရား) အသန္နိဋ္ဌိတောဝ = အမြင်မှားတယ်လေ၊ ယောကျ်ားတွေ ရှိနေတယ်၊ မိန်းမတွေ ရှိနေတယ် ထင်နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို (မှန်လှပါဘုရား)။

အဲဒီတော့ အမြင်က မှားမနေဘူးလား ..... (မှားပါတယ်ဘုရား)။ အဲ ..... ဒီတရား နှစ်ခုက ဝမ်းထဲမှာ အမြဲတေပါပဲ၊ သံလိုက်ပါပဲ ..... (မှန်လှပါဘုရား)။

သူတို့ နှစ်ခုသာ ရှိနေမယ်ဆိုရင်ဖြင့် ဒီဘက်က ဟုတ်လား၊ ဝတ်မွတ် ခေါင်းပါးတဲ့ဘေး၊ အင်း ..... စီးပွားရေးအကြောင်း မညီညွတ်တဲ့ဘေး ..... (မှန်လှပါဘုရား)၊ ဟာ သေနတ်ဘေး၊ လူမုန်းများတဲ့ဘေး၊ ဝိုင်းပြီးသကာလ နှိပ်စက်တဲ့ဘေး ..... (မှန်လှပါဘုရား)၊ မသင့်ပေဘူးလား ..... (သင့်ပါတယ်ဘုရား)။

အင်း ..... သင့်ခြင်လို့သင့်ရတာလား၊ ဆွဲယူတာလား ..... (ဆွဲယူတာပါဘုရား)၊ သဘောကျပြီလား ..... (ကျပါပြီဘုရား) မယုံရင် ခင်ဗျားတို့ကြည့် လူတစ်ယောက်က ဒေါသကြီးပြီး ဟိုရမ်း ဒီရမ်း နေတယ်လို့ ဆိုလို့ရှိရင်ဖြင့် အရပ်က ဝိုင်းပြီး

www.dhammadownload.com



သကာလ ဒီကောင်တယ်ဆိုးတဲ့အကောင်ကွာ။ တို့တစ်ရပ်လုံးက ဝိုင်းရိုက်ကြစို့ ဆိုပြီးသကာလ တစ်ချို့နေရာ အရိုက်မခံရဘူးလား (ခံရပါတယ်ဘုရား)။

အဲဒါ ဒိဋ္ဌဓမ္မအကျိုးပေးတာ ..... (မှန်လှပါဘုရား)။ သူ့ဒေါသဇော ခုနစ်ကြိမ်၊ ပထမဇောက ဝင်အကျိုးပေးတာ (မှန်လှပါဘုရား)၊ ရိပ်မိပလား ..... (ရိပ်မိပါပြီဘုရား)။ အဲဒါ သူ့သန္တာန် မသူတော်တရား ရှိနေလို့၊ ဘေးက မသူတော်တွေက ဝိုင်းဝင်လာတာ ..... (မှန်လှပါဘုရား)၊ ရှင်းပြီလား ..... (ရှင်းပါပြီဘုရား)။

ဒီလောက်ဆိုးလှတဲ့ အကောင်၊ ဝိုင်းရိုက်ဆိုတော့ ဒကာဒကာမတွေ ဝိုင်းလာတာတွေဟာ ဒီလောက်ဆိုးလှတဲ့ တရားက ခေါ်တာ ..... (မှန်လှပါဘုရား)။ ဒီလောက်ဆိုးတဲ့ တရားက မခေါ်ရင် ဝိုင်းပြီးရိုက်ကြပါ့မလား ..... (မရိုက်ပါဘုရား)။

လာပါ့မလား ..... (မလာပါဘုရား)၊ ဒါဖြင့် ဘယ်သူက ခေါ်တာတုန်း.....(အသဒ္ဓမ္မတော့ဝါနဲ့ အသန္တိဋ္ဌိတော့ဝါဘုရား)။ အေး ..... ဘယ်သူတုန်း ပါဠိရွတ်စမ်း (အသဒ္ဓမ္မတော့ဝါနဲ့ အသန္တိဋ္ဌိတော့ဝါ ပါဘုရား)၊ ပေါ်ပြီလား ရှင်းပြီနော် ..... (ရှင်းပါတယ်ဘုရား)။ ဦးလှဘူးနေရာကျပြီလား ..... (ကျပါပြီဘုရား)၊ အင်း ..... ဒါဖြင့် ဘေးကလူတွေကို

www.dhammadownload.com



ကြောက်စရာလား၊ ဘေးကအန္တရာယ်တွေကြောက်စရာလား၊ အဆွဲဓာတ်ရှိတဲ့ တရားကြောက်ရမှာလား ..... (အဆွဲဓာတ်ရှိတဲ့တရား ကြောက်ရမှာပါဘုရား) သဘောကျပြီလား (ကျပါတယ်ဘုရား)။

ခင်ဗျားတို့ မသိလို့ ဝေဖန်ပြောနေတာ ..... (မှန်လှပါဘုရား)။ ခင်ဗျားတို့က ဒီဥစ္စာရွတ်နေတာ အသဒ္ဓမ္မတော၀ါ အသန္တိဋ္ဌတော၀ါ၊ တို့တော့ ဒါတွေရွတ်သကွ၊ အန္တရာယ်ကင်းရအောင် ..... (မှန်လှပါဘုရား)၊ ဝမ်းထဲတော့ သူကထားတယ် ..... (မှန်လှပါဘုရား) ရှင်းပြီလား။

ဝမ်းထဲ သူကထားတော့ ဒကာဒကာမတွေ သူကဘာဓာတ်နဲ့တူသလဲ ..... (သံလိုက်ဓာတ်နဲ့ တူပါတယ်ဘုရား)၊ သံလိုက်ဓာတ်နဲ့တူတော့ ဒီလောက်ဆိုးလှတဲ့ လူဆိုပြီး ဒီကဝိုင်းရိုက်သလို့ အကုန်လာကြတာပဲ၊ မကောင်းတာတွေ အကုန်မလာဘူးလား ..... (လာပါတယ်ဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝမ်းထဲမှာ ကပ်ကျော်ချင်လို့ ဟုတ်လား၊ ရှိကြလို့ရှိရင် ဒီတရားနှစ်ခုဖယ်မှ ..... (မှန်လှပါဘုရား)၊ သံလိုက်ဓာတ်ဖယ်ရင် ဒီသံရိုင်းတွေ လာဦးမလား (မလာပါဘုရား)၊ သံလိုက်သာ မဖယ်ဘူးဆိုရင် ..... (လာမှာပါဘုရား)။

www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့အပြင်ဘက်ကဟာ ကြောက်ရမှာလား အတွင်းက နှင်ဖို့ကို အရေးကြီးသလား ..... (အတွင်းက နှင်ဖို့ အရေးကြီးပါတယ်ဘုရား)။ အခုမှ ပေါ်ပေတော့တယ် ..... (မှန်လှပါဘုရား)၊ ဟင်း ..... ခင်ဗျားတို့ အပြင်ကသာ ကြောက်နေတာ (မှန်လှပါဘုရား) အတွင်းက ခေါ်ယူလို့ လာတာပါဆိုတာ ပေါ်ပြီလား ..... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပြင် မကြောက်ပါနဲ့ (မှန်လှပါဘုရား) အတွင်းကဟာကိုနှင်ပစ်ပါ..... (မှန်လှပါဘုရား)၊ အတွင်းကဟာ ကြောက်ပါ..... (မှန်လှပါဘုရား)၊ ကြောက်ဆိုရင် ကြောက်သည်နှင့် တစ်ပြိုင်နက် သူ့နှင်ပစ် (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အကြောက်လွဲနေတယ် ..... (မှန်လှပါ၊ အကြောက်လွဲနေပါတယ်ဘုရား)၊ ဘေးကြောက်နေတယ် (မှန်လှပါဘုရား)၊ ဆွဲတဲ့လူကို (မကြောက်ပါဘုရား)။

ဒကာသိက် ဘယ့်နှယ်လဲ (ဘေးကြောက်နေပါတယ်ဘုရား)၊ ဘေးတော့ ကြောက်နေတယ်၊ ဒကာဒကာမတွေရ၊ ဆွဲတဲ့လူကိုတော့ (မကြောက်ပါဘုရား)၊ ဒါဖြင့် ဆွဲတဲ့လူက ဝမ်းထဲ ရောက်နေတာ၊ သူကခေါ်ယူတယ်ဆိုတော့ ခင်ဗျားတို့က ဟိုဟာ ပရိတ်နဲ့ တားလို့ ရပါ့မလား ..... (မရပါဘုရား)၊ ဒါဖြင့် သူ ထုတ်ပစ်လိုက်ရင် လာပါဦးမလား (မလာပါဘုရား)။

www.dhammadownload.com



ဒါဖြင့် အရေးကြီးတာက ဘေးကို ကာကွယ်ဖို့နဲ့ သူထုတ်ပစ်ဖို့ ဘယ်ဟာအရေးကြီးသတုံး.....(သူ့ထုတ်ပစ်ဖို့က အရေးကြီးပါတယ်ဘုရား) အခုမှ တရားပေါ်လာပေတော့တယ်.....(မှန်လှပါဘုရား)မပေါ်သေးဘူးလား.....(ပေါ်လာပါတယ်ဘုရား)။

အေး ..... သူ့ ထုတ်ပစ်ရမယ် ..... (မှန်လှပါဘုရား) သူ့ထုတ်ပစ်ရမယ်၊ ကဲ ..... ဦးလှဘူး နေရာကျပြီလား ..... (ကျပါပြီဘုရား) ဒါဖြင့် သူက အကုသိုလ်တရား ..... (မှန်လှပါဘုရား)။

အသဒ္ဓမ္မ = မသူတော်တရား ..... (မှန်လှပါဘုရား) အသန္တိဋ္ဌိ = အမြင်မှားတဲ့တရား၊ အဲဒီတော့ မသူတော်တရားဆိုတာက ဒုစရိုက်ဆယ်ပါး ..... (မှန်လှပါဘုရား) အသန္တိဋ္ဌိတော့ဝါ အမြင်မှားတဲ့ဘေးဆိုတာက သက္ကာယဒိဋ္ဌိ ..... (မှန်လှပါဘုရား) ဟုတ်လား.....(မှန်လှပါဘုရား)မိစ္ဆာဒိဋ္ဌိပေါ့။

ဒါဖြင့် ဒုစရိုက်ဆယ်ပါးနဲ့ မိစ္ဆာဒိဋ္ဌိ ဝမ်းထဲမရှိမှ၊ ဘေးကကပ်တွေ မလာမှာ ..... (မှန်လှပါဘုရား) သူတို့နှစ်ခုရှိနေရင်တော့ .....(လာမှာပါဘုရား) လာမှာ။

ဟိုကလာတာလား၊ သူကဆွဲတာလား.....(သူကဆွဲတာပါဘုရား) ဒါဖြင့် ဟိုကြောက်ရမှာလား၊ သူ့ကြောက်ရမှာလား..... (သူ့ကြောက်ရမှာပါဘုရား) ပေါ်ပြီလား၊ ဒကာဒကာမတွေ..... (ပေါ်ပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် သူ့နှင်မှပေါ့ ဦးလှဘူးရ ..... (မှန်လှပါဘုရား) သူ့မနှင်ရင်တော်ပါ့မလား .....(မတော်ပါဘုရား) အေး..... ဒါ့ကြောင့် ကဲ ..... ဒါဖြင့် ဘေးက ရန်သူမျိုးငါးပါး ..... (မှန်ပါဘုရား) တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ဒကာဒကာမတွေ ဘေးက ဘာပါလိမ့် ..... (ရန်သူမျိုးငါးပါးပါဘုရား)။

ရန်သူမျိုး ငါးပါးနဲ့ အတွင်းရန်နှစ်ပါး ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး ..... (အတွင်းရန်နှစ်ပါးက ကြောက်စရာ ကောင်းပါတယ်ဘုရား) သို့သော် ခင်ဗျားတို့ကဆုတောင်းယူကြတာက ရန်သူမျိုးငါးပါး ကင်းရပါလို၏ဘုရား ..... (မှန်လှပါဘုရား) ဟင် ..... အပြင်ကဟာ မလာပါစေနဲ့ ..... (မှန်လှပါဘုရား)။

အတွင်းကတော့ ဖြစ်ချင်သလို ဖြစ်ပါရစေ ..... (မှန်လှပါဘုရား) ဒီလိုကျနေတာ ..... (မှန်လှပါဘုရား) ဟုတ်လား၊ အတွင်းမှာကတော့ဖြင့် ရန်တွေ ရှိမှန်းလည်း မသိတော့ ဒကာဒကာမတွေသည် အတော်ပဲ အမြင်မှား နေတယ် ..... (မှန်လှပါဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ ခင်ဗျားတို့ အတွင်းရန် အပြင်ရန်ဆိုတာ ပေါ်ပြီ ..... (ပေါ်ပါပြီဘုရား) ဒါဖြင့် အတွင်းရန်နဲ့ အပြင်ရန် ဘယ်ရန်ကြောက်ရမယ် ..... (အတွင်းရန်ကြောက်ရမှာပါဘုရား)။

www.dhammadownload.com



ဘယ့်နှယ်ကြောင့် အတွင်းရန် ကြောက်ရပါ့မလဲ လို့ မေးရင် –(သံလိုက်မို့ပါဘုရား) သံလိုက်၊ ဆွဲတယ်ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား) ဘယ်ဟာတွေများ ဆွဲပါလိမ့်မလဲ ..... (ရန်သူမျိုးငါးပါးပါဘုရား)။

အပြင်ရန်ဖြစ်တဲ့ရန်သူမျိုးငါးပါး..... (မှန်လှပါဘုရား) သဘောကျပြီလား ..... (ကျပါတယ်ဘုရား) ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ ဒါတွေ ဒီတရားနှစ်ခုက အသဒ္ဓမ္မတောဝါက ဆွဲတယ်။ အသန္တိဋ္ဌိတောဝါက ဆွဲတယ်– (မှန်လှပါဘုရား)။

ဒုစရိုက်ဆယ်ပါးနဲ့ မိစ္ဆာဒိဋ္ဌိက ဒါတွေဆွဲတာပဲ ..... (မှန်လှပါဘုရား) ဒါတွေဆွဲတော့ ဒီဟာတွေသည်ကား ဆိုရင် အတွင်းဝင်လာကြမယ် ..... (မှန်လှပါဘုရား) ဝင်လာကြတော့ ဒီပုဂ္ဂိုလ် သေခြင်းဆိုးသေရ၊ ဟုတ်လား၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲကြုံရ..... (မှန်လှပါဘုရား) ဒီလိုမနေရဘူးလား ..... (နေရပါတယ်ဘုရား)။

အဲဒါကံမကောင်းအကြောင်းမသင့်လို့လား၊ အဆွဲဓာတ် မနှင်နိုင်လို့လား .....(အဆွဲဓာတ် မနှင်နိုင်လို့ပါဘုရား) ဒါ သတိထားရမယ် ..... (မှန်လှပါဘုရား) ကံမကောင်း အကြောင်းမသင့်လို့ မဟုတ်ဘူး ..... (မှန်လှပါဘုရား)

www.dhammadownload.com



အဆွဲတာတ်ကို ..... (မနှင်နိုင်လို့ပါဘုရား) လက်ခံတတ်တဲ့ တရား မနှင်မိလို့ ကိုယ်ကျိုးနဲ့ရတယ် - (မှန်ပါဘုရား) သဘောပါပြီလား - (ပါပါပြီဘုရား) ဘယ်တရား မနှင်မိလို့ - (လက်ခံတတ်တဲ့ တရားမနှင်မိလို့ပါဘုရား) သဘောကျပြီလား။

အေး ဒါဖြင့် လက်ခံတတ်တဲ့တရား မနှင်မိလို့ဆိုတော့ လက်ခံတတ်တဲ့တရား နှင်မယ်ဆိုလို့ရှိရင်ဖြင့် အခေါ်ရှိမှ လာမဲ့တရားတွေ၊ လာပါဦးမလားလို့ မေးလိုက်တယ် - (မလာပါဘုရား) လာဦးမလား - (မလာပါဘူးဘုရား)။

အခေါ်ရှိမှလာမှာကို - (မှန်လှပါဘုရား) အခေါ်မရှိရင် - (မလာပါဘုရား) ကိုင်း ခင်ဗျားတို့ လောကီပုံအတိုင်း အညှိရှိမှယင်အုံတာ - (မှန်လှပါဘုရား) ဒီအညှိရှိလို့ ဒီယင်တွေအုံတာ - (မှန်လှပါဘုရား) ဒီအညှိမရှိဘူး - (ယင်မအုံပါဘူးဘုရား) လာပါဆိုလို့ကော - (မလာပါဘုရား) သဘောကျပြီလား သဘောကျပြီလားဒကာဒကာမတို့ - (ကျပါပြီဘုရား)။

အေး ..... ဒါကြောင့် အမှိုက်ပုံထားလို့ ခွေးချေး လာသိုတာကို ခွေးမိုက်လိုက်တာလို့ မဆိုနဲ့ ကိုယ်အမှိုက် ပုံတာက စ,မိုက်တာ ..... (မှန်လှပါဘုရား) သဘောကျပြီလား။

www.dhammadownload.com



ဘယ့်နှယ်ဆိုရမယ် ဒကာသိုက်ရေ၊ ကိုယ်အမှိုက်ပုံထားတာက လမ်းလယ်ပုံထားတော့ ခွေးချေးလာယိုတယ်၊ ဒီခွေးတယ်မိုက်ပါလားဆိုတော့ခွေးမိုက်တာကိုသိတာကို..... (မှန်လှပါဘုရား) ကိုယ်က မပုံကောင်းတဲ့နေရာ ပုံထားတာတော့ (မသိပါဘုရား) ရိပ်မိပလား ..... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အမှိုက်ရှိရာ ခွေးချေးစုတယ်ဆိုတာကို သဘောကျပလား ..... (ကျပါပြီဘုရား) ဒါဖြင့် ကိုယ့်သန္တာန်မှာ ရှိတဲ့အမှိုက်တွေ နှင်လိုက်လို့ရှိရင် ခွေးချေးနဲ့တူတဲ့ ရန်သူမျိုးငါးပါး ..... (မလာပါဘူးဘုရား) သဘောကျပြီလား၊ နေရာကျပြီလား ..... (ကျပါပြီဘုရား)။

ဒါဖြင့်ခင်ဗျားတို့ကပ်ကျော်တရား ဟောနေတော့ဒါဟာ ကပ်ဆွဲတရား.....(မှန်လှပါဘုရား)ရှင်းပြီလား.....(ရှင်းပါပြီဘုရား)။

ကပ်ဆွဲတရားကို နှင်ကြစို့ ..... (မှန်လှပါဘုရား) ဒီရန်သူမျိုးငါးပါး မကြောက်ပါနဲ့ ..... (မှန်လှပါဘုရား) ဘာကြောက်ရမှာတုံး ..... (ကပ်ဆွဲတရားကြောက်ရမှာပါဘုရား)။

ကပ်ဆွဲတရားကြောက် ..... (မှန်ပါဘုရား) ကပ်ကို မကြောက်နဲ့၊ သဘောပါပြီလား ..... (မှန်လှပါဘုရား) ဒါဖြင့်

www.dhammadownload.com



ဒီကပ်ဆွဲတရားနှစ်ခုဟာ မသူတော်တရား ..... (မှန်လှပါဘုရား) အမြင်မှား ..... (မှန်လှပါဘုရား) သဘောကျပြီလား ..... (ကျပါတယ်ဘုရား)။

မသူတော်တရားရယ်၊ အမြင်မှားရယ် ..... (မှန်လှပါဘုရား) မသူတော်တရားက ဒုစရိုက်ဆယ်ပါး ..... (မှန်လှပါဘုရား) အမြင်မှားက မိစ္ဆာဒိဋ္ဌိ..... (မှန်လှပါဘုရား) ဒီနှစ်ခုကြောက် ..... (မှန်လှပါဘုရား) ပေါ်ပြီလား ..... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ သူ့ဝမ်းထဲသူ၊ သူ့ဟဒယ ဝတ္ထုပေါ်မှာ ရောက်ရောက်နေတယ် ..... (မှန်လှပါဘုရား) ဟဒယဝတ္ထုပေါ်ရောက်နေတော့ သူနေတဲ့နေရာမှာ သူ့နှင် နိုင်တဲ့တရား သွင်းရလိမ့်မယ် ..... (မှန်လှပါဘုရား) သူနေတဲ့နေရာမှာ သူနှင်နိုင်တဲ့တရား သွင်းရလိမ့်မယ် ..... (မှန်လှပါဘုရား) မသွင်းရင် ဖြစ်ပါ့မလား ..... (မဖြစ်ပါ ဘုရား) မဖြစ်ရင် သူကမထွက်ဘူး ..... (မှန်လှပါဘုရား)။

တစ်ယောက်ထွက်ရင် သူလိုလူပဲ ပြန်ဝင်တယ် ..... (မှန်လှပါဘုရား) သူလိုလူ ပြန်ဝင်လာရင် သူ့အဖော်တွေက လာမှာပဲ ..... (မှန်လှပါဘုရား) သဘောပါပြီလား ..... (ပါပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် သူ့နှင်မှပေါ့ ..... (မှန်လှပါဘုရား) ကိုင်း ..... ဒကာဒကာမတို့ အဆွဲဓာတ် နှင်ကြပါစို့ ဆိုတော့။ သူသည် ဟဒယဝတ္ထုပေါ်မှာ နေတယ် ..... (မှန်လှပါဘုရား) ဟောဒီ တရားနှစ်ခုစလုံး ဘယ်နေသတုံး ..... (ဟဒယဝတ္ထုပေါ် နေပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဝိပဿနာဉာဏ်ဇော အဲဒီပေါ် ရောက်အောင်လုပ် ..... (မှန်လှပါဘုရား) ဘယ့်နှယ်လုပ် ကြမယ် ..... (ဝိပဿနာဉာဏ်ဇောရောက်အောင် လုပ်ရပါ မယ်ဘုရား) အဲဒီရောက်လို့ရှိရင်တော့ သူတို့က မနေနိုင် ပြန်ဘူး ..... (မှန်လှပါဘုရား) ရှိသေးရဲ့လား ..... (မရှိပါ ဘုရား)။

ဒါဖြင့်အဆွဲဓာတ်ပြုတ်သွားကတည်းက အလာဓာတ်က လာပါဦးမလား..... (မလာပါဘူးဘုရား) ဒါဖြင့် ခင်များတို့၏ ကိုးစားရာ အားထားရာ အစစ်တွေ့ပြီလား ..... (တွေ့ပါပြီ ဘုရား) ဝိပဿနာဉာဏ်ပဲ ..... (မှန်လှပါဘုရား) ဘာ ဉာဏ်ပါလိမ့် ..... (ဝိပဿနာဉာဏ်ပါဘုရား)။

ကိုင်း ..... ဒါဖြင့် ဝိပဿနာ၊ ဒါတွေ ဝိပဿနာဇော ခုနစ်ကြိမ် ပြန်လှည့်လိုက်တော့ ..... (မှန်လှပါဘုရား) ဒကာသိုက် ဝိပဿနာ တစ်ခါရှုလိုက်လို့ ရှိရင် ဘယ်နှစ်ကြိမ်

www.dhammadownload.com



ဖြစ်ပါလိမ့် ..... (ခုနစ်ကြိမ်ဖြစ်ပါတယ်ဘုရား) ခုနစ်ကြိမ် ဖြစ်တော့ ကိုယ့်စိတ်ကလေးတွေ ကိုယ်ရှုပြီးသကာလ နေကြတော့။

ဒကာဒကာမတွေ ကိုယ့်သန္တာန်၊ ထွက်သက် ဝင်သက် စိတ်ကလေးရှုရှု၊ ဟုတ်ပလား၊ အင်း၊..... လောဘစိတ်ကလေး ဝင် ကြားဖြတ်ဝင်လာလည်း၊ သူ့ဖြစ်ပျက်ရှု..... (မှန်လှပါဘုရား) အင်း ..... စိတ်မချမ်းသာတာကလေး ဝင်လာပြန်တော့ ..... (သူ့ဖြစ်ပျက်ရှုမှာပါဘုရား)။

အင်း ..... သံသယကလေးရှိလာရင် ..... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ပြန့်လွင့်လာရင်ကော ..... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အိပ်ချင်လာရင်ကော ..... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အိပ်ချင်တဲ့ စိတ်ကလေး ဖြစ်ပျက် ရှုပေး ..... (မှန်ပါဘုရား) သဘောကျပြီလား ..... (ကျပါပြီ ဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်ချည်း ရှုပစ်လိုက်တဲ့ အခါကျလို့ ရှိရင်ဖြင့် ဖြစ်ပျက်ရှုတာသည် မဂ်ပဲ ..... (မှန်လှပါဘုရား)၊ မဂ်ဆိုရင် ပထမဓောက စ, ပေါ်တယ်၊ မပေါ်ဘူးလား ..... (ပေါ်ပါတယ်ဘုရား)။

ပထမဓောကစ ပေါ်တော့ ဒကာဒကာမတို့ ဟဒယဝတ္ထုပေါ်မှာ သွားပေါ်တယ် ..... (မှန်လှပါဘုရား)၊ ခုနှင်

www.dhammadownload.com



ကတုန်းက မသူတော်တရား နှစ်ခုကလည်း ဟဒယဝတ္ထု ပေါ်မှာ နေတာပဲ..... (မှန်လှပါဘုရား)။

ဒီကနေပြီးသကာလ ဆရာဘုန်းကြီးပေးတဲ့နည်း အတိုင်း ဒကာဒကာမတွေ ကိုယ့်စိတ်ကိုယ် ရှုနေလိုက်ပြီ ဆိုမှဖြင့် သူတော်တရားရောက်လာတယ် ..... (မှန်လှပါ ဘုရား)၊ ဟုတ်လား ..... (မှန်လှပါဘုရား)။

သူတော်တရားနှင့် သမ္မာဒိဋ္ဌိ ရောက်လာတယ်၊ သူတော်တရားဆိုတာ သူတော်ကောင်း လုပ်တဲ့တရား၊ ဒိဋ္ဌိသဿနာရှုဆိုတာ သူတော်ကောင်းလုပ်တဲ့တရား ..... (မှန်လှပါဘုရား)၊ ဒီအထဲမှာ သမ္မာဒိဋ္ဌိမပါဘူးလား ..... (ပါပါတယ်ဘုရား)။

သူတော်တရားနှင့်သမ္မာဒိဋ္ဌိပါနေတဲ့အတွက် မသူတော် တရားနှင့် မိစ္ဆာဒိဋ္ဌိတရားက ပြေးတယ် ..... (ပြေးပါတယ် ဘုရား)၊ ပေါ်ပြီလား ..... (ပေါ်ပါပြီဘုရား)၊ သူတော် တရားနှင့် သမ္မာဒိဋ္ဌိဆိုတာ ပထမဇောပါပဲ ..... (မှန်လှပါ ဘုရား)။

အဲဒါ ဒကာဒကာမတွေက မှန်မှန်ကန်ကန်သာ ဖြစ်ပျက်ကလေး တွေ့တိုင်း တွေ့တိုင်း ရှုရှုနေကြမယ်ဆို၊ သူတော်တရားနှင့်သမ္မာဒိဋ္ဌိလာတယ် .... (မှန်လှပါဘုရား)၊

www.dhammadownload.com



သူတော်တရားနှင့်သမ္မာဒိဋ္ဌိလာရင်ဘယ်သူပြေးပါမယ် ..... (မသူတော်တရားနှင့် မိစ္ဆာဒိဋ္ဌိ ပြေးပါတယ်ဘုရား)၊ မသူတော်တရားနှင့် မိစ္ဆာဒိဋ္ဌိပြေးတယ် ..... (မှန်လှပါဘုရား)။

သူတော်တရားနှင့် သမ္မာဒိဋ္ဌိလာရင် ..... (မသူတော်တရားနှင့် မိစ္ဆာဒိဋ္ဌိပြေးပါတယ်ဘုရား)၊ သဘောကျပြီလား ..... (ကျပါတယ်ဘုရား)၊ ဒါဖြင့် ပရိတ်ရွတ် လို့ပြေးတာလား၊ ရွတဲ့ဉာဏ်လေး ရောက်လာလို့ ပြေးတာလား ..... (ရွတဲ့ဉာဏ်လေး ရောက်လာလို့ ပြေးတာပါဘုရား)။

အဲဒါကြောင့် ဟိုဟာက ဝဋ်ကံ၊ ဒါက မနောကံ ..... (မှန်လှပါဘုရား)၊ ရှင်းပြီလား..... (ရှင်းပါပြီဘုရား)၊ ဝဋ်ကံနဲ့ လာတာ ဝဋ်ကံနဲ့ဖြေရင်ရတယ် ..... (မှန်လှပါဘုရား)၊ သူက နဂိုက ဝမ်းထဲ မနောကံနဲ့ နေတဲ့ မသူတော်တရား၊ မိစ္ဆာဒိဋ္ဌိ (မှန်လှပါဘုရား) အဲဒါ မနောကံလာလို့ မနောကံနဲ့ ပယ်ထုတ်တယ် ..... (မှန်လှပါဘုရား)၊ ဒါကြပ်ကြပ်မှတ်ပါ .....(မှန်လှပါဘုရား)။

အရင် ဟိုပရိတ်ရွတ်တာက ဝဋ်ကံကိုဗျာ ..... (မှန်လှပါဘုရား)၊ ဝဋ်ကံနဲ့ လာတာဖြင့် ဟိုက ဝဋ်ကံ လာလို့ ဝဋ်ကံနဲ့ ထုတ်ရရင် တော်ပါရဲ့ ..... (မှန်လှပါဘုရား)။

အခု မသူတော်တရားနဲ့ မိစ္ဆာဒိဋ္ဌိက ဘာကံ

www.dhammadownload.com



တုန်းမေးလို့ ရှိရင် သေသေချာချာ စဉ်းစား၊ မနောကံ (မှန်လှပါဘုရား) ဟုတ်ပြီလား ..... (မှန်လှပါဘုရား)။

မိစ္ဆာဗျာပါဒ မိစ္ဆာဒိဋ္ဌိက မနောကံကိုး ..... (မှန်လှပါဘုရား) အဘိဇ္ဈာဗျာပါဒ တွေကလည်း မသူတော်တရား၊ မိစ္ဆာဒိဋ္ဌိကလည်း မနောကံ မသူတော်တရားဘဲ ..... (မှန်လှပါဘုရား)။

ဒါဖြင့် မနောကံကို မနောကံနဲ့ နှင်ရမယ် ..... (မှန်လှပါဘုရား) ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။ ဘာကံ ဘာနဲ့ နှင်ရမယ် ..... (မနောကံ မနောကံနဲ့ နှင်ရပါမယ်ဘုရား)။

ခင်ဗျားတို့ ဖြစ်နေတာက ဝစီကံကို ခင်ဗျား တို့က မနောကံနဲ့ နှင်လို့လည်း မရဘူး၊ ခင်ဗျားတို့ နှင်နေတာက ညကျပရိတ်ရွတ်၊ ဟောတုပစ္စယော၊ အာရမ္မဏပစ္စယောနဲ့ ဟာ..... ပရိတ်ကြီးရွတ်လို့ရွတ်၊ ဝစီကံတွေနဲ့ လုပ်နေတယ် ..... (မှန်လှပါဘုရား)။

မနောကံက ဝမ်းထဲမှာ ..... (မှန်လှပါဘုရား)၊ ပြေးကိုမပြေးဘူး ..... (မပြေးပါဘုရား) ရှင်းပြီလား၊ ဒါဖြင့် မနောကံ ဘာနဲ့နှင်ရမယ် (မနောကံနဲ့ နှင်ရပါမယ်ဘုရား)၊ ဒကာသိုက်တို့ လွဲနေလို့ ဖြေတာ ..... (မှန်လှပါဘုရား)။

လွဲနေလို့ ဒီအဖြေကို တာရှည် ဆွဲပြောပေးနေတာ

www.dhammadownload.com



..... (မှန်လှပါဘုရား)၊ ခင်ဗျားတို့ နေ့တိုင်း နေ့တိုင်း ရွတ်နေတဲ့ ဥစ္စာက တစ်ခါတည်း ရာဇတော်ဝါ၊ စောရတော်ဝါ ဥုံတွေများ ခံလို့ပေါ့ဗျာ၊ ဘုရားတောင် ဖျက်သေးတာပဲ ..... (မှန်လှပါ ဘုရား)။

ဟင် ..... ဥုံပါတယ်ဆိုတော့ ဘုရားဖျက်တာ ..... (မှန်လှပါဘုရား)၊ သဘောကျပြီလား ..... (ကျပါတယ် ဘုရား)၊ အဲဒီကဲ့သို့ ဒကာဒကာမတွေသည် ဝစီကံတွေ ရွတ်ပြီးတော့ အန္တရာယ်တွေကင်းလိမ့်မယ်၊ ဘေးအတန်တန် ရန်အထပ်ထပ်မှ ကင်းရပါလို၏လို့ ဆိုငြားသော်လည်း မနောကံက မပြေးဘူး ..... (မှန်လှပါဘုရား)၊ ပြေးရဲ့လား ..... (မပြေးပါဘုရား)။

အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိ မနောကံက ပြေးရဲ့လား..... (မပြေးပါဘုရား) မပြေးတော့ မနောကံနဲ့ရှု ..... (မှန်လှပါဘုရား) မပြေးရင် သံလိုက်ဆွဲလိမ့်ဦးမယ်သူ၊ ရှင်းပြီလား ..... (ရှင်းပါတယ်ဘုရား)။

မပြေးရင် ဘာတဲ့ ..... (သံလိုက်ပါဘုရား) သံလိုက် ဆိုရင်ခုနှင်ကရန်သူမျိုးငါးပါးဆွဲမယ်..... (မှန်လှပါဘုရား)၊ မဆွဲပေဘူးလား ..... (ဆွဲမှာပါဘုရား)။

ကောင်းပြီ။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ

www.dhammadownload.com



ဘယ်လိုလုပ်မှ သင့်မယ်ဆိုတာကော ဒီနေ့ တရားပေါ်ပြီလား ..... (ပေါ်ပါပြီဘုရား) နဂိုက ကိန်းနေတာက မနောကံ .....(မှန်လှပါဘုရား) အခုနှင်ရမှာလည်း ..... (မနောကံပါ ဘုရား)။

ကိုင်း ..... ဒါဖြင့် ဝိပဿနာဆိုတာက ပါးစပ်က ရွတ်ရတာလား၊ စိတ်ထဲက ကြည့်ရှုရတာလား၊ မနောထဲက ကြည့်ရှုရ တာလား ..... (မနောထဲက ကြည့်ရှုရတာပါ ဘုရား)။

ဒါဖြင့် ..... မနောကံနဲ့နှင် ..... (မှန်လှပါဘုရား) ယောင်ရမ်းပြီးသကာလ၊ ဝေါင်အော်။ မြှောက်အော် အော်နေလို့မဖြစ်ဘူး.....(မှန်လှပါဘုရား)ရိပ်မိပြီလား..... (ရိပ်မိပါပြီဘုရား) အတော်ဆိုးနေလို့ ပြောနေပါတယ် ..... (မှန်လှပါဘုရား)။

ဒကာဒကာမတွေ အရေးကြီးလို့ ရှိရင် ဣတိပိသော ရွတ်လိုရွတ်၊ ဟေတုပစ္စယော ရွတ်လိုရွတ် ..... (မှန်လှပါဘုရား) ဝမ်းထဲမှာ ဒီကံတွေရှိရက်ပဲ ..... (ရှိရက်ပါ ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ ဝိပဿနာ အလုပ် လုပ်ပြီးသကာလ နေပါ၊ ဘုန်းကြီး ရှင်းပြမယ် ..... (မှန်လှ ပါဘုရား) နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်တွေဟာ

www.dhammadownload.com



ဒကာဒကာမတို့ မီးရှို့လို့ မလောင်ဘူး ..... (မှန်လှပါဘုရား) လောင်ပါ့မလား ..... (မလောင်ပါဘူးဘုရား) မလောင်ဘူး ..... (မှန်လှပါဘုရား)။

သဘောကျပြီလား ..... (ကျပါပြီဘုရား) အဲဒီတော့ ဒကာဒကာမတို့ ဘေးကနေဝိုင်းပြီး မီးရှို့တာတောင် သူ့မနောကဲ အကုသိုလ်အခံမရှိလို့ ..... (မှန်လှပါဘုရား) အလျှင်းမလာနိုင်ဘူး၊ လာနိုင်သေးရဲ့လား ..... (မလာနိုင်ပါဘုရား)။

ကဲ ..... ဒါဖြင့် ဒကာဒကာမတို့ မနောကံ၊ မကောင်းတဲ့ မနောကံကို မနောကံချင်း ဖယ်ရှားထုတ်ရမယ် ..... (မှန်လှပါဘုရား) ထုတ်တတ်ပြီလား ..... (ထုတ်တတ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုတာသည် ဘာကံတုံး ..... (မနောကံပါဘုရား) ဒါဖြင့် မနောကံဖြစ်လို့ ရှိရင် ခုနင်ကခေါ်တတ်တဲ့မနောကံသံလိုက် မနောကံတွေဦးလှဘူး ..... (မှန်လှပါဘုရား) ရှိပါ့မလား ..... (မရှိပါဘုရား)။

သူလည်း ဟဒယဝတ္ထုပေါ် ပေါ်တာကိုး ..... (မှန်လှပါဘုရား) အင်း ..... အခုရှုတဲ့ မနောကံကကော ..... (ဟဒယဝတ္ထုပေါ် ပေါ်ပါတယ်ဘုရား) ဒါဖြင့် ပြေးရောပေါ့မျှာ ..... (မှန်လှပါဘုရား)။

www.dhammadownload.com



အင်း..... ဒါဖြင့်အခေါ်ဓာတ်ပြေးပေါ့ဗျာ၊ အလာဓာတ်တွေ လာပါဦးမလား ..... (မလာပါဘုရား) အင်း ..... အန္တရာယ်ကင်းလို့ ဘေးရှင်းလိမ့်မယ်ဆိုတာ သေချာတယ် ..... (သေချာပါတယ်ဘုရား) မသေချာသေးဘူးလား ..... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ အလုပ်ဟာ ဘာကံပါလိမ့် ..... (မနောကံပါဘုရား)ပါးစပ်နဲ့ လုပ်လို့မရဘူး၊ ကိုယ်နဲ့ ရှုလို့မရဘူး ..... (မရပါဘုရား) ဉာဏ်နဲ့ဆိုတဲ့ မနောကံနဲ့ ရှုမှရမယ် ..... (မှန်လှပါဘုရား) တစ်ခြားသောနည်းနဲ့ ရှုလို့ရပါ့မလား ..... (မရပါဘုရား) ဒါ့ကြောင့် ဘာ,ဘာချင်းနှင်ရပါ လိမ့် ..... (မနောကံချင်းနှင်ရပါမယ်ဘုရား)။

ဒါ့ကြောင့်မနောကံ မနောကံချင်းနှင်လိုက်လို့ရှိရင်ဖြင့် အခေါ်ဓာတ်ဖြစ်တဲ့ မနောကံတွေကပြေး ..... (ပြေးပါတယ်ဘုရား) ပြေးတဲ့အတွက် အလာဓာတ်ဖြစ်တဲ့ ကပ်တွေက အနားရောက်ဦးမလား ..... (မရောက်ပါဘုရား)။

ဒါဖြင့် အန္တရာယ်ကင်း ဘေးရှင်းဆိုတာသည် ဒါအသေအချာဆုံးပဲ ..... (မှန်လှပါဘုရား) ဒကာသိုက် သဘောပါပြီလား ..... (ပါ–ပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် ကျုပ်တို့ ဘာများလုပ်နေဖို့ သင့်ပါလိမ့် .....(ဝိပဿနာလုပ်နေဖို့ သင့်ပါတယ်ဘုရား) ဝိပဿနာလုပ်တော့ ဝမ်းထဲ ဘာကံဖြစ် ..... (မနောကံဖြစ်ပါတယ်ဘုရား)၊ ဒါဖြင့် အကုသိုလ်မနောကံတွေကပြေး ..... (ပြေးပါတယ်ဘုရား) ကုသိုလ်မနောကံတွေက ..... (ရောက်ပါတယ်ဘုရား) အင်း ..... ဝမ်းထဲရောက်လာသောကြောင့် အကုသိုလ်တွေ အကုန်မရှိတော့ဘူး ..... (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သံလိုက်တွေ ထုတ်ပစ်တယ်၊ ပယောဂတွေ ဝမ်းထဲရှိသေးလား ..... (မရှိပါဘုရား) ပယောဂမှ မရှိဘဲနဲ့ ဟုတ်လား၊ စုန်းတို့ သရဲတို့ သဘက်တို့က လာပူးချင်လို့ ..... (မရပါဘုရား) ရသေးနဲ့လား ..... (မရပါဘုရား) ဘာကြောင့်တုန်းမနောကံပယောဂမရှိလို့..... (မှန်လှပါဘုရား) သဘောကျပြီလား။

ဒါဖြင့် ဒကာဒကာမတို့ ဘာလုပ်နေဖို့ သင့်တယ်ဆိုတာ ပေါ်ပြီလား .... (ပေါ်ပါပြီဘုရား)၊ ဘာလုပ်နေရမယ် ..... (ဝိပဿနာလုပ်နေရပါမယ်ဘုရား)။

အဲ ..... ဝိပဿနာမနောကံ နဲ့နေပါ၊ ဘာမှ ကြောက်လန့်ပြီး မနေနဲ့၊ ဒါပဲ အားကိုးရမှာပဲ၊ ရှင်းပြီလား..... (ရှင်းပါပြီဘုရား)။

www.dhammadownload.com



အဲ ..... တိုင်းရေး ပြည်ရေးက ဘာတွေရှုပ်နေနေ ဒီမနောကံသာကောင်းဖို့လိုတယ် ..... (မှန်လှပါဘုရား) ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ် ဘာလုပ်ကြမယ် ..... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဘယ်စိတ်ပေါ်ပေါ်ဖြစ်ပျက်ရှုတော့ဘာနဲ့ရှုပါလိမ့်..... (မနောကံနဲ့ ရှုပါတယ်ဘုရား)။

အဲ ..... ဖြစ်ပျက်က ဓမ္မာရုံ ..... (မှန်လှပါဘုရား)၊ မနောကံက မနောဒွါရ ..... (မှန်လှပါဘုရား)၊ ဓမ္မာရုံကို မနောဒွါရနဲ့ ရှုတာ (မှန်လှပါဘုရား) ရှင်းပြီလား .... (ရှင်းပါတယ်ဘုရား) ဘာကိုဘာနဲ့ ရှုပါလိမ့် ..... (ဓမ္မာရုံကို မနောဒွါရနဲ့ ရှုတာပါဘုရား) သဘောကျပြီလား ..... (ကျပါပြီဘုရား)။

ကောင်းပြီ ..... ဒါဖြင့် ဒီလိုမဂ်ဇောဟာ ဘယ်နှစ်ကြိမ် စောပါလိမ့် ..... (ခုနစ်ကြိမ်စောပါတယ်ဘုရား)။ ပထမ ဇောက ဘယ်အချိန် အကျိုးပေးမှာပါလိမ့် ..... (ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်းပါဘုရား)။

အခုအချိန်ကစ၍ (ခုနစ်) ရက်၊ (ခုနစ်)လ၊ (ခုနစ်)နှစ် ဆိုတော့ ကျုပ်တို့ အခါကာလ ဆိုင်းသေးလား .....

www.dhammadownload.com



(မဆိုင်းပါဘုရား)၊ ဒါဖြင့် အကာလိကော (မှန်လှပါဘုရား)။


အခါမလင့် အကျိုးပေးတယ် ..... (မှန်လှပါဘုရား)၊ သဘောပါပြီလား ..... (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဒီဟာပဲ လုပ်နေဖို့ အရေးဟာ နိဗ္ဗာန်လည်း ရောက်တယ် ..... (မှန်လှပါဘုရား)။

ကပ်လည်း ကျော်တယ် ..... (မှန်လှပါဘုရား)၊ ဒီဟာထက်ကောင်းဘယ်ရှာတွေ့မလဲ ..... (မတွေ့ပါဘုရား)၊ သဘောပါပြီလား ..... (ပါပါပြီဘုရား)။

ကိုင်း ..... ယနေ့သည်တွင် တော်ကြစို့။

သာဓု .... သာဓု .... သာဓု ပါဘုရား။

✵ ✵ ✵




www.dhammadownload.com

# ဒီအလုပ်နှင့်နေရစ်ကြပါ

ဟောကြားသည့်နေ့
(၁၄-၇-၆၂)

၉၃

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ် (၂) မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၃၂၀၅၀၀၀၈၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၃၂၀၅၁၇၀၈၀၇ |
| ပုံနှိပ်ခြင်း | – | |
| အုပ်ရေ | – | |

**ထုတ်ဝေသူ** ဦးတင်ကိုဦး
ရွှေရည်မြင့်မြတ်–စာပေ
အမှတ်–၅၈၀ (ခ)၊ အောင်ရတနာလမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဒေါ်သင်းသင်းကြိုင် (မြ–၀၃၉၄၅)
ဆန်းမြသီဂိ–ပုံနှိပ်တိုက်
အမှတ် (၁၉၉)၊ (၅၁)လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၉၁၄၂၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ နောက်ဆုံးဟောကြားသော
တရားတော်

# ဒီအလှမ်းနှင့်နေရစ်ကြပါ

(၁၄-၇-၆၂)

---

တိုတို့နဲ့ အလုပ်စခန်းဆိုတာလဲ ဒကာ ဒကာမတွေ ရပြီးသားပါဋ္ဌိကို ဘုန်းကြီးများက ဆက်သွယ်ပြီးသကာလ ရှင်းအောင်ပြောလို့ရှိရင် သြော်...ဒါ အလုပ်စခန်းပါလား ဆိုတာ ပေါ်လာပါလိမ့်မယ်...။ (မှန်ပါ့)။

**သင်္ခါရဆိုတာ**

အဲဒီတော့ အလုပ်စခန်းမဟောမီ ရှေ့အဖို့ကာလ၌ သင်္ခါရသိဖို့ ဟောရဦးမယ်...။ (မှန်ပါ့)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့ မသိတဲ့ ပုဂ္ဂိုလ်ပြုလုပ်တာသည် သင်္ခါရ ဖြစ်ပါတယ်၊ ဒီသင်္ခါရဆိုတာ ဘာပါလိမ့်မတုံးလို့မေးတဲ့အခါ ကျတော့ ပြုပြင်တတ်တဲ့တရားကိုသင်္ခါရလို့ ခေါ်ပါတယ်...။ (မှန်ပါ့)၊ ပြုပြင်တတ်တဲ့တရားဘာခေါ်ကြမယ်...။ (သင်္ခါရ ခေါ်ပါတယ်)။

www.dhammadownload.com



## ပဋိသန္ဓေစိတ်ဆိုတာ ဝိညာဏ်

ဒါဖြင့် သူက ပြုပြင်လိုက်တော့ ဒီဘက်မှာ ပစ္စုပ္ပန်ဘဝ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေစိတ်တွေ ပေါ်ပါတယ်...။ (မှန်ပါ)၊ ပေါ်တော့ ဒီတရားလဲ ဒကာ ဒကာမတို့ သူက ရုပ်နာမ်ကို ပြုပြင်မှာဖြစ်သောကြောင့် သူ့ကို သင်္ခါရဆိုရင်ကော လွဲပါ့မလား...။ (မလွဲပါဘုရား)။

ဒါဖြင့် သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံဆိုတော့ ဝိညာဏ်က တစ်ခါပြုပြင်တာနဲ့ နာမ်ရုပ် မဖြစ်ဘူးလား...။ (ဖြစ်ပါတယ်)၊ နာမ်ရုပ်ကပြုပြင်တော့ သဠာယတန...(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် သဠာယတနဆိုတဲ့ တရားသည် ပြုပြင်လို့ ပေါ်တဲ့ တရား၊ ဒါကြောင့် သူ့ကိုလဲ သင်္ခါရတရားလို့ မှတ်လိုက်စမ်းပါ၊ ပြုပြင်လို့ပေါ်တဲ့တရား ဘာမှတ်ကြမယ်...။ (သင်္ခါရတရားပါဘုရား)၊ ပြုပြင်လို့ပေါ်တဲ့တရား ဘာမှတ်
၆ ကြမယ်...။ (သင်္ခါရပါ)။

ဩော်...ဒါဖြင့် သဗ္ဗေသင်္ခါရာဆိုတာဟာ ပြုပြင်လို့ ပေါ်လာတဲ့ တရားပဲလို့ မှတ်ရမယ်၊ ပြုပြင်လို့ ပေါ်လာတဲ့ တရား ဘာခေါ်ကြမယ်...။ (သင်္ခါရပါဘုရား)။

ဒါဖြင့် အနိစ္စာဂတသင်္ခါရာဆိုတာ ဩော်...ဒီတရားဟာ သင်္ခါရတရား၊ စိတ်တရားဟာ သင်္ခါရတရားလို့ မှတ်ထား

www.dhammadownload.com



လိုက်စမ်းပါ၊ စိတ်တွေပဉ္စသန္ဓေ ဘာခေါ်ကြမယ်...။ (သင်္ခါရပါ ဘုရား)။

အနိစ္စာဝတ သင်္ခါရာဆိုတော့ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝတ၊ စင်စစ်။ အနိစ္စာ၊ အမြဲမရှိကုန်။ ပြုပြင်လို့ပေါ်လာတဲ့ တရားသည် ပေါ်ပြီးသည့်အခြားမဲ့၌ အနိစ္စအမြဲမရှိတော့ ဖြစ်ပြီးပျက်တယ်ဆိုတဲ့ အဓိပ္ပါယ်မရဘူးလား...။ (ရပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ကလေးတွေဘယ်စိတ်ပေါ်ပေါ် ခင်ဗျားတို့သန္တာန်၌ ,သင်္ခါရတရားမှတ်ပါ...။ (မှန်ပါ)၊ ဘယ်စိတ်ပေါ်ပေါ် ဘယ့်နှယ်ဆိုကြမယ်...။ (သင်္ခါရတရားပါ)၊ ဘယ်စိတ်ပေါ်ပေါ် သင်္ခါရတရားလို့ မှတ်လိုက်တော့ကို ဒကာ ဒကာမတို့ ရ,ထားတဲ့ဂါထာကမြတ်စွာဘုရားဟောထားတဲ့ ပါဠိတော်က အနိစ္စာဝတ သင်္ခါရာ၊ ဝတ၊ စင်စစ်။ သင်္ခါရာ၊ ဒီအကြောင်းတရားက ပြုပြင်လို့ပေါ်လာတဲ့...သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။

## သင်္ခါရဟာ အနိစ္စလမ်းဆုံးတယ်

ဒါဖြင့် ဒီသင်္ခါရဟာ အမြဲရှိပါရဲ့လား...။(မရှိပါဘုရား)၊ ဒါဖြင့် သင်္ခါရဟာ အနိစ္စလမ်းဆုံးတယ်...။ (မှန်ပါ)၊ ပြုပြင်လို့ ပေါ်လာတဲ့ တရားဟာ ဘယ်လမ်းဆုံးသလဲ...။ (အနိစ္စလမ်းဆုံးတယ်၊-ဒီက နာမ်ရုပ်က ပြုပြင်လို့ သူ ပေါ်လာတာ

www.dhammadownload.com



ကိုး…။ (မှန်ပါ)၊ သဥ္စာယတနဆိုတဲ့စိတ် မပေါ်ဘူးလား…။ (ပေါ်ပါတယ်)၊ အဲ…ပေါ်လာတဲ့တရားဟာ ဘယ်မှာလမ်းဆုံး သတုံး၊ အနိစ္စမှာ…(ဆုံးပါတယ်ဘုရား)။

ဒါဖြင့်…ပေါ်လာတာသခ်ါရ၊ ပျက်တာသည် အနိစ္စ… (မှန်ပါ)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)။

ပေါ်လာတာသည်…(သခ်ါရပါဘုရား)။

ပျက်တာသည်… (အနိစ္စပါဘုရား)။

ပေါ်လာတာသည်…(သခ်ါရပါဘုရား)။

ပျက်သွားလို့ရှိရင်…(အနိစ္စပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ် သခ်ါရ၊ ပျက်သွားရင်…(အနိစ္စ)။

ဘယ်စိတ်ပေါ်လာလာ…(သခ်ါရပါ)။

ပျက်သွားရင်…(အနိစ္စပါ)။

ဒါဖြင့် ဒကာ ဒကာမတို့သန္တာန်မှာ စားချင်စိတ် ပေါ်လာတုန်း ဘာခေါ်မယ်…(သခ်ါရပါဘုရား)၊ စားချင်စိတ် ကလေး ပျက်သွားရင်…(အနိစ္စပါဘုရား)၊ ဩော်…ဒါဖြင့် နေရာကျပြီ၊ ဒကာ ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ ဘယ် စိတ်ပေါ်ပေါ် အနိစ္စနဲ့သခ်ါရသာ ရှိရမယ်…(မှန်ပါ)၊ ရှင်းကြ ပလား…(ရှင်းပါပြီ)၊ ဘယ်စိတ်ပေါ်ပေါ် ဘာရှိရမလဲ… (အနိစ္စနဲ့ သခ်ါရသာရှိရပါမယ်)။

www.dhammadownload.com



အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။

ဒါ ဘယ်ပါဠိတော်က လာသတုံး ဆိုတော့ သံယုတ်ပါဠိတော်က ပရိနိဗ္ဗာနသုတ်တွေမှာလဲ ဘုရားဟောခဲ့ပါတယ်၊ အနိစ္စာဝတ သင်္ခါရာဆိုတာကလေးက ဝတဆိုတာ စင်စစ်ကွ၊ သင်္ခါရ၊ ပြုပြင်လို့ပေါ်လာတဲ့ တရားသည်။ အနိစ္စာ၊ ပျက်၏။

စိတ်ဆိုတာ ပြုပြင်လို့ ပေါ်လာတာ၊ ပြုပြင်လို့ပေါ်လာတဲ့ တရားကို ဘာခေါ်ကြမတုံး...(သင်္ခါရပါဘုရား)၊ ပျက်သွားတော့...(အနိစ္စ)၊ ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ...(သင်္ခါရပါ)၊ ပျက်သွားလို့ရှိရင်...(အနိစ္စပါ)။

## အာရုံဒွါရက ပြုပြင်လို့ပေါ်လာတဲ့ စိတ်

ဒါဖြင့် ဒကာ ဒကာမတို့သန္တာန်၌ အာရုံဒွါရက ပြုပြင်လို့ ပေါ်လာတဲ့စိတ်၊ အဲဒီစိတ်ပေါ်နေတုန်းကို သင်္ခါရလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)၊ ပျက်သွားရင် ဘယ့်နှယ်ခေါ်မယ်...(အနိစ္စပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဖြစ်တဲ့စိတ်သည် ဘယ်စိတ်မဆို အာရုံဒွါရက ဖြစ်စေသောကြောင့် ပေါ်လာတဲ့ သင်္ခါရလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)၊ သဘောပါပလား...။ (ပါ,ပါပြီ)၊ အာရုံဒွါရက ပြုပြင်လို့ ပေါ်လာတဲ့စိတ်ဟူသရွေ့ ဘာခေါ်ကြမလဲ...။ (သင်္ခါရပါဘုရား)၊ ဒါဖြင့် ပေါ်ဆဲ

www.dhammadownload.com



သင်္ခါရ၊ ရှင်းကြလား...။ (ရှင်းပါပြီ)၊ ပျက်သွားရင်...(အနိစ္စပါဘုရား)။

ပေါ်လာရင်...(သင်္ခါရပါဘုရား)။

ပျက်သွားရင်...(အနိစ္စပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့သန္တာန်၌ ဘယ်တရားသာ ရှိပါလိမ့်မတုံးဆိုတော့ သင်္ခါရနဲ့အနိစ္စပဲရှိပါတယ်၊ ဦးပြ ဘာရှိပါလိမ့်...။ (သင်္ခါရနဲ့အနိစ္စပဲရှိပါတယ်ဘုရား)၊ စိတ် ကလေးတစ်ခုပေါ်လာတယ်၊ ဘာဆိုကြမယ်...။ (သင်္ခါရပါ)၊ ပျက်သွားရင်...(အနိစ္စပါဘုရား)၊ ရှင်းကြပလား...။ (မှန်ပါ့၊ ရှင်းပါပြီ)။

ဒါဖြင့် ပေါ်လာတာ သင်္ခါရ၊ ပျက်တာ အနိစ္စဆိုကော့ ကြားစိတ်ကလေးပေါ်လာရင်လဲ သြော်...သင်္ခါရကလေး ပေါ်လာတယ်၊ ပျက်သွားရင်လဲ အနိစ္စရောက်သွားပြီ၊ စားစိတ် ကလေး လျှာအလယ်မှာ ပေါ်လို့ရှိရင်လဲ သြော်...ပေါ်လာ ပြန်ပြီ သင်္ခါရတရားကလေး၊ ပျက်သွားပြန်ပြီ ဆိုတော့ သြော်...သင်္ခါရဟာ အနိစ္စလမ်းဆုံးပါကလားဆိုတာ မပေါ် ဘူးလား...။ (ပေါ်လာပါတယ်ဘုရား)၊ ဒါ သေသေချာချာ မှတ်ပါ၊ ဒကာ ဒကာမတို့ အရေးတကြီး ပြောနေတယ်၊ ဝိပဿနာအလုပ်ချည်း ယနေ့ပြောရမှာ ဖြစ်နေလို့...။ (မှန်ပါ့)။

www.dhammadownload.com



ဒကာ ဒကာမတွေ အလုပ်ကျန်ရစ်မှသာလျှင် ထွက်ရပ်လမ်း ပေါက်မှာပါ၊ နာကောင်းလို့ ထွက်ရပ်လမ်းမပေါက်ပါဘူး...။ (မှန်ပါ့)၊အဲဒါကြောင့် အလုပ်ကိုပဲ ယခု နာရိက နာရိဝက် နောက်ကျတယ်၊ နာရီဝက်ပဲ ဖြည့်ဟောပေးပါမယ်...။ (မှန်ပါ့)၊ ဒီတရားကလေးဟာတဲ့ စိတ်ကလေးတစ်ခု ဒကာ ဒကာမတွေ သန္တာန်မှာပေါ်လာတယ်၊ သူများ ပြုပြင်လို့ ပေါ်လာသောကြောင့် ဘာဆိုကြမယ်...။ (သင်္ခါရပါ)၊ သင်္ခါရနော်...။ (မှန်ပါ့)၊ ပျက်သွားတဲ့အခါကျတော့.... (အနိစ္စပါဘုရား)။

ဒါဖြင့် အနိစ္စပတ် သင်္ခါရဆိုတာ သဘောကျရောပေါ့...။ (ကျပါပြီဘုရား)၊ ဝတ၊ စင်စစ်။ သင်္ခါရာ၊ ပြုပြင်လို့ ပေါ်လာတဲ့ ဝသရားတို့သည်။ အနိစ္စာ၊ ပျက်ကုန်၏ဆိုတော့ ခင်ဗျားတို့၏ ကျုပ်တို့၏သန္တာန်မှာ ပေါ်လေသမျှ သင်္ခါရ။

ပျက်လေသမျှ...(အနိစ္စပါ)၊ ပေါ်လေသမျှ...(သင်္ခါရပါ)၊ ဒါဖြင့် ဒီတရားနာလာကြတာတွေဟာ မည်သူမည်ဝါတွေလဲလို့ မေးလို့ရှိရင်ဖြင့် သင်္ခါရတရားတွေ၊ အနိစ္စတရားတွေဆိုရင် လွဲပါ့မလား...။ (မလွဲပါဘုရား)၊ ဒီအထဲမှာ ယောကျ်ားတွေ၊ မိန်းမတွေ ပါသေးသလား၊ သင်္ခါရအနိစ္စချည်းပဲလား...။ (သင်္ခါရအနိစ္စချည်းပါဘုရား)။

ဒါဖြင့် တစ်ကိုယ်လုံး ရုပ်ရော,နာမ်ရောဟာ ပေါ်လာတာ သင်္ခါရ၊ပျက်တာက အနိစ္စ၊မှတ်ထားလိုက်တာပေါ့...။(မှန်ပါ့)။

www.dhammadownload.com



ပေါ်လာတာ...(သင်္ခါရပါ)။

ပျက်တာ...(အနိစ္စပါဘုရား)။

ရှင်းပြီနော်...။ (မှန်ပါ)၊ ဒါဖြင့် အနိစ္စာဝတသင်္ခါရာကို ဘုရားက မသိမှာစိုးတဲ့အတွက် ဩော်...ပေါ်လာတာ သင်္ခါရ၊ ပျက်တာအနိစ္စ၊ မသိမှာစိုးတဲ့အတွက်ကွာ၊ မင်းတို့ လျှာရှည်မနေပါနဲ့တော့၊ ဥပ္ပါဒနဲ့ ဝယပါပဲ...။ (မှန်ပါ)၊ မပြောဘူးလား...။ (ပြောပါတယ်ဘုရား)။

ဥပ္ပါဒဝယဓမ္မိနောလို့ မလာဘူးလား...။ (လာပါတယ်)၊ ဓမ္မိနော၊ ဒီသဘောတရားကို ပြောရမှာဖြင့်။ ဥပ္ပါဒ ဝယော၊ ဖြစ်မှု,ပျက်မှုသာရှိတယ်၊ ဒကာ ဒကာမတွေသန္တာန်မှာ ဘာရှိပါလိမ့်...။ (ဖြစ်မှု,ပျက်မှုသာရှိပါတယ်ဘုရား)၊ စိတ်ကလေးပေါ်လဲ ဖြစ်မှု,ပျက်မှုပဲ၊ ဝေဒနာကလေးပေါ်ရင်ကော...(ဖြစ်မှု,ပျက်မှုပါ)၊ အင်း...ဟင်-ဖဿကလေး ပေါ်လာရင်ကော...(ဖြစ်မှု,ပျက်မှုပါဘုရား)။

ဖြစ်မှု, ပျက်မှုချည်းရှိတယ်ဆိုတော့၊ ဘုန်းကြီးက စိတ္တာနုပဿနာ အဓိကထား ဟောနေတော့ ဒကာ ဒကာမတို့ သန္တာန် ဘယ်စိတ်ပေါ်ပေါ် ဘာရှိတုံး...။ (ဖြစ်မှု, ပျက်မှုပဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သာရှိတယ်ဆိုတာ ဒီပါဠိတော်ကလာတာ...။ (မှန်ပါ)၊ သဘောပါကြပလား...။ (ပါ,ပါတယ်ဘုရား)၊ ခင်ဗျားတို့ တစ်ကိုယ်လုံးမှာ ဘာရှိတုံး...။ (ဖြစ်

www.dhammadownload.com



ပျက်ပဲ ရှိပါတယ်)၊ ရုပ်ကြည့်လိုက်ရင်...(ဖြစ်ပျက်ပါဘုရား)၊ အင်း...ဟင်–နာမ်ကြည့်လိုက်လဲ...(ဖြစ်ပျက်ပါဘုရား)၊ နာမ်ထဲက အသေးစိတ်ပြီး စိတ်ကြည့်လိုက်ပြန်တော့... (ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်သာရှိတယ်ဆိုတာ မရှင်းသေးဘူးလား...။ (ရှင်းပါပြီ)။

## ဖြစ်ခြင်း၊ ပျက်ခြင်းသဘော

ကဲ...ဒါဖြင့် အနိစ္စာဝတ သခါရကို မလုံလောက်တာနဲ့၊ နားရှုပ်နေမှာစိုးတာနဲ့ ဘုရားက ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောသာရှိတယ်၊ မပေါ်ကြသေးဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် စိတ်ကလေးသည် သူ ဘယ်သဘောသတ္တိရှိပါလိမ့်...။ (ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိပါတယ်)၊ စိတ်ကလေးတစ်ခု ပေါ်လာတိုင်း, ပေါ်လာတိုင်း ဘာရှိပါလိမ့်...။ (ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိပါတယ်ဘုရား)၊ ပေါ်ခြင်း, ပျောက်ခြင်းသာရှိတယ်ဆိုတာ မရှင်းကြသေးဘူးလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် 'ဥပ္ပါဒဝယ ဓမ္မိနော' ဓမ္မိနော၊ တရားသဘောအတိုင်း ပြောရမှာဖြင့်တဲ့၊ ဥပ္ပါဒနဲ့ ဝယပဲ ရှိတယ်ကွ၊ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ ဘာရှိပါလိမ့်...။(ဥပ္ပါဒနဲ့ ဝယပဲ ရှိပါတယ်)၊ ဥပ္ပါဒနဲ့ ဝယပဲရှိတယ်၊ တစ်နည်းအားဖြင့် ဖြစ်ပျက်သာရှိတယ်၊ သဘောပါပလား...။ (ပါ,ပါပြီ

www.dhammadownload.com



ဘုရား)၊ ခန္ဓာကိုယ်ထဲ ဘာရှိပါလိမ့်...။ (ဖြစ်ပျက်သာရှိပါတယ်ဘုရား)၊ ဖြစ်ပျက်သာရှိတယ်ဆိုတာ သေချာကြပလား...။ (သေချာပါတယ်)။

ကောင်းပြီ၊ ဒါဖြင့် သင်္ခါရတရား ပျက်တတ်သည်ဆိုတာ သဘောပါပလား...။ (ပါ,ပါတယ်)၊ ဖြစ်တတ်တဲ့တရား ပျက်သည်ဆိုတာကော...(ပါ,ပါတယ်ဘုရား)၊ ဒီပါဠိနှစ်ခုက အတူတူပဲလို့ မှတ်လိုက်စမ်းပါ၊ အနိစ္စာဝတသင်္ခါရနဲ့ ဥပ္ပါဒဝယဓမ္မိနောဟာ ထပ်ပြီး ထင်ရှားအောင် ဟောတော်မူတာလို့ ဒကာ ဒကာမတွေက မှတ်လိုက်ဟာပေါ့။

နောက်တစ်ခါလာပြန်တော့ ခင်ဗျားတို့ ရ,ထားတာက ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ မလာဘူးလား...။ (လာပါတယ်ဘုရား)၊ ဥပ္ပဇ္ဇိတွာ၊ ဒီစိတ်ကလေးဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏ ဆိုတဲ့ ဥစ္စာလဲ ဒကာ ဒကာမတို့ ဖြစ်ပျက်ပဲ ထပ်ဟောတာ...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါတယ်ဘုရား)၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိဆိုတာ ဘာပါလိမ့်...။ (ဖြစ်ပျက်ကို ထပ်ဟောတာပါဘုရား)၊ ကောင်းပြီ။

ဒါဖြင့် အနိစ္စဝတ သင်္ခါရကလဲ ဖြစ်ပျက်ပဲ၊ ဥပ္ပါဒဝယဓမ္မိနောကကော...(ဖြစ်ပျက်ပါပဲဘုရား)၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိကကော...(ဖြစ်ပျက်ပါပဲဘုရား)။

www.dhammadownload.com



## အရေးကြီးလို့ သုံးခါထပ်ပြောထားတယ်

ဩော်...ဖြစ်ပျက်ကို မင်းတို့ အရေးကြီးတယ်လို့ သုံးခါထပ်ပြောတယ်၊ ဒကာ ဒကာမတို့ ဖြစ်ပျက်အရေးကြီးတယ်လို့ ဘယ်နခါထပ်ပြောသလဲ...။ (သုံးခါထပ်ပြောပါတယ်)၊ ဒီပါဠိဟာ များသောအားဖြင့် လူတိုင်း ရပါတယ်၊ အနိစ္စာဝတသင်္ခါရာဆိုတာ မရကြဘူးလား...။ (ရပါတယ်)၊ ဥပ္ပါဒဝယဓမ္မိနော ဆိုတာကော...(ရပါတယ်)၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ဆိုတာကော...(ရပါတယ်)၊ ရကြတယ်တဲ့၊ အဲဒါ ဒကာ ဒကာမတွေက ဘယ့်နှယ်ကြောင့် ဘုရားဟောထားပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အလုပ်,လုပ်ဖို့ ဟောထားတယ်။

## အလုပ်,လုပ်ဖို့ ဟောထားတာ

ဦးမြ...ဘယ်အကျိုးငှာလဲ...(အလုပ်,လုပ်ဖို့ ဟောထားပါတယ်)၊ အလုပ်,လုပ်ဖို့ ဟောထားတယ်ဆိုတာ ဒကာ ဒကာမတွေက မှတ်လိုက်စမ်းပါ၊ မင်းတို့သန္တာန်မှာ စိတ်ကလေးပေါ်လဲ ဖြစ်ပျက်ပဲရှိသဟေ့...ရုပ်ကလေးပေါ်ကော... (ဖြစ်ပျက်ပဲရှိပါတယ်)၊ ဝေဒနာကလေးပေါ်ကော...(ဖြစ်ပျက်ပဲ ရှိပါတယ်)။

ဖြစ်ပျက်ပဲရှိတယ်ဆိုတော့ ဒကာ ဒကာမတွေက ဒီဖြစ်ပျက်ကို ဘုန်းကြီးပေးထားတဲ့ 'သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ,

www.dhammadownload.com



သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ မဂ်နဲ့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင် လုပ်ပါ၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘာနဲ့ဘာ ကိုက်အောင်လုပ်ရမလဲ...။ (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ရမှာပါ)၊ ဒါဖြင့် စိတ်က ဖြစ်ပျက်၊ မဂ္ဂင်ငါးပါးက...မဂ်။

စိတ်က...(ဖြစ်ပျက်ပါဘုရား)။

မဂ္ဂင်ငါးပါးက...(မဂ်ပါဘုရား)။

ဒီလိုချည်း ဒကာ ဒကာမတွေက မိအောင် ရှုနေလို့ ရှိရင်...တဲ့၊ ဒီဘက်က ၃–နံပါတ်ဆိုတဲ့ တဏှာ,ဥပါဒါန်,ကံတွေဟာ မပြတ်ဘူးလား...ပြတ်သလား...။ (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စချုပ်တယ်၊ သဘောပါကြပလား...။ (ပါ,ပါပြီ)၊ ဘာချုပ်သလဲ...။ (ပပဉ္စချုပ်ပါတယ်ဘုရား)၊ ပပဉ္စနိရောဓော နိဗ္ဗာနံကိုး၊ ပပဉ္စချုပ်တာလဲ နိဗ္ဗာန်ပဲကွ...။ (မှန်ပါ)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ချဲ့မည့်တရားမှ မရှိတော့ဘဲ ဒကာ ဒကာမတို့၊ ချဲ့တဲ့တရား ခန္ဓာပေါ်ဦးမလား...။ (မပေါ်ပါဘုရား)၊ မပေါ်ရင် ဘာခေါ်ကြမလဲ...။ (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ပပဉ္စနိရောဓော နိဗ္ဗာနံဆိုတာ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီ)၊ ပပဉ္စချုပ်လို့ ဘာတုံး...။ (နိဗ္ဗာန်ပါ)၊ နိဗ္ဗာန်ပေါ်လာတယ်ဆိုတာ သေချာပလား...။ (သေချာပါ

www.dhammadownload.com



တယ်)၊ ပပဉ္စဆိုတာ ပပဉ္စတစ်ခုလုံးကို ဖွံ့လိုက်ရင် သမုဒယ သစ္စာပါပဲ...။ (မှန်ပါ့)၊ ရှင်းဗလား...။ (ရှင်းပါပြီ)။

**အနာဂတ်မှရမည့် နိဗ္ဗာန်**

ဒါဖြင့် ပပဉ္စနိရောဓော နိဗ္ဗာနံဆိုတာ မှတ်လိုက်စမ်းပါ၊ သဘောပါကြရဲ့လား...။ (ပါ,ပါတယ်)၊ ပပဉ္စချုပ်လဲ... (နိဗ္ဗာန်ပါ)၊ နိဗ္ဗာန်ပဲဆိုတာ သေချာကြပလား...။ (သေချာပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် အခုဟာက ဒီဘက်က ချုပ်တာ ပြောတာနော်...။(မှန်ပါ့)၊ဒီက မဂ်နဲ့လာတဲ့အခါကျတော့ ၂-နဲ့ ၃-အစပ်မှာ မဂ်လာတဲ့အတွက် ၃-နံပါတ်ချုပ်တယ်လို့ ပြောတယ်၊ ဒါက ဒကာ ဒကာမတွေ မှတ်ပါတဲ့၊ အနာဂတ်မှ ရမည့်နိဗ္ဗာန်။

အခုချက်ချင်း ရချင်တဲ့ နိဗ္ဗာန်က ရှိသေးတယ်...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ အခုချက်ချင်း ဉာဏ်အောက်မှာ ရောက်လာတဲ့ နိဗ္ဗာန်က အရေးကြီးတယ်...။ (မှန်ပါ့)၊ နောက်မှ ရမည့် နိဗ္ဗာန်က ခန္ဓာဆုံးမှ ရမည့်နိဗ္ဗာန်ကို အသာထားလိုက်။

**ယနေ့ရမည့် နိဗ္ဗာန်**

ယနေ့ ဟောမှာက ယနေ့ ပစ္စုပ္ပန်ဘဝတွင် ယနေ့ရမည့် နိဗ္ဗာန်ကို ဟောပါလိမ့်မယ်၊ ဒကာ ဒကာမတွေ

www.dhammadownload.com



မှတ်ထားစမ်းပါ…။ (မှန်ပါ)၊ ယနေ့ရမည့်နိဗ္ဗာန်ကို ယနေ့ ဟောပါလိမ့်မယ်၊ နောက်မှ ခန္ဓာဆုံးရမည့် နိဗ္ဗာန်ကို မဟော ပါဘူး…ဒါဖြင့် သဥပါဒိသေသ နိဗ္ဗာန်ကိုဟောမယ်၊ အနု ပါဒိသေသနိဗ္ဗာန် မဟောသေးဘူး၊ စာသမားတွေအတွက် မှာနော်…။ (မှန်ပါဘုရား)။

ဒီပါဠိတော်က ဘာဟောသတုံးဆိုတော့ သဥပါဒိ သေသနိဗ္ဗာန်ကို ဟောထားတယ် ဒကာ ဒကာမတို့၊ စိတ် ကလေး ပေါ်တိုင်း,ပေါ်တိုင်း ဘယ်လိုရှုကြမယ်…။ (ဖြစ် ပျက် ရှုရပါမယ်)၊ ဖြစ်ပြီး ပျက်တယ်လို့ ဒီမဂ်နဲ့ မရှုနိုင် ဘူးလား…။ (ရှုနိုင်ပါတယ်ဘုရား)။

မဂ်နဲ့ ရှုနိုင်တဲ့အခါကျတော့ကိုတဲ့၊ ခုနက ပါဠိတော် ပြန်ကြည့်ပါ၊ အနိစ္စာဝတသင်္ခါရ ဖြစ်ပျက်၊ ဥပ္ပါဒဝယဓမ္မိ နော ဆိုတာကော…(ဖြစ်ပျက်ပါပဲ)၊‘ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ’ ဆိုတာ ကော…(ဖြစ်ပျက်ပါပဲ)၊ ဩော်…ခန္ဓာကိုယ်ထဲမှာဖြင့် ဒါပဲ ရှိတယ်ဆိုတာသေချာပြီ…။ (မှန်ပါဘုရား)၊ မသေချာဘူး လား…။(သေချာပါတယ်) ယောကျ်ားတွေ၊မိန်းမတွေ ရှိသေး သလား…ဖြစ်ပျက်ပဲရှိသလား…။(ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)။

## ဖြစ်ပျက်ပဲရှိတယ်

ဘယ်နှခါထပ်ဟောသတုံး ဘုရားက…(သုံးခါထပ် ဟောပါတယ်ဘုရား)၊ သုံးခါထပ်ဟောတာတော့ ခင်ဗျား

www.dhammadownload.com



တို့က ဆင်ခြေလဲမနေနဲ့တော့၊ ယောကျ်ားရှိတယ်၊ မိန်းမရှိတယ်၊ နာမ်ရှိတယ်၊ ရုပ်ရှိတယ် လုပ်မနေနဲ့၊ သဘောကျပလား...။ (ကျပါပြီ)၊ အခေါ်သာရှိတယ်၊ သေသေချာချာကြည့်တော့ ဖြစ်ပျက်ပဲရှိတယ်၊ ရုပ်ရှိတယ်ဆိုတာလဲ အခေါ်ပဲ၊ သေသေချာချာ ဉာဏ်နဲ့ကြည့်တော့ ဘာတွေ့သလဲ... (ဖြစ်ပျက်ပဲ တွေ့ပါတယ်ဘုရား)၊ ဝေဒနာရှိတယ်ဆိုတာလဲ အခေါ်ပဲ၊ ဒကာ ဒကာမတို့ သေသေချာချာကြည့်တော့... (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြစ်ပျက်ဟာ အင်မတန်အရေးကြီးကြောင်းကို ဘယ်နှခါထပ်ပြောပါလိမ့်...။ (သုံးခါထပ်ပြောပါတယ်)၊ သုံးခါထပ်ပြောတယ်ဆိုတာ သေချာပလား...။ (သေချာပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ အနိစ္စာဝတ သင်္ခါရာ ဘာဟောသတုံး...။ (ဖြစ်ပျက်ဟောပါတယ်)၊ 'ဥပါဒဝယ ဓမ္မိနော'ဆိုတာ ဘာဟောသတုံး...။ (ဖြစ်ပျက်ပဲဟောပါတယ်)၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ဆိုတာလဲ...(ဖြစ်ပျက်ပဲဟောပါတယ်)၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ဆိုတာလဲ...(ဖြစ်ပျက်ပဲဟောပါတယ်)၊ ဖြစ်ပျက်ပဲ ဖဟာတယ်နော်...။ (မှန်ပါ)။

**နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်**

ကိုင်း...ဒါဖြင့် ၄-နံပါတ် ပြောတော့မယ်၊ 'တေသံ ဝူပသမောသုခေါ' ရွတ်ကြစမ်းပါ...။ (တေသံဝူပသမော

www.dhammadownload.com



သုခေါ်ပါဘုရား)၊ ပြန်ရွတ်ပါဦး…။ (ဝေဒနာသဘော သုခေါ်ပါဘုရား)၊ ဝေဒနာဆိုတာ ဝေဒနာ၊ ထိုဖြစ်ပျက်တို့၏။ သဘောကျပလား…။ (မှန်ပါ)၊ ဝေဒနာဆိုတာ ဘာတဲ့…။ (ဖြစ်ပျက်တို့၏)၊ ဝေဒနာ၊ ထိုဖြစ်ပျက်တို့၏။ ဝူပသမော၊ ချုပ်ခြင်းသည်။ သုခေါ၊ နိဗ္ဗာန်ပဲဆိုတော့ ဒီဘက်မှာ နိဗ္ဗာန် နေတယ်…။ (မှန်ပါ)၊ သုခေါ၊ ချမ်းသာ၏။ နိဗ္ဗာန်ဆိုတာ ဘာလဲ၊ ဖြစ်မှု, ပျက်မှုသိမ်းတာကို နိဗ္ဗာန်ခေါ်တယ်…။ (မှန်ပါ)၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်…။ (ဖြစ်မှု, ပျက်မှု သိမ်းတာ နိဗ္ဗာန်ခေါ်ပါတယ်)၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်…။ (ဖြစ်မှု, ပျက်မှုသိမ်းတာ နိဗ္ဗာန်ပါ)၊ ဖြစ်မှု,ပျက်မှုသိမ်းတာ နိဗ္ဗာန်လို့ဆိုပါတယ်ဆိုတာ ကျေနပ်ပလား…။ (ကျေနပ်ပါ တယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်မှု,ပျက်မှုလာတိုင်း ဝိပဿနာ မဂ်နဲ့ ရှုပေးပါ၊ သဘောကျပလား…။ (ကျပါပြီ)၊ ဒီဝိပဿနာ မဂ်ဆိုတာ မဂ္ဂင် ဘယ်နှပါးပါလိမ့်…။ (ငါးပါးပါဘုရား)၊ ငါးပါးနော်…။ (မှန်ပါ)၊ ငါးပါးကို ဟောထားပြီးပါပြီ။

ဒါဖြင့် ဖြစ်ပျက်,မဂ်၊ ဖြစ်ပျက်,မဂ်ကို ကိုက်အောင် လုပ်လေ…။ (မှန်ပါ)၊ ဒကာ ဒကာမတို့ ဘာနဲ့ ဘာကိုက် အောင် လုပ်မယ်…။ (ဖြစ်ပျက်နဲ့မဂ် ကိုက်အောင်လုပ်မယ်)၊ ခင်ဗျားတို့သ… [illegible] …ပေါ်တဲ့ စိတ်က ဖြစ်ပျက်။

www.dhammadownload.com



မျက်လုံးမှာပေါ်တဲ့ စိတ်က...(ဖြစ်ပျက်ပါဘုရား)၊ ဟဒယဝတ္ထုပေါ်ကနေပြီးသကာလ ဉာဏ်မင်္ဂနဲ့ရှုပါ၊ သဘော ပါပလား...။ (ပါ,ပါပြီဘုရား)။

## တိဟိတ်ဖြစ်ရင် နံနက်အားထုတ် ညနေရမယ်

အဲဒီတော့ ဖြစ်ပျက်...(မဂ်)။

ဖြစ်,ပျက်...(မဂ်)။

ဖြစ်,ပျက်...(မဂ်)။

ဒီလိုချည်း ကိုက်အောင်လုပ်ပါ။

အဲဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်၊ ဒီက ဖြစ်ပျက်၊ ဒီကမဂ်ဖြစ်တော့ ကြားထဲမှာ လောဘ,ဒေါသ, မောဟ ပါသေးသလား...။ (မပါ,ပါဘုရား)၊ ဒီအတိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ရှုကြမယ်ဆိုရင် ညနေအားထုတ်ရင် နံနက် ကို သောတာပန်တည်မယ်၊ သဘောကျပလား...။ (ကျပါပြီ)၊ နံနက် အားထုတ်လို့ရှိရင် ညနေ သောတာပန်တည်မယ်၊ တိဟိတ် ဖြစ်ခဲ့လို့ရှိရင် မမြန်ဘူးလား...။ (မြန်ပါတယ် ဘုရား)။

## ဒွိဟိတ်ဖြစ်ရင် နောက်ဘဝ တိဟိတ်

အဲဒီတော့ ခင်ဗျားတို့ တိဟိတ် ဒွိဟိတ်ကို ကိုယ်ကိုယ် တိုင် စမ်းကြည့်တော့ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်အောင်သာလုပ်

www.dhammadownload.com



နေ၊ မုချ ခင်ဗျားတို့ ဒွိဟိတ်ဖြစ်ခဲ့လို့ရှိရင်လဲ နောင်ဘဝ တိဟိတ်ဖြစ်မယ်၊ တိဟိတ်ဖြစ်ခဲ့လို့ရှိရင်လဲ ဒီဘဝမဂ်ရမယ်၊ သဘောပါကြပလား...။ (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဘာနဲ့ဘာ ကိုက်အောင် လုပ်ရမလဲ...။ (ဖြစ်ပျက်နဲ့မဂ် ကိုက်အောင် လုပ်ရပါမယ်ဘုရား)၊ ဖြစ်ပျက်နဲ့ မဂ်ကြားထဲမှာ တစ်ပါးသော ကိလေသာ မခြားစေနဲ့...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ လောဘ, ဒေါသ, မောဟ ဘာလုပ်ရမတုံး...၊ ကြားမခြားစေနဲ့နော်...။ (မှန်ပါ ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ လောဘ,ဒေါသ, မောဟ ကြားမခိုစေနဲ့၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ...(လောဘ,ဒေါသ, မောဟ ကြားမခိုရပါ ဘုရား)၊ လောဘ, ဒေါသ, မောဟ,ဣဿာ, မစ္ဆရိယ, မာန ဆိုတဲ့ အကုသိုလ်တရားတွေ ဒကာ ဒကာမတွေ ကြားမခိုစေနဲ့။

ထိုကဲ့သို့ ကြားမခိုခဲ့သည်ရှိသော် နံနက်အားထုတ် ညနေရမယ်၊ ညနေအားထုတ် နံနက် ရမယ်လို့ ဘုရားက ပဏ္ဍာသမှာလဲ သေသေချာချာ ဟောပါတယ်၊ သတိပဋ္ဌာန် ပါဠိတော်ကြီးမှာလဲ သေချာဟောပါတယ်၊ ခင်ဗျားတို့ အတွက် စိုးရိမ်လို့ ရှုနည်းကို ဘုန်းကြီး အစုံအလင်ပေးပါ တယ်၊ ဖြစ်ပျက်မဂ် ကိုက်အောင်လုပ်၊ သဘောကျပလား ...။ (ကျပါပြီဘုရား)။

www.dhammadownload.com



ဒါ ဝိပဿနာလို့ မှတ်ပါ၊ ဖြစ်ပျက်နောက်က ဘာလိုက်ရမလဲ၊ ရှုတဲ့မဂ် လိုက်ရမယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဖြစ်ပျက်ရှုတဲ့ မဂ်...။ (မှန်ပါ့)။

ဖြစ်ပျက်...။

ဒီလိုလိုက်တော့ ဒီကြားထဲ ကိလေသာပါသေးလား...။ (မပါ,ပါ)၊ မပါဘူး၊ ဒီဖဿကလဲ စိတ်နဲ့တွဲလျက်ပဲ၊ ဝေဒနာကလဲ စိတ်နဲ့ တွဲလျက်ပဲဆိုတော့ ဒီသုံးခုပေါင်းလိုက်တော့ ဒီကြားထဲမှာ လောဘ, ဒေါသ, မောဟမလာ, ဣဿာ မစ္ဆရိယ မလာလို့ရှိရင်ဖြင့် ညနေအားထုတ် နံနက် မဂ်ရပါတယ်ဆိုတော့ နိဗ္ဗာန်သည် ဒကာ ဒကာမတို့ အနီးကလေးဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)၊ တေသံ၊ ထိုဖြစ်ပျက်နှစ်ပါးတို့၏။ ဝူပသမော၊ မရှိသောနိဗ္ဗာန်သည်ဆိုတော့ ဒီဖြစ်ပျက် ချုပ်တဲ့နေရာ နိဗ္ဗာန်ပေါ်တာပဲ...။ (မှန်ပါ့)။

## ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်

ဒကာ ဒကာမတို့ ဘာတဲ့တုံး...။ (ဖြစ်ပျက်ချုပ်တဲ့နေရာ နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)၊ ဩော်...ပထမတော့ သင်္ခါရတရားတွေဖြစ်ပြီး ပျက်နေတယ်၊ နောက်ကျတော့ သင်္ခါရတရားတွေဟာ ဖြစ်ပျက်မှုတွေပဲ ရှုဖန်များလာတဲ့အခါကျ

www.dhammadownload.com



တော့ လိုချင်တဲ့စိတ် လာသေးသလား…။ (မလာပါဘုရား)၊ လိုချင်တဲ့စိတ်လဲ မလာတော့ဘူးဆိုတော့ ဖြစ်ပျက်တွေဟာ ချုပ်သွားတယ်၊ ဒကာ ဒကာမတို့ ဘယ်သူချုပ်သွားသလဲ…။ (ဖြစ်ပျက်တွေ ချုပ်ပါတယ်ဘုရား)။

တေသံ၊ ထိုဖြစ်ပျက်ကို့၏။ ဝူပသမော၊ ချုပ်သော နိဗ္ဗာန်သည် ချုပ်တာ နိဗ္ဗာန်ပဲ…။ (မှန်ပါ)၊ သဘောကျပလား…။(ကျပါပြီ)၊ သုခေါ၊ ချမ်းသာ၏။ မခဲ့ဘူးလား…။ (ဆိုပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဒီနားမှာရှိတယ်၊ မရှိဘူးလား…။ (ရှိပါတယ်)၊ ဖြစ်ပျက်မပေါ်ရင်. (နိဗ္ဗာန်ပါ)၊ သဘောကျပလား…။ (ကျပါပြီ)၊ ဒါဖြင့် ဒီက ဉာဏ်, ဒီက ဘာခေါ်မယ်…။ (နိဗ္ဗာန်ပါ)၊ ဒီက ဘာပါလိမ့်…။ (ဉာဏ်ပါဘုရား)၊ ဒီက မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, ဒီနေရာမှာပဲ ပေါ်ရမယ်၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆုံးတာ ဘာခေါ်မယ်…။ (နိဗ္ဗာန်ပါဘုရား)၊ သိနေတဲ့ဉာဏ် ဘာခေါ်မယ်…။(မဂ်ဉာဏ်ပါဘုရား)၊ အဲ…မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်လို့ မှတ်လိုက်စမ်းပါ…။ (မှန်ပါ)၊ သဘောပါကြပလား…။ (ပါ,ပါပြီ)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်လို့ မှတ်လိုက်စမ်းပါဆိုတော့ နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာ ရှိတယ်။

www.dhammadownload.com



## ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန်

ဒကာ ဒကာမတို့ နိဗ္ဗာန် ဘယ်မှာရှိသလဲ…။ (ဖြစ်ပျက် အဆုံးမှာ ရှိပါတယ်ဘုရား)၊ ဖြစ်ပျက်အဆုံးမှာရှိတယ်ဆိုတာ ကောင်းကောင်း ကျေနပ်ပလား…။ (ကျေနပ်ပါတယ်)၊ ဒါဖြင့် ခင်ဗျားရှုတဲ့ခန္ဓာ ရှိတုန်းပဲ၊ ရှုတဲ့ဉာဏ် ရှိတုန်းပဲ တွေ့ရခြင်းကြောင့်တဲ့၊ ခန္ဓာရှိတုန်း တွေ့ရတဲ့ နိဗ္ဗာန်၊ သဘောပါပလား…။ (ပါ,ပါပြီ)၊ ခန္ဓာရှိတုန်း တွေ့ရတဲ့ နိဗ္ဗာန်…။ (မှန်ပါ)၊ ဒီနေရာ ဖြစ်ပျက်ဆုံးတော့ ဘာခေါ်မယ်…။ (နိဗ္ဗာန်လို့ပဲ ခေါ်ပါတယ်)၊ ဒီက ဉာဏ်ကကော ရှိမနေဘူးလား…။ (ရှိပါတယ်ဘုရား)။

အဲဒါဖြင့် နိဗ္ဗာန်နဲ့ဉာဏ်နဲ့ သွားတွေ့သောကိုတဲ့၊ ဒီဉာဏ်ရှိတဲ့ ဘုရားဖြစ်စေ၊ သောတာပန်ဖြစ်စေ ပရိနိဗ္ဗာန်စံပလား…။ (မစံသေးပါဘုရား)၊ မစံခင် တွေ့ရသောကြောင့် ခန္ဓာရှိတုန်းရတဲ့နိဗ္ဗာန် ပေါ်ပလား…။ (ပေါ်ပါပြီ)၊ ဘာတဲ့တုံး…။ (ခန္ဓာရှိတုန်းရတဲ့နိဗ္ဗာန်)၊ ခန္ဓာရှိတုန်း ရတဲ့ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ စာဆိုမှာသာ တွေ့ဖူးတယ်၊ လက်တွေ့ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်ဆုံးအောင်သာလိုက်,လိုက်၊ ဒကာ ဒကာမတို့…။ (မှန်ပါ)။

ဉာဏ်ကဆုံးသည်ကို မြင်သည်နဲ့ တစ်ပြိုင်နက်တည်း ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ကလဲ မသေသေးလို့ဆုံးတာကိုတွေ့ရတယ်။

www.dhammadownload.com



ဒါဖြင့် ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန် ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဒီဘက်က ခန္ဓာမရှိမှ တွေ့ရတဲ့နိဗ္ဗာန်ပေါ်ပလား...။ (ပေါ်ပါပြီ)၊ ဒီဘက်နှစ်ခုကတော့ ဘာတဲ့...(ခန္ဓာမရှိမှ တွေ့ရတဲ့ နိဗ္ဗာန်ပါ)၊ ဒါက သမုဒယချုပ်တာ၊ ဒုက္ခချုပ်တာ ဆိုတာကတော့ ခန္ဓာမရှိမှ တွေ့ရတာ၊ ဒီဘက်က ချုပ်တာကို ဒီက မြင်လိုက်လို့ရှိရင်တော့ ခန္ဓာရှိတုန်း တွေ့ရတဲ့ နိဗ္ဗာန်၊ သဘောပါပလား...။ (ပါ,ပါတယ်ဘုရား)။

ဒီဥစ္စာ မလွယ်ဘူးနော်၊ စာမှာသွားကြည့်ရင် ခင်ဗျားတို့က ခန္ဓာရှိတုန်း သဉပါဒိသေသ နိဗ္ဗာန်ပေါ့၊ ခန္ဓာမရှိတော့မှ အနုပါဒိသေသ နိဗ္ဗာန်ပေါ့ဆိုတာ စာမှာလာပါတယ်၊ ဥဒါန်းတို့ ဣတိဝုတ်တို့မှာလာပါတယ်၊ လာပင်လာငြားသော်လဲ စာကဆိုနေတာ၊ ခင်ဗျားတို့ဉာဏ်ထဲမှာ ရှင်းကိုမရှင်းဘူး၊အခု ရှင်းပလား...။ (ရှင်းပါပြီ)၊ကိုင်း...ဒါဖြင့် ခင်ဗျားတို့က စိတ်လာတိုင်း,လာတိုင်း ဖြစ်ပျက်ရှု၊ ဟုတ်လား...။ (မှန်ပါ)။

ဖြစ်ပျက်ရှုတော့ ဒါကမဂ်, ရှုတာက မဂ်, ဖြစ်ပျက်က ဖြစ်ပျက်၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

## ယထာဘူတဉာဏ်

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် ရှုနေပါ၊ ကြာတော့ ဖြစ်ပျက်တွေကို မြင်တာ ရှင်းမလာပေဘူးလား...။ (ရှင်းလာပါတယ် ဘုရား)။

www.dhammadownload.com



ရှင်းလာရင် ယထာဘူတဉာဏ်ပါ။

ရှင်းလာရင်...(ယထာဘူတဉာဏ်ပါဘုရား)။

ရှင်းတဲ့အပြင်မှာ တပည့်တော် ကိုယ့်အဖြစ်အပျက် ကိုယ့်အသေကြီး ကိုယ်မြင်ရတဲ့အတွက် မမုန်းဘူးလား၊ မုန်းမလား...။ မုန်းပါတယ်)၊ ဉာဏ်တက်လာရင်..(မုန်ပါ)။

**နိဗ္ဗိန္ဒာဉာဏ်**

ဒါဖြင့် ဒီဉာဏ်သည် ဒကာ ဒကာမတို့ ယထာဘူတ ဉာဏ် မဟုတ်တော့ဘူး၊ မုန်းတဲ့ နိဗ္ဗိန္ဒာဉာဏ်ဖြစ်လာတယ်၊ ရှုပါများလို့...(မုန်ပါ)၊ ဒါ ဘုရားဟောတဲ့ သုံးဉာဏ်၊ သဘောကျပလား...။ (ကျပါပြီ)၊ နောက်ကျတော့ ဒီဖြစ်ပျက် တွေကို ဒကာ ဒကာမတွေက ရှုရတာကလဲ များ၊ မုန်းကလဲ မုန်းတော့ လိုချင်သေးရဲ့လား...။ (မလိုချင်ပါဘုရား)၊ ကိုယ့် အသေ ကိုယ်မြင်ရတော့ လိုချင်သေးရဲ့လား...။ (မလိုချင်ပါ ဘုရား)၊ မလိုချင်တော့ သူ ဆုံးသွားတယ်...။ (မုန်ပါ)။

မလိုချင်တဲ့အခါကျတော့ ဖြစ်ပျက်တွေ ပေါ်သေးရဲ့ လား...။ (မပေါ်ပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက်ဆုံးတာက ဘာခေါ်မယ်...။ (နိဗ္ဗာန်ပါဘုရား)။

**မဂ်ဉာဏ်**

အဆုံးကိုမြင်တာ...(မဂ်ဉာဏ်ပါဘုရား)၊ ဖြစ်ပျက်ဆုံး သွားတာက... (နိဗ္ဗာန်ပါဘုရား)၊ အဆုံးကိုမြင်တာက...

www.dhammadownload.com



(မင်္ဂလာဉာဏ်ပါဘုရား)၊ ဪ...ဒါဖြင့် ဦးမြရေ၊ ခင်ဗျား မသေခင် မြင်ရအောင် ကြိုးစားလိုက်စမ်းပါ...။ (မှန်ပါ့)၊ မြန်အောင်ဦးတင် မသေခင် မြင်ရအောင် ကြိုးစားရင်ကော မရဘူးလား...။ (ရပါတယ်ဘုရား)၊ ဒီက ဒကာ ဒကာမတွေ ကော မရဘူးလား...။ (ရပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ မသေခင်တွေ့ထားမှ သေတော့ စိတ်ချရတာ...။ (မှန်ပါ့ဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီ)၊ မသေခင်က တွေ့ထားမှ...(သေတော့ စိတ်ချပါ တယ်)၊ သေတော့ စိတ်ချရတယ်ဆိုတော့ ခင်များတို့ ကျုပ် တို့ဖြင့် နိဗ္ဗာန်ဆုတောင်းပြီး သေလိုက်ဦးမယ်ဆိုလို့ရှိရင် ဖြင့် ဒကာ ဒကာမတို့ ဒီအသေသည် မမြဲသေးပါဘူး၊ ဆုတောင်းပြီး သေတာကိုးဗျ...။ (မှန်ပါ့)။

## နိဗ္ဗာန်မြင်ပြီး သေမှ မြဲတယ်

မြင်ပြီးသေမှ မြဲတယ်၊ သဘောကျပလား...။ (ကျပါ ပြီ)၊ မြင်ပြီး သေလို့ရှိရင်တော့ ဒကာ ဒကာမတို့ အပါယ် လေးပါး သွားသေးရဲ့လား...။ (မသွားပါဘုရား)။

ဒါကြောင့် 'စတူဟာပါယေဟိစ ဝိပ္ပမုတ္တော'ဆိုတာ မြင်ပြီးသေတဲ့ ပုဂ္ဂိုလ်ဆိုတာ 'သစ္စာဘိသမယာနိအဘာဗ္ဗကာတုံ' ဆိုတော့ ခင်ဗျားတို့ ပရိတ်ကြီးမှာ သဟာဝဿ ဒဿန သမ္ပဒါယ, ဒဿနသမ္ပဒါယ, မင်္ဂဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်ခြင်း

www.dhammadownload.com



ပြည့်စုံသောအခါ၌ ဒီမဂ်ဉာဏ်နဲ့ ဒီဖြစ်ပျက် အဆုံးမြင်တဲ့ အခါမှ သဟာဝသ ဒဿနသမ္ဘဒါယ ဆိုတာ သဘောကျ ပလား...။ (မှန်ပါ)၊ သဟာဝ၊ တက္ကသာလျှင်။ ဒဿန သမ္ဘဒါယ၊ သောတာပတ္တိမဂ်အမြင်နဲ့။ သောတာပတ္တိမဂ်က နေပြီး ဖြစ်ပျက်အဆုံး မမြင်ဘူးလား...။ (မြင်ပါတယ် ဘုရား)၊ တယသုံမှောတဲ့ ဒကာ ဒကာမတို့၊ တယသုံမှော ဆိုတာ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သုံးခုပယ်ချလိုက် တယ်၊ ဒါဟာ ဖြစ်ပျက်အဆုံးမြင်လို့ရှိရင်ဖြင့် သောတာပတ္တိ မဂ် မရသေးဘူးလား...။ (ရပါတယ်ဘုရား)၊ သုံးပါးသော တရားကော မပယ်ဘူးလား...။ (ပယ်ပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဥ္စလို့ မလာဘူး လား...။ (လာပါတယ်)။

အဲဒါပယ်ချလိုက်တာ...(မှန်ပါ)၊ သဘောပါပလား...။ (ပါ,ပါတယ်ဘုရား)၊ ဆဋ္ဌာဘိဋ္ဌာနာနိ အဘဗ္ဗကာတုံတဲ့၊ ဒကာ ဒကာမတို့ ပဥ္စာနန္တရိယ်တို့၊ ဇနပုဒ်တို့၊ အဆုံ့တို့၊ အ,အတို့ ဖြစ်သေးရဲ့လား...။ (မဖြစ်ပါဘုရား)။

အဲဒါ သောတာပတ္တိမဂ်က နိဗ္ဗာန်မြင်လို့,လို့ မှတ် လိုက်စမ်းပါ...။ (မှန်ပါ)၊ ဖြစ်ပျက်အဆုံးကိုမြင်လို့ ပေါ်ကြ ပြီနော်...။ (ပေါ်ပါပြီဘုရား)၊ ဣဒမ္ပိသံဃေဆိုတော့ အဲဒီ ကျမှ အရိယာသံဃာဖြစ်တယ်၊ ပရမတ်သံဃာဖြစ်တယ်...။ (မှန်ပါ)၊ ဒီအရင်တုန်းက သမုတိသံဃာသာဖြစ်တယ်...။

www.dhammadownload.com



အရိယာသံဃာဖြစ်ရဲ့လား...။ (မဖြစ်ပါဘုရား)၊ သေချာပလား...။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဣဒမ္ပိ သံဃေ ရတနံပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတုလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သုတ္တနိပါတ်ပါဠိတော် ရတနာသုတ်မှာ ဟောခဲ့တာသည် မင်းတို့ကွာ...တဲ့၊ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို မြင်အောင်ကြည့်ပါလို့ ဟောခဲ့ပါတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ဖြစ်ပျက်အဆုံး...(နိဗ္ဗာန်ကို မြင်အောင်ကြည့်ပါ)၊ ဖြစ်ပျက်အဆုံးဟာ ဘာပါလိမ့်...။ (နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မြင်အောင်လုပ်ပါ...။ (မှန်ပါ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ)၊ ဒါဖြင့် သူ့ပါဠိတော်ကလေး အဆုံးကို ပြန်ကောက်ကြဦးစို့နော်။

တေသံဝူပသမောသုခေါ၊ ရွတ်ကြစမ်းပါဦး...။ (တေသံဝူပသမောသုခေါပါဘုရား)၊ သုံးခေါက်လောက် ရွတ်စမ်း...။ (တေသံ(ပ)သုခေါပါဘုရား၊ တေသံ၊ထို ခုနတုန်းကလဲ ဖြစ်ပျက်ချည်း သုံးခါမပြခဲ့ဘူးလား...။(ပြခဲ့ပါတယ်)၊အဲဒီဥစ္စာကို တေသံကထပ်စွဲတယ်...။(မှန်ပါဘုရား)၊တေသံ၊ ထိုဖြစ်ပျက်တို့၏၊ ။သဘောကျပလား...။(မှန်ပါ၊သဘောကျပါပြီဘုရား)။

ဝူပသမော၊ မရှိသော နိဗ္ဗာန်သည်။ ဝူပသမောဆိုတာ ချုပ်သွားတာ...။ (မှန်ပါ)၊ ဝူပသမော၊ မရှိသောနိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာအစစ်ပဲ...။ (မှန်ပါ)။

www.dhammadownload.com



## ဖြစ်ပျက်ဆုံးမှ နိဗ္ဗာန်

ဖြစ်ပျက်ဆုံးမှ နိဗ္ဗာန်...။ (မှန်ပါ)၊ အဲဒါမှ ချမ်းသာ အစစ်၊ကိုယ့်အသေတွေ ကိုယ်တွေ့ရသေးရဲ့လား...။ (မတွေ့ ပါဘုရား)၊ သခ်ါရဒုက္ခတွေရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)၊ဒါဖြင့် ဒီနေရာ ဝိပဿနာနဲ့ မဂ်ဉာဏ် ကူးပုံကလေးဟာ ပြောဖို့ရာ အချိန်ရောက် လာပြီ။

ဒကာ ဒကာမတို့ ပထမရှုတဲ့အခါကျလို့ရှိရင် မြင်စိတ် ကလေးလာလဲ ဖြစ်ပျက်–ရှုတာမဂ်၊ သဘောကျပလား...။ (ကျပါပြီ)၊ကြားစိတ်ကလေးလာလဲ...(ဖြစ်ပျက်)၊ ရှုတာက... (မဂ်ပါဘုရား)၊ ဒါဖြင့် ဒီမဂ်သည်၊ ဝိပဿနာမဂ်သည် ဘယ်သူ့ကို အာရုံပြုနေသတုံးဆိုတဲ့ မေးခွန်းထွက်လာ တယ်...။ (မှန်ပါ)။

ဖြစ်ပျက်ကို အာရုံပြုနေတယ်၊ သဘောပါပလား...။ (ပါ,ပါပြီ)၊ မဂ်သည် ဘာကို အာရုံပြုသတုံး...။ (ဖြစ်ပျက်ကို အာရုံပြုပါတယ်)၊ အာရုံပြုတယ်ဆိုတော့ စားသံပါနေတယ်၊ ဖြစ်ပျက်ကို ဘယ်သူမြင်သတုံးမေးရင် ဘယ့်နှယ်ပြောကြ မယ်...။ (မဂ်က မြင်ပါတယ်)၊ အဲ...မဂ်က မြင်တာကို အာရုံပြုတယ်ဆိုတာပဲ၊ သဘောဖါပလား...။ (ပါ,ပါတယ် ဘုရား)။

www.dhammadownload.com



## ဒီအလုပ်,လုပ်ရစ်ပါ

ဒါဖြင့် မဂ်သည် နိဗ္ဗာန်ကို မြင်သလား၊ ဖြစ်ပျက်ကို မြင်သလား...။ (ဖြစ်ပျက်ကို မြင်ပါတယ်ဘုရား)၊ အဲ... ဖြစ်ပျက်ကိုမြင်ရင် ဝိပဿနာမဂ်၊ ရှင်းကြပလား...။ (ရှင်းပါပြီ)၊ ဖြစ်ပျက်မြင်ရင်...(ဝိပဿနာမဂ်ပါ)၊ သေသေချာချာ ဒီနေ့နောက်ဆုံးပိတ် ဘုန်းကြီးကလဲ ပြန်မှာမို့ ဒကာ ဒကာမ တွေကို သနားသဖြင့် ဩော်...ဒီအလုပ်,လုပ်ရစ်ပါစေတော့၊ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီး ရောက်ပါစေတော့ဆိုပြီး ဟောနေခြင်း ဖြစ်ပါတယ်...။ (မှန်ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက် မဂ်ဆိုလို့ရှိရင်ဖြင့် ဘာမဂ်ခေါ်ကြမလဲ...(ဝိပဿနာမဂ်ပါဘုရား)၊ ဝိပဿနာမဂ်ပေါ့တဲ့၊ ဒကာ ဒကာမတို့ ဖြစ်ပျက်တွေက ခဏခဏတွေ့တော့ ခဏခဏ မရှုရဘူးလား...။ (ရှုရပါတယ်ဘုရား)။

## ဝိပဿနာမဂ် ဆိုတာ

ဒါဖြင့် ဝိပဿနာမဂ်ဆိုတာ အကြိမ်ကြိမ်ရှုရတာ ဝိပဿနာမဂ်...(မှန်ပါ)၊ တစ်ကြိမ်တည်းရှုရတာက လောကုတ္တရာမဂ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဝိပဿနာ မဂ်ကတော့...(အကြိမ်ကြိမ်ရှုရပါတယ်ဘုရား)၊ အကြိမ်ကြိမ် သင်္ခါရတရားကို ရှုရပါတယ်...။ (မှန်ပါ)၊ ဝိပဿနာ ဘာတဲ့...(အကြိမ်ကြိမ်သင်္ခါတရားကို ရှုရပါတယ်ဘုရား)၊

www.dhammadownload.com



အနိစ္စာဝတ သင်္ခါရကိုးဗျ၊ ဒီ အကြိမ်ကြိမ် သင်္ခါရတွေမြင်တာ ဘာခေါ်မယ်...။ (ဝိပဿနာမဂ်ပါဘုရား)။

အကြိမ်ကြိမ် သင်္ခါရတွေရှုတဲ့မဂ် ဘာခေါ်ကြမယ်... (ဝိပဿနာမဂ်ပါဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီ ဘုရား)။

ဒါဖြင့် တေသံ၊ ထိုအကြိမ်ကြိမ်ရှုရတဲ့ ဖြစ်ပျက်တို့၏၊ (ဝါ) သင်္ခါရတရားတို့၏။ ဝူပသမော၊ ချုပ်သွားခြင်းသည်၊ (ဝါ)ငြိမ်းသွားခြင်းသည်၊ (ဝါ)ငြိမ်းသောနိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါ...ဘုန်းကြီးက မန္တလေးက ယူလာတဲ့ ပါဠိတော်လား၊ ခင်ဗျားတို့ရပြီးသားလား...။(ရပြီးသားပါဘုရား)၊ ရပြီးသား ဖြစ်နေတော့ အဲဒီဟာ နိဗ္ဗာန် ဟောနေတာ...။ (မှန်ပါ)။

ပထမဦးစွာ ဝိပဿနာဉာဏ်ဟောပါတယ်၊ သဘော ကျပလား...။ (ကျပါပြီ)၊ ဒုတိယနိဗ္ဗာန်ကို ဟောပါတယ်၊ ဒကာ ဒကာမတို့ ဒုတိယ ဘာဟောပါလိမ့်...။ (နိဗ္ဗာန်ကို ဟောပါတယ်)၊ တေသံ၊ ထိုဖြစ်ပျက်နှစ်ပါးတို့၏။ ဝူပသမော၊ ချုပ်ဆုံးသော နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။ သဘော ပါပလား...။ (ပါ,ပါပြီဘုရား)။

**လောကုတ္တရာမဂ်ဆိုတာ**

ဒါဖြင့် ဒါ...အဆုံးကို မြင်လို့ရှိရင် ဒါ...ဝိပဿနာ မဂ်လား...။ (လောကုတ္တရာမဂ်ပါဘုရား)၊ အဆုံးမြင်လို့ရှိ

www.dhammadownload.com



ရင်…(လောကုတ္တရာမဂ်ပါဘုရား)၊ ဖြစ်ပျက်သင်္ခါရမြင်နေရင်…(ဝိပဿနာမဂ်ပါဘုရား)၊ သင်္ခါရအဆုံးမြင်လို့ရှိရင်…(လောကုတ္တရာမဂ်ပါဘုရား)။ ဒါကလေး ထပ်မေးရင် နောက်ကျတော့ ဒါထက် ပိုရှင်းမယ်…။ (မှန်ပါ)၊ ဖြစ်ပျက်တွေမြင်ရင် ဘာမဂ်ပါလိမ့်…။ (ဝိပဿနာမဂ်ပါဘုရား)၊ ဖြစ်ပျက်တွေ မရှိတာမြင်ရင်…(လောကုတ္တရာမဂ်ပါဘုရား)။

ဖြစ်ပျက်တွေမြင်နေရင်…(ဝိပဿနာမဂ်ပါဘုရား)၊ ဖြစ်ပျက်တွေ မရှိတာမြင်နေရင်…(လောကုတ္တရာမဂ်ပါဘုရား)၊ ဩော်…လောကုတ္တရာမဂ်နဲ့ ဝိပဿနာဆိုတဲ့ လောကီမဂ်နဲ့ဟာ အခြားနားကြီးပဲ၊ မခြားနားဘူးလား…။ (ခြားနားပါတယ် ဘုရား)၊ ဖြစ်ပျက်တွေ မြင်တာက ဘာပါလိမ့်…(ဝိပဿနာမဂ်ပါဘုရား)၊ ဖြစ်ပျက်တွေမရှိတာ မြင်တာက…(လောကုတ္တရာမဂ်ပါဘုရား)၊ သဘောပါကြပလား…။ (ပါ,ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာတုံး…။ (ဒုက္ခသစ္စာပါဘုရား)၊ ကဲ…ဖြစ်ပျက်တွေ မရှိဘူး၊ ဘာသစ္စာတုံး…။ (နိရောဓသစ္စာပါဘုရား)၊ ဟောဒီမှာ နိဗ္ဗာန်လာပေါ်တယ်…။ (မှန်ပါ)၊ သေသေချာချာ နားထောင်စမ်း၊ ဒါကလေးက သေးတာ မဟုတ်ဘူး၊ ဖြစ်ပျက်တွေဟာ ဘာသစ္စာတုံး…။ (ဒုက္ခသစ္စာပါဘုရား)၊ ဩော်…ဒုက္ခတွေ့လို့ ဒါဖြင့် ဒီမဂ်သည် ဒုက္ခသစ္စာကိုမြင်တဲ့ မဂ်…(မှန်ပါ)၊ သဘောကျ

www.dhammadownload.com



ပလား...။ (ကျပါပြီ)၊ ပထမဖြစ်ပျက်မြင်တဲ့မဂ်သည် ဘာမဂ်ပါလိမ့်...။ (ဒုက္ခသစ္စာမြင်တဲ့ မဂ်ပါဘုရား)။

## ဖြစ်ပျက်ဆုံးတာ၊ ဒုက္ခဆုံးတာ နိဗ္ဗာန်

ဒါဖြင့် ဝိပဿနာမဂ်ရှိသေးတယ်...။ (မှန်ပါ)၊ ဒကာ ဒကာမတွေ ဘာမဂ်ပါလိမ့်...။ (ဝိပဿနာမဂ်ပါဘုရား)၊ ဒုက္ခသစ္စာမြင်တာကိုးဗျ၊ ဒီဒုက္ခသစ္စာထဲကဟာ သူမြင်နေတာကိုး...။ (မှန်ပါ)၊ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီ)၊ ကဲ...ဒါဖြင့် ဒီဖြစ်ပျက်ကိုဒကာဒကာမတွေက မလိုချင်တော့ပါဘူးဆိုတော့ ဆုံးမသွားဘူးလား...။ (ဆုံးသွား ပါတယ်)၊ ဖြစ်ပျက်ဆုံးသွားတာက ဒုက္ခဆုံးတာ၊သဘောကျပလား...။ (မှန်ပါ)၊ဖြစ်ပျက်ဆုံးတာသည်...(ဒုက္ခဆုံးတာပါဘုရား)၊ ဒုက္ခဆုံးတာ ဘာခေါ်ကြမလဲ...။ (နိဗ္ဗာန်လို့ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်အဆုံးမြင်လို့ရှိရင်ဖြင့် ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ်...။(မဂ်ဉာဏ်ခေါ်ပါတယ်)၊ လောကုတ္တရာမဂ်ဉာဏ်၊ သဘောကျပလား။ (ကျပါပြီ)၊ ဒါဖြင့် ဖြစ်ပျက်ဆုံးတာနိဗ္ဗာန်၊ မြင်တာက လောကုတ္တရာမဂ်ဉာဏ်...(မှန်ပါ)၊ မရှင်းသေးဘူးလား...။(ရှင်းပါပြီ)၊ ဖြစ်ပျက်အဆုံးက...(နိဗ္ဗာန်ပါ)၊ လောကုတ္တရာမဂ်က...(မြင်တာ)၊ မြင်တာကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာ ဉာဏ်လို့ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်)။

www.dhammadownload.com



## မြင်တာက မဂ္ဂသစ္စာ

ဒီနေရာမှာ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ခွဲပြတယ်...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘာနဲ့ဘာ ခွဲပြပါလိမ့်...။ (ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ခွဲပြပါတယ်ဘုရား)၊ ပြန်ရှင်း လိုက်ပါဦးမယ် ဒကာ ဒကာမတို့...၊ ဒီဥစ္စာ အခင်မတန် အရေးကြီးပါတယ်၊ ဖြစ်ပျက် ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာ ပါ့ဘုရား)၊ မြင်တော့ကို ဘာသစ္စာနဲ့ မြင်သတုံး...။ (မဂ္ဂသစ္စာ နဲ့ မြင်ပါတယ်)။

## ဆုံးသွားတဲ့အခါ နိရောဓသစ္စာ

ဒါဖြင့် ဖြစ်ပျက် မဂ်ဆိုတော့ကို ဒကာ ဒကာမတို့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာက...(မဂ္ဂသစ္စာပါဘုရား)၊ ဖြစ်ပျက်ဆုံးသွားတဲ့အခါကျတော့ကို...တဲ့၊ ဘာသစ္စာလို့ ဒါ ပြင်ရေးမလဲ...(နိရောဓသစ္စာပါဘုရား)၊ ဟော...ပြင်လိုက် ရပြီ...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ရှေ့တွင် ပြင်လိုက်ရ တာ၊ ဒီဖြစ်ပျက်ဆုံးသွားတော့ ဘာသစ္စာလို့ ရေးမလဲ... (နိရောဓသစ္စာပါဘုရား)၊ အဲဒီ နိရောဓသစ္စာကို မြင်တာက လောကုတ္တရာမဂ်...(မှန်ပါ့ဘုရား)၊ မဂ်ကတော့ ဒီနေရာမှာပဲ ပေါ်ရမယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

တော်တော်အရေးကြီးတဲ့နေ့လို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)၊ ဒါဖြင့် ပိပဿနာမဂ် နောက်ကမှ လောကုတ္တရာ

www.dhammadownload.com



မဂ်လိုက်သည်...(မှန်ပါ)၊ အာရမ္မဏကတော့ ဘက်က... (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဒီ အာရုံပြုတဲ့ ဘက်က ပေါ့ဗျ၊ မြင်တဲ့ဘက်က ရှေးဦးစွာ ဝိပဿနာမဂ်က ဖြစ်ပျက် မြင်တယ်...။ (မှန်ပါ)၊ လောကုတ္တရာမဂ်ကျတော့ နိဗ္ဗာန် မြင်တယ်၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဝိပဿနာမဂ်က တော့ ဘာမြင်သတုံး...။ (ဖြစ်ပျက်မြင်ပါတယ်ဘုရား)၊ လောကုတ္တရာမဂ်ဖြစ်သွားတော့ ဘာမြင်သတုံး...။ (နိဗ္ဗာန် မြင်ပါတယ်ဘုရား)၊ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို မမြင်သေး ဘူးလား...။ (မြင်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ ဒကာမတို့ ဖြစ်ပျက်ဟာ ဘာတရားတုံးလို့မေးတော့ ဒကာ ဒကာမတွေ မှတ်လိုက် စမ်းပါ၊ 'အနိစ္စာဝတ သင်္ခါရာ'လို့ မဟောဘူးလား...။ (ဟောပါတယ်)၊ ဒါဖြင့် သင်္ခါရတရားကို ဝိပဿနာမဂ်က အာရုံပြုတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ သင်္ခါရတရားကို...(ဝိပဿနာက အာရုံပြုပါတယ်ဘုရား)။

ဝိပဿနာမဂ်က မြင်တာပေါ့ဗျာ...။ (မှန်ပါ)။

## ဝိပဿနာမဂ်သည် သင်္ခါရတရားကို ရှုသည်

ဒါဖြင့် ဝိပဿနာမဂ်သည် ဘယ်တရားကို ရှုတုံးဆို တော့ သင်္ခါရတရားကို ရှုသည်၊ သဘောပါပလား...။ (ပါ,ပါတယ်)၊ ဝိပဿနာမဂ်သည်...(သင်္ခါရတရားကို ရှုပါ

www.dhammadownload.com



တယ်)၊ ဒီသင်္ခါရတွေဆုံးသွားတော့ ခင်ဗျားတို့က သူ့ကို အသင်္ခတလို့ မဆိုနိုင်ဘူးလား…။ (ဆိုနိုင်ပါတယ်)။

## လောကုတ္တရာမဂ်ဉာဏ်သည် အသင်္ခတတရားကို ရှုသည်

ဒါဖြင့် အသင်္ခတဆိုတော့ကို ရုပ်လား၊ နာမ်လား၊ နိဗ္ဗာန်လား…။ (နိဗ္ဗာန်ပါဘုရား)၊ ဒါဖြင့် သင်္ခါရတရားဆုံးတော့ အသင်္ခတဘက် အသင်္ခတတရားဖြစ်သွားတော့ကိုတဲ့၊ သူရှုတဲ့ ဉာဏ်တော့ လောကုတ္တရာမဂ်ဉာဏ်ပေါ်ကြပလား…။ (ပေါ်ပါပြီ)၊ ဘာဉာဏ်တဲ့…(လောကုတ္တရာမဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် သင်္ခါရ အနိစ္စ၊ နိဗ္ဗာနမဂ္ဂ၊ ပေါ်ကြပလား…။ (ပေါ်ပါပြီ)၊ ရှေ့ပိုင်းအလုပ်,လုပ်ရမှာကတော့ သင်္ခါရနဲ့မဂ္ဂတွဲပေးပါ၊ သဘောပါပလား…။ (ပါ,ပါပြီ)၊ သင်္ခါရနဲ့… (မဂ္ဂတွဲပေးပါ)၊ သင်္ခါရအနိစ္စနဲ့ မဂ္ဂနဲ့တွဲလိုက်…(မှန်ပါ)၊ နောက်ကျတော့ အသင်္ခတနဲ့ လောကုတ္တရာမဂ်နဲ့တွဲလိုက်၊ ပထမဟာ လောကီ မဂ္ဂ၊ ပေါ်ကြပလား…။ (ပေါ်ပါပြီ)။

နောက်ကျတော့ ဒီက ဖြစ်ပျက်တွေဆုံးသွားတော့ အသင်္ခတ မဖြစ်ဘူးလား…။ (ဖြစ်ပါတယ်)၊ အသင်္ခတနဲ့ လောကုတ္တရာမဂ္ဂနဲ့ မတွဲဘူးလား…။ (တွဲပါတယ်)၊ ဒါဖြင့် ခဏ္ဍာရှိတုန်း တွေ့ရတဲ့ နိဗ္ဗာန်…။ (မှန်ပါ)၊ ပေါ်ကြပလား…။ (ပေါ်ပါပြီ)၊ ဘယ်အချိန်တွေ့ရပါလိမ့်…။ (ခန္ဓာရှိတုန်း

www.dhammadownload.com



တွေ့ရတဲ့ နိဗ္ဗာန်ပါ)၊ ခန္ဓာရှိတုန်း တွေ့ရတဲ့ နိဗ္ဗာန်ဆိုတော့ ကိုယ်စိတ်ချရတဲ့ နိဗ္ဗာန်၊ နိဗ္ဗာန် မျက်မှောက်ပြုပြီ၊ မျက်မှောက်ဆိုတာ ဟောဒီဉာဏ်နဲ့ ဒါကို မြင်တာ၊ သဘောပါကြပလား...။ (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်ဟာ ယနေ့ဟောတဲ့ ပါဠိတော်အတိုင်းဆိုရင် နှစ်ဆင့်နဲ့တက်တယ်...။ (မှန်ပါ့)၊ ဦးမြ...(မှန်ပါ့)၊ နှစ်ဆင့်နဲ့ တက်တယ်...။ (မှန်ပါ့ဘုရား)၊ သင်္ခါရအနိစ္စနဲ့ ဝိပဿနာမဂ္ဂနဲ့ တွဲလိုက်တယ်...၊ အသင်္ခတနိစ္စနဲ့ လောကုတ္တရာမဂ္ဂနဲ့တွဲလိုက်တယ်၊ တချို့နေရာကျတော့ သုသိမတို့ကျတော့ ဒီလိုဟောလိုက်တယ်။

ဟော့...သုသိမ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်း မဂ်ဉာဏ်သာမှတ်ကွာ၊ မင်း ရှုပ်မနေနဲ့၊ မဟောဘူးလား...။ (ဟောပါတယ်ဘုရား)။

ရှေ့ပိုင်းက ဘာတဲ့...(ဝိပဿနာဉာဏ်ပါ)၊ နောက်ပိုင်းက...(မဂ်ဉာဏ်ပါဘုရား)၊ အဲဒါနဲ့ သွားကိုက်တယ်၊ ဒီပါဠိတော်နဲ့...(မှန်ပါ့ဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ရှေ့ပိုင်းက သင်္ခါရဖြစ်ပျက်ကို ရှုပါ၊ ဒါက သင်္ခါရဖြစ်ပျက်မနေဘူးလား...။ (နေပါတယ်)၊ စိတ်တွေဟူသရွေ့ ဘာပါလိမ့်...(သင်္ခါရပါဘုရား)၊ အဲဒါ ရှုလိုက်တော့ ဘာမဂ်ဖြစ်သတုံး...။ (ဝိပဿနာမဂ်ပါ)၊

www.dhammadownload.com



ဝိပဿနာမဂ်ဖြစ်ဖန်နေတယ်၊ ဖြစ်ပါစေ ဝိပဿနာမဂ် ရှေ့ မသွားဘဲနဲ့ လောကုတ္တရာမဂ် မလာနိုင်ဘူး…။ (မှန်ပါ)။

**ဝိပဿနာဉာဏ်မပါရင် နိဗ္ဗာန်မရနိုင်ပါ**

ဒါကြောင့် ခင်ဗျားတို့ ဆုပေးတော့ နားထောင် မိကြပါလိမ့်မယ်၊ 'မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာ ဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍'မပါ ဘူးလား…။ (ပါ,ပါတယ်ဘုရား)၊ အဲ…ဝိပဿနာဉာဏ်ကမှ မဂ်ဉာဏ် ကျေးဇူးပြုတယ်၊ ဝိပဿနာဉာဏ်မပါဘဲနဲ့ နိဗ္ဗာန် ရတယ်လို့ ထုံးစံရှိရဲ့လား…။ (မရှိပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဆုပေးတာ၊ ခင်ဗျားတို့က ဘုန်းကြီးပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏လို့၊ ခင်ဗျားတို့က ဘာမှ အဓိပ္ပါယ်မစဉ်းစားဘဲနဲ့ ရမ်းပြီး လိုက်နေမှာ ဘုန်းကြီး က သိပ်စိုးရိမ်တယ်၊ မဟုတ်ဘူးလား…။ (ဟုတ်ပါတယ် ဘုရား)။

ပေးတဲ့ဆုက သေသေချာချာ နားထောင်ဦး၊ မိမိတို့ သည် ဘုရားရတနာ၊ တရားရတနာကစ,ပြီးသကာလ မိမိတို့ မအို မသေ အမြဲနေသော နိဗ္ဗာန်သို့လည်းကောင်း ဆိုတာ ဒါကို ဆိုတာ၊ ဖြစ်ပျက်ဆုံးတာကိုဆိုတာ…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီ)။

ဒီ ဒုက္ခခပ်သိမ်း' ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့

www.dhammadownload.com



လည်းကောင်းဆိုတော့ ဒီဒုက္ခသစ္စာ ပှတ်သေးရဲ့လား...။ (မပှတ်ပါဘုရား)၊ ဒါ နိရောဓမဖြစ်သေးဘူးလား...။ (ဖြစ်ပါတယ်)၊ ဖြစ်ပျက်ဆုံးသွားပြီကော...(မှန်ပါ)။

**ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်အောင် အားထုတ်ပါ**

ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့လည်းကောင်းဆိုတော့ ဒီဘက်က ကိလေသာတွေ လာသေးရဲ့လား...။ (မလာတော့ပါဘုရား)၊ ဒီမှာ ဖြစ်ပျက်ရှုလိုက်လေတော့...(မလာပါဘုရား)၊ ပြီးတော့မှ မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတာ ဖြစ်ပျက်နဲ့ မဂ်ဟာ ကိုက်အောင်လုပ်နေတဲ့ ဉာဏ်ကို ဆိုတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတာ ဘာဆိုတာပါလိမ့်...။ (ဖြစ်ပျက်နဲ့မဂ်နဲ့)၊ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်အောင် အားထုတ်ပါလို့ ဆုပေးတဲ့အထဲမှာ အလုပ်စဉ် ပါသွားတယ်၊ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

ဒကာ ဒကာမတွေ ဆုပေးတဲ့အထဲမှာ...(အလုပ်စဉ် ပါသွားတယ်)၊ အလုပ်စဉ်ပါသွားတယ်ဆိုတာ သေချာပလား...။ (သေချာပါပြီ)၊ လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူး ပြု၍ဆိုတော့ ချုပ်ရတဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်ပါစေသတည်း ဆိုပြီး ဆုပေးတာ...။ (မှန်ပါ)၊ ဆုပေးတာက တခြားသော

www.dhammadownload.com



ပုဂ္ဂိုလ်နဲ့ မတူဘူး၊ အလုပ်စဉ်နဲ့ပေးတဲ့ဆုပေး...။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘာနဲ့ ပေးတာပါလိမ့်...။ (အလုပ်စဉ်နဲ့ ပေးတဲ့ ဆုပေးပါ)၊ ဆုပေးလိုက်ရင် အလုပ်စဉ် ပါသွားပြီ...။ (မှန်ပါ့)၊ ဆုပေးရင်...(အလုပ်စဉ်ပါသွားပြီ)၊ သို့သော် ခင်ဗျားတို့ကတော့ ဆုပေးတယ်ဆိုလို့ရှိရင် ဆုပေးတာပဲ၊ ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ဆိုတော့ ဘုန်းကြီးက ဒီလို ပေးတာမှ မဟုတ်ဘဲ၊ ခင်ဗျားတို့က ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ ဆိုတော့ ကျုပ်တို့ပေးတဲ့ဆုကို ခင်ဗျားတို့က အလကား ယူလိုက်တာ...။ (မှန်ပါ့)၊ ဒီက ပေးတာက ဒီလိုကွ၊ မင်းတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် မင်းတို့ဟာ လုပ်ယူလို့ ပေးလိုက်တာ...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)

## ဝိပဿနာဉာဏ်က မဂ်ဉာဏ် ကျေးဇူးပြုမှာ

အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတော့ ဘုန်းကြီးကပေးတာလား၊ ခင်ဗျားတို့က အားထုတ်ရမှာလား...။ (အားထုတ်ရမှာပါဘုရား)၊ အဲဒီ ခင်ဗျားတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြုရှုဆိုတော့ ဝိပဿနာဉာဏ်က မဂ်ဉာဏ်သို့ သူ့ဟာသူ ကျေးဇူးပြုရမှာ၊ ပြီးတော့မှ နိဗ္ဗာန်ကို

www.dhammadownload.com



မျက်မှောက်ပြုနိုင်သည် ဖြစ်စေဆိုတော့ မင်းတို့ဟာမင်းတို့ လုပ်ပြီး နိဗ္ဗာန်ကို ယူကြလို့ပေးတာ...။ (မှန်ပါ)။

အဲဒါ ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ဆိုတော့ လွဲကုန်တာပေါ့ဗျာ၊ ကိုယ့်ဟာကိုယ် လုပ်ယူရမှာ၊ ပေးတဲ့ဆု အတိုင်း ပြည့်ရပါလို၏ဆိုတော့ ကိုက်သေးရဲ့လား...။ (မကိုက်ပါဘုရား)၊ ပေးတဲ့အလုပ်စဉ်အတိုင်း လုပ်ပါ့မယ် ဘုရားဆိုမှ ကိုက်တာ...။ (မှန်ပါ)၊ သဘောပါပလား...။ (ပါ,ပါပြီ)၊ ပေးတဲ့ဆုအတိုင်း လုပ်ပါ့မယ်ဘုရား)။

လုပ်ပါ့မယ်ဘုရားလို့ ခင်ဗျားတို့က လိုက်ရမှာ၊ အခု တော့ လိုက်ပုံက အလွဲဖြစ်နေတယ်...။ (မှန်ပါ)။

ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏ဆိုတော့ ကျုပ်က အလကားပေးလိုက်တာနဲ့ ခင်ဗျားတို့က အလကားရသလို ဖြစ်နေတယ်၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

## ပေးတဲ့ဆုအတိုင်း လုပ်ပါ့မယ်ဘုရား

ဒီက အလကားပေးတာလား၊ မင်းတို့ဟာမင်းတို့ လုပ်ယူကြလို့ ပြောတာလား...။ (လုပ်ယူကြလို့ ပြောတာပါ ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့က လိုက်ရင် ဆုပေးအဆုံးမှာ 'အရှင်ဘုရားပေးတဲ့ဆုအတိုင်း လုပ်ပါ့မယ်ဘုရား'လို့ လိုက် ရမှာ...။ (မှန်ပါ)၊ ဒီလိုလိုက်တဲ့ ဒကာ ဒကာမ တစ်ယောက် မှ မပါဘူး၊ ပါရဲ့လား...။ (မပါ,ပါဘုရား)။

www.dhammadownload.com



အဲဒါ ခင်ဗျားတို့ ရှေးထုံးဖြစ်နေတာ၊ သဘောကျပလား…။ (ကျပါပြီ)၊ သေသေချာချာ သခင်ဝတင် အဓိပ္ပါယ်တွေးမှ ဘုန်းကြီးပေးတဲ့ဆုဟာ ရှင်းတယ်နော်…။ (မှန်ပါ)။

ကြည့်လေ၊ ခင်ဗျားတို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်းဆိုတော့ ဖြစ်ပျက်မရှိတာကိုဆိုတာ…(မှန်ပါဘုရား)၊ သဘောကျပလား…။ (ကျပါပြီ)၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ၊ ငြိမ်းရာ၊ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း ဆိုတာလဲ ဒီနိဗ္ဗာန်ကို မြင်နေရတဲ့ မဂ်သည် ဒါ လာသေးရဲ့လား…။ (မလာပါဘုရား)၊ ကိလေသာတွေ မချုပ်သေးဘူးလား…။ (ချုပ်ပါပြီ)။

အဲဒီ ချုပ်လတ္တံ့ဖြစ်သော နိဗ္ဗာန်ကို မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတော့ ဒီဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်နေတဲ့ ဉာဏ်သည် သူများ ဉာဏ်လား၊ ဘုန်းကြီး ဉာဏ်လား၊ ခင်ဗျားတို့ ဉာဏ်လား…။ (တပည့်တော်တို့ဉာဏ်ပါဘုရား)။

မှတ်ထား၊ မှတ်ထား၊ နောက်ကျတော့ ပေးတဲ့ဆုအတိုင်း ပြည့်ရပါလို၏လို့ လိုက်မနေနဲ့ဦး။

**အလုပ်စဉ်အတိုင်း တပည့်တော်တို့ လုပ်ပါမယ်ဘုရား** လို့ လိုက်ရမယ်…။ (မှန်ပါ)၊ သဘောပါပလား…။ (ပါ၊ပါတယ်)၊ ပေးတဲ့အလုပ်စဉ်အတိုင်း…(တပည့်တော်တို့ လုပ်ပါ

www.dhammadownload.com



မယ် ဘုရား)၊ လုပ်ပါမယ်ဘုရားလို့ လိုက်ရမှာ၊ ခင်ဗျား တို့က ဘယ်လိုခံယူကြသတုံး…။ (ပေးတဲ့ဆုအတိုင်း ပြည့်ရ ပါလို၏)။

ပြည့်စုံရပါလို၏ဘုရားဆိုတော့ ဘုန်းကြီးက မင်္ဂလာ လိုက်သလိုလို မကျဘူးလား…။ (ကျပါတယ်ဘုရား)။

ဘုန်းကြီးက မဂ်ဖိုလ်ပေးနိုင်ရဲ့လား…။ (မပေးနိုင် ပါဘုရား)၊ ကိုယ့်ဟာကိုယ် လုပ်ယူရမှာ မဟုတ်လား…။ (မှန်ပါ့၊ လုပ်ယူရပါမယ်ဘုရား)၊ ရှင်းကြပလား…။ (ရှင်း ပါပြီ)။

ကိုင်း…ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ဆိုတာ သင်္ခါရတရား၊ သဘောကျပလား…။ (မှန်ပါ့၊ ကျပါပြီ)၊ ဖြစ်ပျက်ဆိုတာ…(သင်္ခါရတရားပါဘုရား)၊ သင်္ခါရတရားမို့ ပျက်တာပေါ့ဗျာ…။ (မှန်ပါ့ဘုရား)။

ဖြစ်တာ သင်္ခါရ၊ ပျက်တာ အနိစ္စ၊ သင်္ခါရတရားဟာ ဘာဖြစ်သတုံး…။ (အနိစ္စပါဘုရား)၊ အနိစ္စရောက်တယ် ဆိုတော့ ဩော်…ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုတော့ သင်္ခါရ ကို မြင်အောင် ကြည့်ပါ၊ သဘောကျပလား…။ (ကျပါပြီ)။

ဘာမြင်အောင် ကြည့်ရမလဲ…(သင်္ခါရကို မြင်အောင် ကြည့်ရမှာပါ)၊ သင်္ခါရမြင်အောင် ကြည့်လိုက်တော့ကို ဘာ မဂ်ဖြစ်သွားသတုံး…။ (ဝိပဿနာမဂ်ဖြစ်သွားပါတယ်)

www.dhammadownload.com



ဘာပြုလို့တုံး၊ သင်္ခါရမြင်တာကိုး မောင်ကိုရ၊ ဝိပဿနာမဂ်ပေါ့...။ (မှန်ပါ့)။

ကိုင်း...သင်္ခါရတွေက ဆုံးသွားပြီဆိုတော့ ဒီနေရာမှာ အသင်္ခတ မလာဘူးလား...။ (လာပါတယ်ဘုရား)၊ အဲဒီ အသင်္ခတကို မြင်တာကတော့ကို...(လောကုတ္တရာမဂ်ပါ ဘုရား)၊ သင်္ခါရကို မြင်တာက...(ဝိပဿနာမဂ်ပါဘုရား)၊ လောကီမဂ်ဆိုလိုက်ပါတော့...။ (မှန်ပါ့)၊ တွဲလိုက်ကြစို့၊ လောကီနဲ့ လောကုတ်ပဲနော်...။ (မှန်ပါ့)၊ သင်္ခါရကို မြင်တာက...(လောကီမဂ်ပါဘုရား)၊ သင်္ခါရမရှိတာမြင်တာ က...(လောကုတ္တရာမဂ်ပါဘုရား)၊ ဒါဖြင့် သင်္ခတက အသင်္ခတ ကူးတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

၂-နံပါတ်ထဲမှာ ပထမဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်ဟာ သင်္ခတချည်းမြင်နေတာပဲ...။ (မှန်ပါ့)၊ နောက်ရှုဖန်များတော့ သင်္ခတတွေ ကွယ်သွားတယ်၊ မကွယ်ဘူးလား...။ (ကွယ် ပါတယ်ဘုရား)၊ ဒီနေရာ ဘာလာပါလိမ့်...။ (အသင်္ခတ လာပါတယ်ဘုရား)။

ဒါဖြင့် အသင်္ခတလာလို့ရှိရင် အသင်္ခတမဂ်ဉာဏ်၊ ခုနက သင်္ခတမဂ်ဉာဏ်, အသင်္ခတမဂ်ဉာဏ်, မကွာဘူး လား...။ (ကွာပါတယ်)၊ သင်္ခတမဂ်ဉာဏ်သည် ဝိပဿနာ၊ အသင်္ခတမဂ်ဉာဏ်သည် လောကုတ္တရာ...(မှန်ပါ့)၊ မကွာ

www.dhammadownload.com



ဘူးလား…။ (ကွာပါတယ်ဘုရား)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့…တဲ့၊ ဒကာ ဒကာမတို့ ဒီနေရာမှာ ဘာပေါ်ပေါ်…ဖြစ်ပျက်၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ သံပေါက်ရေး၊ ခင်ဗျားတို့ အားလုံးရေးကြ၊ မရတဲ့ပုဂ္ဂိုလ်လဲ ရအောင်ယူသွားပေါ့ဗျာ…။ (မှန်ပါ)။

**(၁) 'ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်'**

(ဖြစ်ပျက်သမျှ၊ 'သင်္ခါရ၊ ဒုက္ခသစ္စာမှတ်)။

ဒါကလေးက ဖြစ်ပျက်ပဲ မဟုတ်လား…။ (မှန်ပါ)၊ ဘာသစ္စာတုံး…။ (ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်…။ (ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်)။

ဖြစ်ပျက်သမျှ…သင်္ခါရ…(ဒုက္ခသစ္စာမှတ်)၊ ဒုက္ခသစ္စာမှတ်၊ သုံးခေါက်ဆိုကြစမ်း၊ သုံးခေါက်…သုံးခေါက်။

(၁) ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

(၂) ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

(၃) ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

အဲဒီတော့ ခင်ဗျားတို့ ဒုက္ခသစ္စာမြင်တယ်ဆိုတာ ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာ၊ ငါတို့ မြင်ပြီသာ အောက်မေ့…။ (မှန်ပါ)၊ ဖြစ်ပျက်မြင်ရင်…(ဒုက္ခသစ္စာမြင်ပြီ)၊ ဒုက္ခသစ္စာပေါ့…၊ ဘုန်းကြီးတွေဆီ မေးရဦးမယ်၊ စာအုပ်တွေ

www.dhammadownload.com



လှန်ကြည့်ရဦးမယ်လို့ လုပ်မနေနဲ့…။ (မှန်ပါ)၊ ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာမြင်ပြီးလို့ မှတ်ပါ၊ ဦးမြကြီး ပေါ်ပလား…။ (ပေါ်ပါပြီဘုရား)၊ ဖြစ်ပျက်မြင်ရင်…(ဒုက္ခသစ္စာမြင်ပါတယ် ဘုရား)။

ကြည့်လေ၊ ဒီထဲမှာ ပေါ်တာတွေက သင်္ခါရတရားတွေ ဖြစ်ပျက်ပဲ မဟုတ်လား…။ (မှန်ပါ)၊ ဘာသစ္စာတုံး…။ (ဒုက္ခသစ္စာပါဘုရား)၊ သူများပြောတာလား၊ ခင်ဗျားတို့ ဖြစ်စဉ်ကိုက်လား…။ (ဖြစ်စဉ်ကိုက်ပါဘုရား)၊ ဒါကြောင့် ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်၊ ပေါ်ပလား…။ (ပေါ်ပါပြီ)၊ ဖြစ်ပျက်သမျှ သင်္ခါရ…(ဒုက္ခသစ္စာမှတ်)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ ရေးပြီးကြပလား…။ (ရေးပြီးပါပြီ ဘုရား)၊ ရေးပြီးပြီ၊ တစ်ခါပြန်ရွတ်လိုက်ကြစမ်းပါ…။ (ဖြစ်ပျက်သမျှ…သင်္ခါရ…ဒုက္ခသစ္စာမှတ်)…သုံးခါ။

ဪ…ဒါဖြင့် ဖြစ်တာ ပျက်တာမြင်ရင်ဖြင့် ငါတို့ သည် သစ္စာတော့ဖြင့် ရပြီ…။ (မှန်ပါ)၊ သစ္စာသိတဲ့ ပုဂ္ဂိုလ် ထဲ ပါသွားပြီ၊ မပါသေးဘူးလား…။ (ပါ,ပါပြီ)၊ ပါသွားပြီ ဆိုတာ သေချာကြပလား…။ (သေချာပါပြီဘုရား)။

ကောင်းပြီ…၊ ဒါဖြင့် ဒီဥစ္စာလေးချက်ရှိပါတယ်၊ လေးချက်စလုံး ဟောရမယ် ဒကာ ဒကာမတို့ ကြည့်နော်… နံပါတ် ၂–ထဲမှာ ရှိနေမယ်ဆိုတာ သေချာတယ်၊ နံပါတ် ၂–ဘယ်ကာလတဲ့တုံး…။ (စစ္စုပ္ပန်ကာလပါဘုရား)။

www.dhammadownload.com



ဒါဖြင့် ဖြစ်ပျက်တာ ဘယ်ကာလပါလိမ့်...။ (ယခု ပစ္စုပ္ပန်ကာလပါဘုရား)၊ ရှုတဲ့မဂ်ကကော...(ပစ္စုပ္ပန်ကာလ ပါ)၊ ပစ္စုပ္ပန်ကာလပဲ၊ ဒီထဲလာပြီး ဟောဒီပစ္စုပ္ပန်နဲ့ တည့်နေ တယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဖြစ် ပျက်ကလဲ ဘယ်ကာလ...(ပစ္စုပ္ပန်ကာလပါဘုရား)၊ ရှုတဲ့ မဂ်ကလဲ ဘယ်ကာလ...(ပစ္စုပ္ပန်ကာလ)၊ ပစ္စုပ္ပန်, ပစ္စုပ္ပန် ချင်း တည့်ပါတယ်တဲ့...။

ဒါက အလုပ်က ပြတာ၊ ဟိုတခြားမှာ ပြောနေကြတာ ကတော့ ဟော့...ပစ္စုပ္ပန်တည့်အောင် ရှုလို့သာပြောတယ်၊ ပုံစံနဲ့ မပါဘူး၊ ပါရဲ့လား...။ (မပါ,ပါဘုရား)။

ဒီကြည့်...ဒီစိတ်ကလေးတွေ ဖြစ်ပျက်က ဘယ်ကာလ ပါလိမ့်...။ (ပစ္စုပ္ပန်ကာလပါ)၊ ဟောဒီနေရာကနေ ရှုလို့ မဆိုဘူးလား...။ (ဆိုပါတယ်)၊ ရှုတော့ ဒီပစ္စုပ္ပန်ကာလမှာပဲ ရှုတာလဲ့ မဂ်က မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ ဒါဖြင့် ပစ္စုပ္ပန်ချင်း ပစ္စုပ္ပန်ချင်း မတည့်ဘူးလား...။ (တည့် ပါတယ်)၊ သဘောပါပလား...။ (ပါ,ပါပြီ)၊ စာဆိုပစ္စုပ္ပန် လား၊ အမြင်ပစ္စုပ္ပန်လား...။ (အမြင်ပစ္စုပ္ပန်ပါဘုရား)၊ အဲ... ခင်ဗျားတို့သန္တာန် ခင်ဗျားတို့မြင်ရင်လဲ အမြင်ပစ္စုပ္ပန်၊ ပေါ် ကြပလား...။ (ပေါ်ပါပြီဘုရား)။

တော်တော်ရှင်းသွားပြီ...။ (မှန်ပါ့)၊ ဒကာ ဒကာမတွေ တော်တော်မရှင်းသေးဘူးလား...။ (ရှင်းပါတယ်ဘုရား)၊

www.dhammadownload.com



တော်တော်ရှင်းသွားပြီတဲ့၊ သြော်...ဒါဖြင့် ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်လို့ဆိုတော့ ဒီဖြစ်ပျက်ဟူသရွေ့ကို ကိုယ့်ဉာဏ်က ဒုက္ခသစ္စာချည်း ရှုနေပါပြောတာ...။ (မှန်ပါ)၊ ဒုက္ခသစ္စာလို့ မှတ်ရှုနေပါတဲ့...၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ အနိစ္စလို့ မရှုနဲ့တဲ့...၊ ဒုက္ခလို့ကော...(မရှုနဲ့)၊ အနတ္တလို့ကော...(မရှုရပါ)၊ အသုဘလို့ကော...(မရှုရပါ)၊ ဒုက္ခသစ္စာ ပေါ်တိုင်း,ပေါ်တိုင်း ဒုက္ခသစ္စာလို့ ဒီက မှတ်ရှုနေပါတဲ့၊ သဘောပါပလား...။ (ဟုတ်,ပါပြီဘုရား)။

## မဂ္ဂါနုပဿနာဖြစ်သွားတယ်

ဒါ မဂ္ဂါနုပဿနာ ဖြစ်သွားပါတယ်၊ စိတ္တာနုပဿနာ ရှုရင်းမဂ္ဂါနုပဿနာဖြစ်ပါတယ်၊ပေါ်ပလား...။(ပေါ်ပါပြီဘုရား)၊ စိတ္တာနုပဿနာရှုရင်း...(မဂ္ဂါနုပဿနာ ဖြစ်ပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး၊ဒုက္ခသစ္စာဖြစ်သွားတာကိုးဗျ...။(မှန်ပါ)၊ ဒုက္ခသစ္စာကိုမြင်တဲ့ဉာဏ်ဆိုတာ ပေါ်ပလား...။(ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဝေးသလားဗျာ...။ (နီးပါတယ်ဘုရား)၊ ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်၊ အဲဆုံးမြင်တာက...(မဂ်ဉာဏ်)၊ မဂ်ဉာဏ်၊ ဖြစ်ပျက်ဆုံးတာက...(နိဗ္ဗာန်)၊ ရှုဖန်များလို့ ဆုံးသွားတာ နိဗ္ဗာန်၊ မြင်တာက...(မဂ်ဉာဏ်)၊ မဂ်ဉာဏ်ဆိုတော့ ယခု ပစ္စုပ္ပန်ကာလ၊ နိဗ္ဗာန်ကလဲ ခင်ဗျားတို့ ရှုနေဆဲမှာပဲ ရပါတယ်...။ (မှန်ပါ)။

www.dhammadownload.com



နို့...ပစ္စုပ္ပန်ကာလထဲမှာ နိဗ္ဗာန်ရှိသလားလို့မေးတော့ ရှုတဲ့ပုဂ္ဂိုလ်တွေအတွက် ဟုတ်ပါတယ်၊ မရှုတဲ့ပုဂ္ဂိုလ် ဘယ်ကာလမှ နိဗ္ဗာန်မရှိဘူး...။ (မှန်ပါ့)။

## ရှုတဲ့ပုဂ္ဂိုလ်အတွက် ပစ္စုပ္ပန်နိဗ္ဗာန်

သဘောပါပလား...။ (ပါ,ပါပြီ)၊ မရှုတဲ့ပုဂ္ဂိုလ်မှာ... (ဘယ်ကာလမှ နိဗ္ဗာန်မရှိပါ)၊ ရှုတဲ့ပုဂ္ဂိုလ်တော့ ရှုဆဲ အခိုက်အတန့်မှာပဲ ဆုံးသွားရင် နိဗ္ဗာန်ပေါ်လာတာပဲ၊ ရှုတဲ့ပုဂ္ဂိုလ်အတွက်ဖြင့် ပစ္စုပ္ပန်နိဗ္ဗာန်လို့မှတ်...။ (မှန်ပါ့)၊ မရှုတဲ့ပုဂ္ဂိုလ်မှာ ကာလသုံးပါးလွတ်တယ်၊ နိဗ္ဗာန်မရှိဘူး သူတို့မှာ၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)၊ နေရာကျပြီနော်...။ (မှန်လှပါ)၊ ဒါ ဘယ်ပါဠိတော်ကို ပြရပါလိမ့်မတုံး၊ တခြားသော ပုဂ္ဂိုလ်တွေက ဟောနေတာ၊ နိဗ္ဗာန်ဟာကာလသုံးပါးမှ လွတ်တယ်လို့ ဟောနေကြတယ်ဆိုတော့ ဘုရားက"နိဗ္ဗာန်"မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော' လို့ ဟောတယ်၊ နိဗ္ဗာန်နဲ့မဂ် ကိုက်ပေစေကွ–အာရုံ အာရမ္မဏာကပါ၊ ပစ္စုပ္ပန်ချည်းပါတဲ့...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဒီ အာရုံပြုနိုင်တယ်ဆိုကတည်းက စဉ်းစားကြည့်ပါလားတဲ့၊ ယခု မြင်ရတာမဟုတ်လား...။ (မှန်ပါ့)၊ နောက်မှမြင်ရတာလား...။ (မဟုတ်ပါဘုရား)၊ အဲဒီတော့ ဒီနိဗ္ဗာန်

www.dhammadownload.com



သည် အခု မြင်ရတဲ့ နိဗ္ဗာန်ဖြစ်သောကြောင့် ပစ္စုပ္ပန်အကွက်ထဲ ဝင်လာတယ်၊ မဝင်လာဘူးလား…။ (ဝင်လာပါတယ်ဘုရား)၊ မဂ်ကကော ဘယ်အကွက်ထဲ ..။ (ပစ္စုပ္ပန်အကွက်ထဲ ဝင်လာပါတယ်ဘုရား)။

## မလုပ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရှိ

ဒါဖြင့် ပစ္စုပ္ပန်ချင်း၊ ပစ္စုပ္ပန်ချင်း နဂိုက ရှိနေတဲ့ အတွက် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ချင်းပဲ နိဗ္ဗာန်နဲ့ မဂ်နဲ့ သွားတွေ့တယ်၊ မတွေ့ဘူးလား…။ (တွေ့ပါတယ်ဘုရား)၊ တော်တော်အရေးကြီးတဲ့ စကား၊ အမြင်ကို မပြရင် ကာလသုံးပါး လွတ်တယ် ဟောနေမှာပဲ၊ မဟောရပေဘူးလား…။ (ဟောရပါတယ်)၊ ဟုတ်လဲ ဟုတ်ပါ့တယ်၊ မလုပ်တဲ့ပုဂ္ဂိုလ် ကာလသုံးပါးကို လွတ်နေတယ်၊ မလုပ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန် ဘယ်ကာလမှာ ရှိသတုံး…။ (ဘယ်ကာလမှာမှ မရှိပါဘုရား)၊ လုပ်တဲ့ပုဂ္ဂိုလ် ဘယ်ကာလမှာ ရှိသတုံး…။ (ပစ္စုပ္ပန်ကာလမှာ ရှိပါတယ်)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ဒါဖြင့် ကာလသာ ဆိုတာပါတဲ့၊ နိဗ္ဗာန်က ပစ္စုပ္ပန် ကာလရှိတယ်လို့ ခင်ဗျားတို့ တစ်ထစ်ချ မယူလိုက်ပါနဲ့၊ လုပ်တဲ့ပုဂ္ဂိုလ်မှာ ယခု တွေ့ရတယ် ပြောတာ၊ အားလုံးနဲ့ ခြုံပြောတော့ ပစ္စုပ္ပန်ကာလကလဲ နိဗ္ဗာန်မရှိပါဘူး…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီ)။

www.dhammadownload.com



လုပ်တဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက်မှာဖြင့် သူ့ရှေ့ ရောက်သတဲ့၊ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)၊ လုပ်တဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက်မှာ...(သူ့ရှေ့မှာ ရောက်ပါတယ်)၊ အဲဒါ ပစ္စုပ္ပန်ဆိုပါတယ်။

နိဗ္ဗာန် မျက်မှောက်ပြုတယ်ဆိုတာ ဦးမြ...ရှင်းပလား...။ (ရှင်းပါပြီ)၊ မလုပ်တဲ့ပုဂ္ဂိုလ် ကာလသုံးပါး လွတ်တယ်...။ (မှန်ပါ)၊ မလွတ်ဘူးလား...။ (လွတ်ပါတယ်)၊ ကိုင်း...ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်သမျှ သင်္ခါရဆိုတာ ရှင်းပလား...။ (ရှင်းပါပြီ)၊ သင်္ခါရမို့ ပျက်တာကိုးဗျ...။ (မှန်ပါ)၊ ဖြစ်ပျက်သမျှ သင်္ခါရ၊ ဘာလို့ မှတ်မလဲ...။ (ဒုက္ခသစ္စာမှတ်ရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သမျှ သင်္ခါရကို...(ဒုက္ခသစ္စာမှတ်ရမယ်)၊ သူ့အကွက်နဲ့သူနဲ့ကော ကိုက်ပါရဲ့လား...။ (ကိုက်ပါတယ်ဘုရား)။

**ဒီနေ့**

အေး...ဒကာ ဒကာမတို့ သေသေချာချာကြည့်ထားနော်၊ နိဗ္ဗာန်ရှုပ်နေမယ်၊ အခုရှုပ်စရာရှိသေးရဲ့လား...။ (မရှိပါ)၊ ဦးမြ ရှုပ်သေးလား...။(မရှုပ်ပါဘုရား)၊ ဖြစ်ပျက်သမျှ ဘာတဲ့...။(သင်္ခါရပါ)၊ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါ)၊ ရေးပြီးကြပလား...။(ရေးပြီးပါပြီဘုရား)၊ ဘုံးခုရေးရလိမ့်ဦးမယ်တဲ့။

www.dhammadownload.com



ဒီနေ့တော့ နိဂုံးချုပ်မို့ အကုန်ပေးရမည့်နေ့ဖြစ်နေလို့ ဒီအထဲ မိုက်…(မိုက်ကရိုဖုန်း)တွေက မကူးဘဲ ဖြစ်နေလို့ နာရီက ကုန်သွားတယ်။

### (၂) ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယ မှတ်။

ဒီဖြစ်ပျက်နေတာကို ဒါ ယောကျ်ားပဲ၊ မိန်းမပဲ၊ ငါပဲ၊ သူပဲ ထင်နေရင် ဒါ…သမုဒယသစ္စာပေါ်တာပဲ၊ ဖြစ်ပျက်ကို ငါကောင် သူကောင်ထင်ရင် ဘာသစ္စာ ပေါ်သတုံး…။ (သမုဒယသစ္စာ ပေါ်ပါတယ်ဘုရား)။

ဪ…ဒါကြောင့် ဒီဘက် ဒီဖြစ်ပျက်တွေကို မဖြစ်ဘဲနဲ့ ဒါ ယောကျ်ားပဲ၊ မိန်းမပဲဆိုရင် ဟောဒီ သမုဒယသစ္စာ လာဖြစ်တယ်၊ ဒါကြောင့် ဒါနဲ့ ဒါကူးတယ်၊ သဘောပါပလား…။ (ပါ,ပါတယ်ဘုရား)။

ဒီ ဖြစ်ပျက်တွေ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ထင်ရင် ဒီသစ္စာ ဖြစ်မယ်ကွ၊ မဖြစ်ဘူးလား…။ (ဖြစ်ပါတယ် ဘုရား)၊ ဒီဖြစ်ပျက်တွေကို ဖြစ်ပျက်မသိဘဲနဲ့ ငါကောင်၊ သူကောင်ထင်ရင် ဘာသစ္စာဖြစ်မလဲ…။ (သမုဒယသစ္စာ ဖြစ်ပါတယ်ဘုရား)၊ ကြည့်…ဝေဒနာပစ္စယာ တဏှာ …လာဘူးလာ…။ (လာပါတယ်ဘုရား)။

www.dhammadownload.com



ဖဿပစ္စယာ...(တဏှာပါဘုရား)။

ဝိညာဏပစ္စယာ...(တဏှာပါဘုရား)။

နာမရူပပစ္စယာ...(တဏှာပါဘုရား)။

သုံကောင်, ငါကောင် ဒိဋ္ဌိက ငါကောင်ထင်နေတာ... (မှန်ပါ)၊ သဘောကျပလား....။ (ကျပါပြီ)၊ ဒိဋ္ဌိ တဏှာက ငါကောင်, ငါဟာ ထင်နေတော့ သူက ဒကာ ဒကာမတို့ သမုဒယသစ္စာဖြစ်အောင် ကျေးဇူးပြုပါတယ်...။ (မှန်ပါ)၊ ကဲ...ဒါဖြင့် လိုက်ဆိုကြဦးတဲ့။

'ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယ မှတ်'...။ (ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယ မှတ်)၊ သုံးခေါက်ဆို ရေးကြပါ၊ ရေးကြပါ၊ ရေးကြ၊ ဒီဖြစ် ပျက်ကို မမြင်ဘဲနဲ့ ဒီတရားတွေ ငါထင်နေရင် ဟောဒီ သမုဒယသစ္စာ ကူးပါတယ်၊ ၂-က ၃-ကူးတယ်လို့ မှတ်လိုက် စမ်းပါ...။ (မှန်ပါ)။

ဖြစ်ပျက်တွေ ငါကောင်ထင်နေရင် ဘာတဲ့...(၂-က ၃-ကူးပါတယ်ဘုရား)၊ ၂-က ၃-ကူးတော့ သမုဒယသစ္စာ မဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ ဒါဟာ ပဋိစ္စသမုပ္ပါဒ် ထဲဝင်တဲ့ တရားချည်းပဲဆိုတာ သေသေချာချာမှတ်ပါ...။ (မှန်ပါ)၊ မဝင်လာဘူးလား...။ (ဝင်လာပါတယ်)။

အေး...ဒါက ဖြစ်ပျက်ကို ခင်ဗျားတို့က ငါ၊ သူ တစ်ပါးယောကျ်ား၊ မိန်းမထင်ရင် ဘယ်သစ္စာဖြစ်တုံး...။

www.dhammadownload.com



(သမုဒယသစ္စာဖြစ်ပါတယ်ဘုရား)၊ ဖြစ်မှ ဖြစ်ရဲ့လားဆို တော့ ဒီကြည့်၊ ဒီမှာ သမုဒယသစ္စာလာတယ်။

ဝေဒနာပစ္စယာ...(တဏှာပါ)။

ဖဿပစ္စယာ...(တဏှာ)။

ဝိညာဏပစ္စယာ...(တဏှာ)။

နာမရူပ ပစ္စယာ...(တဏှာ)။

ဟော...သမုဒယသစ္စာဘက်ချည်းကူးတယ်၊ ဒါတွေ ယောကျ်ား၊ မိန်းမ, ငါကောင်, သူကောင် ထင်လိုက်တဲ့ အတွက် သမုဒယသစ္စာဘက် ကူးသွားတယ်၊ မကူးဘူး လား...။ (ကူးပါတယ်ဘုရား)၊ ရှင်းပလား...။ (ရှင်းပါတယ် ဘုရား)။

ကဲ...ဆိုကြစမ်းပါဦး၊ ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်...(ဖြစ်ပျက်မှုပင်(လ)သမုဒယမှတ်)၊ သုံးခါဆို၊ ကဲ...ပဋိစ္စသမုပ္ပါဒ်အဝိုင်းနဲ့ကော ကိုက်ရဲ့လား...။ (ကိုက်ပါတယ်ဘုရား)။

ဒီဟာတွေ ဖြစ်ပျက်မထင်ဘဲနဲ့ ဒါတွေ သူပဲ...ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲထင်ရင် ဘာသစ္စာဖြစ်သတဲ့တုံး...။ (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား)။

ကိုင်း...မဆိုးဝါးဘူးလား...။ (ဆိုးဝါးပါတယ်)၊ သမု ဒယသစ္စာဖြစ်တော့ ဒီ ဒုက္ခသစ္စာနေပါဦးမလား...။ (မနေပါ

www.dhammadownload.com



ဘုရား)၊ ဒီဘက်က သမုဒယ ပြန်မပွားပေဘူးလား…။ (ပွားပါတယ်)။

ဒါဖြင့် ဒီဘက်က ဒုက္ခပြန်မရပေဘူးလား…။ (ရပါတယ်ဘုရား)၊ပြန်ရတာ ငါကောင်ထင်ပြန်တော့ သမုဒယက…(ပြန်ရတယ်)၊ ပြန်ဖြစ်မယ်၊ သမုဒယဖြင်ရင် ဒီ ဒုက္ခက…(ဖြစ်ပါတယ်ဘုရား)။

ဒီ ဒုက္ခဖြစ်လို့ရှိရင် ဒုက္ခထဲက သမုဒယ ပြန်ပွားမလား…မပွားဘူးလား…။ (ပွားပါတယ်)၊ ပွားရင် ဘာသစ္စာရဦးမလဲ…။ (ဒုက္ခသစ္စာရပါဦးမယ်)၊ အဲဒီ ဒုက္ခသစ္စာ ငါကောင်ထင်ပြန်တော့ ဘာလုပ်ဦးမတုံး…။ (သမုဒယသစ္စာရပါတယ်ဘုရား)။

အို…မီးခိုးမဆုံး, မိုးမဆုံးပါကလား ခင်ဗျားတို့ဟာ… (မှန်ပါ)၊ ပေါ်ပလား…။ (ပေါ်ပါပြီဘုရား)၊ ပေါ်ပြီ…ပေါ်ပြီ၊ ဒါဖြင့် သမုဒယသစ္စာလဲ ခုနကတုန်းက ဒုက္ခသစ္စာဟောခဲ့တဲ့ ပါဠိ၊ အခုဟာက ဒကာ ဒကာမတို့ သမုဒယသစ္စာ ဟောတဲ့ သံပေါက်…(မှန်ပါ)၊ ရှင်းပြီနော်…။ (ရှင်းပါပြီ)၊ ဟောဒီက ဒီထဲမှာ နာမ်ဆုံးရင် ရုပ်မဆုံးဘူးလား ဒကာ ဒကာမတို့…(ဆုံးပါပြီဘုရား)။

**နာမ်နဲ့ရုပ်ဟာ ကျူစည်းဥပမာ**

နာမ်နဲ့ရုပ်ဟာ ကျူစည်းဥပမာလို့ ပြောပြီးပါပြီ…။ (မှန်ပါ)၊ ကျူစည်းစုထောင်တော့ ဒကာ ဒကာမတို့ တစ်ခု

www.dhammadownload.com



ဆွဲလိုက်ရင် တစ်ခုက မလဲပေဘူးလား...။ (လဲပါတယ်)၊ ဝါးကလေးနှစ်ခု အဖျားချင်းတော့ထောင်ရင် တစ်ခုဆွဲရင်... (တစ်ခုလဲပါတယ်ဘုရား)၊ အဲဒါကြောင့် ရုပ်တွေ, နာမ်တွေ ဟာ ရုပ်ကို အပျက်ရှုလို့ရှိရင်လဲ နာမ်ပျက်ပါတယ်...။ (မှန်ပါ့ဘုရား)၊ နာမ်ပျက်ကို ရှုရင်လဲ ရုပ်ပျက်တာပဲ...။ (မှန်ပါ့)။

ဒါကြောင့် ဘုရားက သတိပဋ္ဌာန်ကို တစ်ခုစီခွဲဟော ခဲ့တယ်...။ (မှန်ပါ့ဘုရား)၊ တစ်ခါတလေ နာမ်ချည်းဟော လိုက်တယ်၊ ပါသွားတာပါပဲကွာ...၊ တစ်ခါတလေ ဝေဒနာ ချည်း ဟောလိုက်တယ်ဆိုတော့ နာမ်ချည်း မဟောဘူး လား...။ (ဟောပါတယ်)။

ဝေဒနာနုပဿနာလဲ နိဗ္ဗာန်ရောက်တာပါပဲဆိုတော့ ရောက်မှာပဲ ဒကာ ဒကာမတို့၊ နာမ်လဲရင် ရုပ်လဲလို့...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ နာမ်ပျက်ရင်...(ရုပ်လဲ ပျက်ပါတယ်)။

တစ်ခါတလေကျတော့ ဘုရားက ငါ စိတ္တာနုပဿနာ နဲ့ ဟောပါမယ်ကွာဆိုပြီး ဟောလိုက်တော့ နာမ်သက်သက် ဟောကြားသော်လဲ စိတ်ပျက်တော့ ဘယ့်နှယ်နေမလဲ...။ (ရုပ်လဲ ပျက်ပါတယ်ဘုရား)၊ စိတ်လဲတော့ ရုပ်မလဲဘူး လား...။ (လဲပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါကြောင့် နောက်ဆုံးပိတ်တစ်နေ့ကျတော့ ဖြစ်ပျက်သွားဆုံးတဲ့အတွက် ဓမ္မာနုပဿနာ သွားဝင်တယ်...။ (မှန်ပါ့)၊ သစ္စာသွားဝင်တယ်၊ ဝေဒနာနုပဿနာလဲ ဘယ်သွားဝင်တုံး...။ (သစ္စာသွားဝင်ပါတယ်ဘုရား)။

**သစ္စာဆိုတာ ဓမ္မာနုပဿနာ**

သစ္စာဆိုတော့ ဓမ္မာနုပဿနာပေါ့ဗျာ...။ (မှန်ပါ့ဘုရား)၊ စိတ္တာနုပဿနာ ဘယ်သွားဝင်သတုံး...။ (ဓမ္မာနုပဿနာ သွားဝင်ပါတယ်)၊ ကာယာနုပဿနာထဲက ရှူမှု၊ ရှိုက်မှုတွေကရော...(ဓမ္မာနုပဿနာဝင်ပါတယ်)၊ ဖြစ်ပျက်သွားဆုံးရှုံးမှ၊ ရှူရှိုက်နေလို့လဲ နိဗ္ဗာန် မရောက်သေးဘူး၊ ဖြစ်ပျက်ဆုံးမှ...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

ဒါဖြင့် သတိပဋ္ဌာန်းလေးပါ ဘယ်ထဲဝင်သွားကြပါလိမ့်...(ဓမ္မာနုပဿနာထဲ သွားဝင်ကြပါတယ်)၊ သတိပဋ္ဌာန်သုံးပါးသည် ဓမ္မာနုပဿနာထဲ သွားဝင်ပါတယ်၊ ဓမ္မာနုပဿနာဆိုတာ ဘာပါလိမ့်၊ ဖြစ်ပျက် ဒုက္ခသစ္စာကို ဆိုသည်။

ဒီလိုဆိုတော့ မလုံးမိသေးဘူးလား...။ (လုံးမိပါတယ်)၊ ကဲ...ဒါဖြင့် ဒကာ ဒကာမတွေ ရှေ့တစ်ခု ဆက်ကြစို့နော်...။

www.dhammadownload.com



## (၃) 'ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံး နိဗ္ဗာန်မှတ်'

ရုပ်နာမ်အားလုံး၊ လိုက်ဆိုကြစမ်း...(ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်) သုံးခေါက်ဆို... အေး... နားထောင်,နားထောင်၊ ဘုန်းကြီးတစ်ခေါက်တည်း ရွတ်မယ်၊ ဟောဒီဥစ္စာ ရုပ်တွေ၊ နာမ်တွေ၊ ဒီတစ်ကွက်လုံးဟာ နာမ်ရုပ်ပဲရှိတယ်၊ တစ်ခုရှုလိုက်တော့ အကုန်ဆုံးသွားတဲ့ အရိပ်ပွါယ် မလာဘူးလား...။ (လာပါတယ်ဘုရား)။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ဖြစ်မှု ပျက်မှုကို မရှိရဘူး၊ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန် မှတ်၊ သဘောကျပလား၊ ရေးတာတွေ မှားမှာစိုးလို့...။ (သဘောကျပါပြီ)။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်၊ ရကြပလား...။ (ရပါပြီ)၊ ရွတာနဲ့ ကိုက်ပြလိုက်ဦးမယ်...၊ တော်တော်ကြာတော့ ဒီဖြစ်ပျက်ကလေးကို ဝိပဿနာမဂ်က မမြင်ဘူးလား...။ (မြင်ပါတယ်ဘုရား)။

ဒီဖြစ်ပျက်ကလေးတွေက ကိုယ့်အသေကိုယ်မြင်ရလာတော့ မမုန်းဘူးလား...။ (မုန်းပါတယ်)၊ မုန်းလာတော့ ကြာတော့ လိုချင်သေးရဲ့လား...။ (မလိုချင်တော့ပါဘုရား)၊ မလိုချင်တော့ ဒီဖြစ်ပျက်တွေဟာ မဆုံးဘူးလား...။ (ဆုံးပါ တယ် ဘုရား)။

www.dhammadownload.com



ဒါဖြင့်...စိတ်ကို ရှုပြားသော်လဲ စိတ်သာဆုံးသလား၊ သူနဲ့တွဲဖက် ရုပ်တွေပါ ဆုံးသလား...။ (ရုပ်ဆုံးပါတယ် ဘုရား)၊ စေတသိက်တွေပါကော...(ဆုံးပါတယ်ဘုရား)။

ဒါဖြင့် ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ဖြစ်ပျက်ကို မရှိရဘူး...။ (မှန်ပါ့)၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်တဲ့၊ ဒီအကွက်ဟာ နိဗ္ဗာန်လို့ ဖြစ်နိုင်ပါတယ်၊ သဉပါဒိသေသ နိဗ္ဗာန်ပဲ...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ တော်တော်အရေး မကြီးဘူးလား...ဒါ...(ကြီးပါတယ်)။

## ဝိပဿနာရှုတာ ဒုက္ခသစ္စာဖယ်နေတာ

ဒကာ ဒကာမတို့ ဘာသစ္စာဆိုမယ်၊ သုဉ်းသွားရင် ဘာသစ္စာတုံး...။ (မဂ္ဂသစ္စာပါ)၊ ဟော...ဒုက္ခသစ္စာက နိရောဓသစ္စာ ဖုံးနေလို့၊ ဝိပဿနာရှုရတာ ဒုက္ခသစ္စာဖယ် နေတာ...။ (မှန်ပါ့)၊ သေသေချာချာမှတ်စမ်း၊ ဒီစကားဟာ... (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဖြစ်ပျက်, ဖြစ်ပျက်ရှုစမ်းပါဆိုတာ ဖြစ်ပျက်တွေက ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာက နိရောဓသစ္စာ လာကွယ်နေတယ်၊ မကွယ်ဘူး လား...။ (ကွယ်ပါတယ်ဘုရား)။

နောက်တော့ ဒုက္ခသစ္စာလဲ ဆုံးသွားရော၊ ဒုက္ခအောက် က နိရောဓသစ္စာ မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊

www.dhammadownload.com



ဒါဖြင့် ဝိပဿနာရှုရတာ ဘယ်အကျိုးငှာတုံးဆိုတော့ ဒုက္ခဖယ်တာ၊ သဘောပါကြပလား…။ (ပါ,ပါပြီ)၊ ဒုက္ခတွေ ဖုံးနေတဲ့ နိရောဓ၊ ဒုက္ခဖုံးနေလို့ ဖယ်တာပါ…။ (မှန်ပါ့)။

နောက်ကျတော့ ဖြစ်ပျက်တွေ ကျုပ်တို့က မလိုချင်လို့ ဆုံးသွားတော့ နိရောဓအောက်က ပေါ်လာတယ်…။ (မှန်ပါ့ဘုရား)၊ သဘောကျပလား…။ (မှန်ပါ့)။

ဒါဖြင့် ဝိပဿနာအားထုတ်ရတာ ဘာဖယ်တာပါလိမ့်…။ (ဒုက္ခဖယ်တာပါဘုရား)၊ ဖယ်လို့ကုန်တဲ့အခါကျတော့ ဘာတွေ့သတုံး…။ (နိရောဓ တွေ့ပါတယ်)၊ သဘောပါပလား…။ (ပါ,ပါတယ်)။

ဒါဖြင့် ဝိပဿနာဉာဏ်နောက်က မဂ်ဉာဏ်ရှိတယ်ဆိုတာကကော ခင်ဗျားတို့ သံသယရှိဖို့ လိုသေးသလား…။ (မလိုပါဘုရား) ကိုင်း…နေရာကျပြီ ဒကာ ဒကာမတို့၊ သံပေါက်တစ်ခုပဲ ကျန်တော့တယ်နော်…။

အလုပ်စခန်းလို့ သေသေချာချာမှတ်ပါ…၊ ဒီသံပေါက်ဟာ…(မှန်ပါ့)၊ ဒီသံပေါက်ဟာ ဘာပါလိမ့်…။ (အလုပ်စခန်းပါဘုရား)။

အလုပ်စခန်းဆိုတာ သဘောကျပလား…။ (မှန်ပါ့)၊ ဟောဒီ ချုပ်ဆုံးမှု၊ ဒီနေရာက မလိုချင်လို့ ချုပ်ဆုံးသွားတဲ့ အခါကော မရှိပေဘူးလား…။ (ရှိပါတယ်)၊ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်။

www.dhammadownload.com



ချုပ်ဆုံးမှုကို ဟောဒီဉာဏ်က သက်ဝင်ရမယ်...။ (မှန်ပါ)၊ သိမြင်မဂ်ဟု မှတ်။

### (၄) 'ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင် သိမြင်မဂ်ဟု မှတ်'။

ဒကာ ဒကာမတို့ ချုပ်ဆုံးမှုတွင်...(ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်)၊ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင် မဂ်ဟု မှတ်၊ ဒါ မဂ်စစ်၊ လူများ မမေးနေနဲ့၊ ချုပ်ဆုံးမှုထဲ ကိုသာ ဒီဉာဏ်က ရောက်သွားလို့ အာရုံပြုနိုင်လို့ရှိရင် မဂ်ပဲ၊ ဒီဉာဏ်ဟာ မဂ်ဉာဏ်ပဲ၊ သဘောကျပလား...။ (ကျပါပြီ)။

ကဲ...လိုက်ဆိုကြ၊ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင် မဂ်ဟု မှတ်၊ ကဲ...ဆိုကြစမ်းပါ၊ သုံးခေါက်။

(၁) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟု မှတ်။

(၂) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟု မှတ်။

(၃) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟု မှတ်။

တယ် အဖိုးတန်ပါကလား ဒကာ ဒကာမတို့၊ ကိုယ့် မဂ်ဉာဏ် ရတယ်–မရတယ်၊ သူများ မေးရမှာလား၊ ချုပ် ဆုံးမှုထဲ ဉာဏ်ရောက်သွားရင် ပြီးတာပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)။

www.dhammadownload.com



## ဖြစ်ပျက်မတွေ့မှ မဂ်ဉာဏ်

ပထမတော့ ချုပ်ဆုံးမှုတွေချုပ်တာ၊ ပျက်တာကလေးတွေ တွေ့နေရဦးမယ်...။ (မှန်ပါ) နောက်ကျတော့ ရှုဖန်များတော့ တွေ့သေးရဲ့လား...။ (မတွေ့ပါဘုရား)။

မတွေ့မှ မဂ်ဉာဏ်...(မှန်ပါ)။

တွေ့နေသေးလို့ရှိရင် ဝိပဿနာမဂ်...(မှန်ပါ)။

ချုပ်ဆုံးတာတွေ တစ်ခါတည်း ဒကာ ဒကာမတို့ ချုပ်ဆုံးပြီးသွားတဲ့အခါ ဒုက္ခသစ္စာ မပေါ်လာတော့ဘူးဆိုရင် လောကုတ္တရာမဂ်၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပထမ ဒကာ ဒကာမတို့ 'ဖြစ်ပျက်သမျှ သခါရ ဒုက္ခသစ္စာမှတ်' ပေါ်ကြပလား...။ (ပေါ်ပါပြီ)။

'ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်' မကိုက်ဘူးလား...။ (ကိုက်ပါတယ်)၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နဲ့ ကိုက်ရဲ့လား...။ (ကိုက်ပါတယ်ဘုရား)။

'ရုပ်နာမ်အားလုံး။ ဖြစ်ပျက်သုဉ်။ ချုပ်ဆုံးနိဗ္ဗာန်မှတ်' ဆိုတော့ သူသည် နိဗ္ဗာန်မဖြစ်သေးဘူးလား...။ (ဖြစ်ပါတယ်)၊ ဒါဖြင့် နိဗ္ဗာန်လို့ ပြင်ရေးပေါ့ဗျာ...။ (မှန်ပါ)။

ဒါဖြင့် ခန္ဓာရှိတုန်း တွေ့ရတာလား၊ ခန္ဓာမရှိမှ တွေ့ရတာလား...။ (ခန္ဓာရှိတုန်းတွေ့ရတာပါဘုရား)၊ ဒါဖြင့် ပစ္စုပ္ပန်ပေါ့ဗျာ၊ လုပ်တဲ့ပုဂ္ဂိုလ် ပစ္စုပ္ပန်မှာ လာတွေ့တယ်...၊ မတွေ့ဘူးလား...။ (တွေ့ပါတယ်)၊ ဉာဏ်ကလဲ ဘယ်

www.dhammadownload.com



ကာလပါလိမ့်...။ (ပစ္စုပ္ပန်ကာလပါ)၊ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် 'ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်' ဆိုတော့ ဒကာ ဒကာမတို့ ချုပ်ဆုံးမှုထဲကို ဒီဉာဏ် ကလေးက မြင်,မြင်နေလို့ရှိရင်ဖြင့် ဒါ ဝိပဿနာမဂ် မဟုတ်တော့ဘူး၊ လောကုတ္တရာမဂ်အစစ် ဖြစ်နေပါပြီ ဆိုတာ သေသေချာချာမှတ်ပါ၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

အကျယ်ဟောမယ်ဆို အများကြီးပေါ့ဗျာ၊ ပါဠိတော်တွေလဲ ရှိတယ်၊ သို့သော် အချိန်က မရဘူး...၊ ယနေ့ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။